ငါးပါးသီလ၊ လူ့တရား၊ မမှားစေမှု၊ အလေးပြု

အခြေခံလူ့ကျင့်ဝတ်

# ငါးပါးသီလ

## သီလခေါ်ခြင်းအကြောင်း
## နှင့်
## ကဗျာ၊ လင်္ကာ၊ ဓာတ်တော်

သာသနာရေးဝန်ကြီးဦးမျိုးညွန့်
(အငြိမ်းစား)
စုဆောင်းပူဇော်ပါသည်။

## ကို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု
မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ
တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ကျောင်းသားကျောင်းသူအရေးသုံးပါး

လူမိုက်ကိုမပေါင်းသင်းရေး — ဒို့အရေး

ပညာရှိလူလိမ္မာကိုပေါင်းသင်းရေး — ဒို့အရေး

ပူဇော်ထိုက်သူကိုပူဇော်ရေး — ဒို့အရေး

## ရဟန်းရှင်လူတို့၏တာဝန်သုံးပါး

ဗုဒ္ဓဘာသာဝင်ဦးရေ နည်းမသွားအောင်၊
ဘာသာရေးအယူဝါဒ ပြယ်မသွားအောင်
ထိန်းသိမ်းရမည့်တာဝန် ဒို့တာဝန်

ဗုဒ္ဓမြတ်စွာ၏တရားတော်များ
ပျောက်ကွယ်မသွားအောင်
ထိန်းသိမ်းရမည့်တာဝန် ဒို့တာဝန်

ဘုရားရှင်၏အဆုံးအမတော်အတိုင်း
ကျင့်သုံးရမည့်တာဝန် ဒို့တာဝန်

## တွေ့နေရသောလူသုံးမျိုး

ဗုဒ္ဓဘာသာကို စနစ်တကျဖြစ်စေလိုသော လူတစ်ဖွဲ့
ဗုဒ္ဓဘာသာကို ဘာသိဘာသာ
ပစ်ထားလိုသော လူတစ်စု

ဗုဒ္ဓဘာသာကို ကွယ်စေလိုသည့်
ဆန္ဒရှိသော လူတစ်ချို့

ရှင်ဇနကာဘိဝံသ(မဟာဂန္ဓာရုံ)

## ဤစာဖတ်သူ ဘယ်လိုလူမျိုးလဲ။

ငါးပါးသီလ၊ လူ့တရား၊ မပျားစေမှု၊ အလေးပြု

အခြေခံလူ့ကျင့်ဝတ်

# ငါးပါးသီလ

သီလခေါ်ခြင်းအကြောင်း

နှင့်

ကဗျာ၊ လင်္ကာ၊ ဓာတ်တော်

သာသနာရေးဝန်ကြီးဦးမျိုးညွန့်
(အငြိမ်းစား)
စုဆောင်းပူဇော်ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၆၈၃၁
ရက်စွဲ ၄၊ ၁၁၊ ၈၈
ဗုဒ္ဓသာသနာစာကြည့်တိုက်

ပုံနှိပ်သူ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇော်နည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | စုစည်းပူဇော်သူ၏ အကြောင်းပြန်ဒါန်း | ၁ |
| ၂။ | ကျေးဇူးဆပ်ကြပါစို့ | ၂၅ |
| ၃။ | ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ဘာသာရေးလုပ်ငန်းတာဝန် | ၂၇ |
| ၄။ | ဩကာသကန်တော့ခန်းနှင့် သီလယူရှင်းတမ်း | ၂၉ |
| ၅။ | ရှိခိုးရန်နှုးဆော်ခြင်း | ၃၁ |
| ၆။ | ဘုရားရှိခိုးခြင်း | ၃၁ |
| ၇။ | သီလခေါ်ခြင်း၏ အကြောင်း | ၅၃ |
| ၈။ | သီလ၏ အကျိုးအာနိသင် | ၅၉ |
| ၉။ | သီလအပြား (သီလအမျိုးမျိုး) နှစ်ပါးတွဲသီလစု | ၆၂ |
| ၁၀။ | သီလညစ်ညူးကြောင်းနှင့် ဖြူစင်ကြောင်း | ၆၅ |

| | | |
|---|---|---|
| ၁၁။ | ဂရုဓမ္မဓာတ်တော် | ၆၉ |
| ၁၂။ | ငါးပါးသီလတရားနှင့်သီလမျိုးမည် | ၈၆ |
| ၁၃။ | ငါးပါးသီလအကျိုးအပြစ်များနှင့် လင်္ကာများ | ၉၀ |
| ၁၄။ | သီလ၏အခြေခံလက္ခဏာအကြောင်း | ၁၁၅ |
| ၁၅။ | ငါးပါးသီလအင်္ဂါနှင့် အကျိုးအပြစ်ပြ ကဗျာလင်္ကာ | ၁၂၁ |
| ၁၆။ | ငါးပါးသီလကဗျာ | ၁၄၂ |
| ၁၇။ | မဟာဓမ္မပါလဓာတ်တော် | ၁၄၄ |
| ၁၈။ | ဂရုဓမ္မအမိန့်တော်ပြန်တမ်း ရေးသားခြင်းမှတ်တမ်း | ၁၇၂ |
| ၁၉။ | ဂရုဓမ္မအမိန့်တော်ပြန်တမ်း | ၁၇၃ |
| ၂၀။ | ငါးပါးသီလကဗျာများ | ၁၇၇ |
| ၂၁။ | ဓမ္မကထာများ | ၁၈၁ |
| ၂၂။ | ငါးပါးသီလအကြောင်း သိမှတ်ဖွယ်ရာများ | ၁၈၃ |
| ၂၃။ | ငါးပါးသီလအမည်တူးများ | ၁၈၇ |
| ၂၄။ | ငါးပါးသီလအပြစ်ပြလင်္ကာများ | ၁၉၁ |
| ၂၅။ | သုဒဿနစကြာမင်းသြဝါဒ | ၁၉၆ |

၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စုဆောင်းပူဇော်သူ ၏ အကြောင်းပြန်နိဒါန်း

ဗုဒ္ဓမြတ်စွာလောင်းလျာ သုမေဓာရှင်ရသေ့ဘဝက လက်လှမ်းမှီလောက် အနီးသို့ရောက်နေသော နိဗ္ဗာန်ကို ယူတော်မမူသေးဘဲ သတ္တဝါတို့ကိုကယ်တင်ရန်အလို့ငှာ ဘုရားဖြစ်အောင် ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စွန့်ရသည့်တိုင်အောင် ကိုယ်တော်၏ဆင်းရဲဒုက္ခကို ခံတော်မူ၍ ဘုရားဖြစ်တော်မူပြီးသောအခါ ငါဘုရားသည် ခဲယဉ်းစွာကျင့်သုံးသဖြင့် သိအပ်ပြီးသော သစ္စာလေးပါးတရားကို ယခုအခါဟောပြခြင်းငှာ မသင့်လျော်ချေ။ ရာဂ၊ ဒေါသ၊ မောဟတို့လွှမ်းမိုး

နိုပ်စက်အပ်သောသတ္တဝါတို့သည် ဤသစ္စာလေးပါး တရားကို လွယ်ကူစွာသိနိုင်ကြမည် မဟုတ်ချေ (ဝိ၊ ၃၊ ၅) ဟု ဆင်ခြင်တော်မူကာ တရားမဟောရန်ပင် စိတ်တော်ညွတ်သည့်အတိုင်း အေးချမ်းစွာနေနိုင်ပါလျက် နေတော်မမူဘဲ စ လယ် ဆုံး ပြည့်ကြွယ်ကုံလုံ အနက် အဓိပ္ပါယ်ပြည့်စုံသောတရားတော်များကို ဟောတော်မူ၍ တရားတော်ဖြင့် သီလအကြောင်းအရာကို ပြတော်မူ၏။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးကိုကျင့်သုံးကျင့်ထိုက်သော ကြောင့် သိက္ခာသုံးပါး ဟုဟောကြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဝေနေယျ သတ္တဝါ အပေါင်းတို့ကို (၄၅) ဝါပတ်လုံး မဇ္ဈိမဒေသစာရီ ကြွချီ၍ တရားတော်များကို ဟောကြားချေချွတ်တော်မူခဲ့ ပြီး ဘုရားသတ်မှတ်သော ပရိသတ် ၄ ပါးတို့လက်ဝယ် ဗုဒ္ဓတရားတော်မြတ်ကို ယုံကြည်စွာထားရစ်ကာ မဟာ ပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူခဲ့ပါသည်။

ဤမြန်မာနိုင်ငံတော်တွင် ကံ ကံ၏အကျိုးပေး ကြောင့် ရခဲလှသည့်လူအဖြစ်ကိုရရှိကြ၍ ကြုံတွေ့ရခဲလှ သော သာသနာတော်နှင့်ကြုံတွေ့နေရပါလျက် ဗုဒ္ဓဘာသာ ဝင် အတော်များများသည် ကျော်စောသတင်းချီးမွမ်းခြင်း

ဂုဏ်ကိုလည်းကောင်း၊ စည်းစိမ်ချမ်းသာရခြင်းကိုလည်းကောင်း၊ တမလွန် နောင်ကာလ၌ ချမ်းသာပြည့်စုံ နတ်ပြည်ဘုံတို့၌ မွေ့လျော် စံစားရခြင်းကိုလည်းကောင်း ရလိုပါ၏ ဟု တောင့်တ၍ ဘုရားပုံတော် (ဘုရားစေတီ) များတွင်သာ ဆုတောင်းနေကြသည်။ တရားကိုမြင်မှ ဘုရားကိုမြင်မည် ဟု ဘုရားရှင်က ဝက္ကလိမထေရ်အား ဟောကြားထားသည်ကို သိသော်လည်း တရားကို မမြင်ကြဘဲ ပုံတော်ကိုသာ ကိုးကွယ်၍ အကျင့်မပါဘဲ ဘုရားတွင်ဆုတောင်းနေကြပါသည်။

မြတ်စွာဘုရားရှင်၏ ကရုဏာလှုံ့ဆော် မေတ္တာတော်ဖြင့် ထုတ်ဖော်ဟောကြား မြတ်တရားများတို့သည် ဆေးနည်းသဖွယ်လမ်းညွှန်ထားခြင်းဖြစ်ပါသည်။ ဆေးနည်းအတိုင်း ဆေးဖော်စပ်စားမှသာ ရောဂါပျောက်ကင်းနိုင်မည်ဖြစ်ပြီး ဆေးနည်းကို နှုတ်ငုံသာဆောင်ထားရုံမျှဖြင့်ရောဂါမပျောက်ကင်းနိုင်ပါ။ ဘုရားဂုဏ်တော်ကိုးပါး၌ တစ်ပါးဖြစ်သော ဝိဇ္ဇာစရဏ သမ္ပန္နော ဂုဏ်တော်လာရှိသည်နှင့်အညီ ပညာနှင့်အကျင့်မပါဘဲနှုတ်ကအလွတ်ကျက်မှတ်နေရုံမျှဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကိုရရှိခံစားနိုင်မည်မဟုတ်ပါ။

မြတ်စွာဘုရားသခင်က ဟောကြားထားသည်မှာ- သာသနာတော်၏အစသည်သီလ၊ အလယ်သည်သမာဓိ၊ အဆုံးသည်ပညာဖြစ်၏ ဟုလည်းကောင်း၊ ဥပသကာ အပေါင်းတို့.. သရဏဂုံသုံးပါး၊ သီလငါးပါးကို စောင့် ကြကုန်လော့၊ မိဘကို လုပ်ကျွေးမှုဝတ်အား ဖြည့်ကျင့်ကြ ကုန်လော့၊ တရားစောင့်သောရဟန်းတို့ကို လုပ်ကျွေးကြ ကုန်လော့ ဟုလည်းကောင်း၊ လောက၌ သီလသည်သာ အမြတ်ဆုံးဖြစ်၏ဟူ၍လည်းကောင်း ဇာတ်၊ အဋ္ဌကထာ စသည့်ကျမ်းစာများမှသိရှိရပြီး သာသနာဦးသျှောင်သံဃာ အစစ်တို့၏ဟောကာရေးများကို ကြားနာမှတ်သား ထားမိ ပါသည်။

ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီးနောက် အရှင်မဟာ ကဿပ အစရှိသော သံဃာတော်အဆက်ဆက်တို့က မူရင်းမပျက်သံဂါယနာတင်လျက် ထိန်းသိမ်းစောင့်ရှောက် ထားအပ်သောတရားစစ်တရားမှန်အယူဝါဒကို မြန်မာနိုင်ငံ ပုဂံပြည်တွင် ရှင်အရဟံမထေရ်မြတ်သည် အနော်ရထာ ဘုရင်မှစ၍ မင်းလေးဆက်တိုင် မြန်မာလူမျိုးတို့၏အကျိုး ငှာ ထေရဝါဒ သာသနာတော်အစစ်ကို အခြေကျအောင် မျိုးစေ့ချပေးမှုကြောင့် ဘုရားရှင်သတ်မှတ်ပေးထားတော်

မူသော ပုဂံသားပရိသတ်လေးပါးတို့သည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို စောင့်ထိန်းလိုက်နာခဲ့ကြသည့်အတွက် ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာများပါ တိုးတက်ကြပြီး သာသနာတော်ထွန်းလင်းခဲ့ပါသည်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် ရှင်အရဟံမထေရ်ထွန်းညှိပေးခဲ့သော ဓမ္မဝိနယမီးတိုင်ကို သံဃာတော်အဆက်ဆက်တို့သည် လက်ဆင့်ကမ်း သယ်ဆောင်၍ သာသနာပြုတာဝန်ထမ်းဆောင်ခဲ့မှုကြောင့် ဗုဒ္ဓဘာသာအယူဝါဒပြယ်မသွားခဲ့၊ တရားစစ်တရားအမှန်များ ပျောက်မသွားခဲ့ဘဲ ဘုရားရှင်၏အဆုံးအမတော်အတိုင်း လိုက်နာကျင့်သုံးနိုင်ခဲ့ကြပါသည်။ သို့ရာတွင်သူ့ကျွန် ဘဝ ရောက်ချိန်မှစ၍ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ပျောက်ကွယ်ခဲ့ရပြီး စာသင်ကျောင်းများ တွင်လည်း ဗုဒ္ဓဘာသာ သင်ခန်းစာများကိုသင်ကြားခြင်း မပြုရတော့သည့်အခြေအနေသို့ ရောက်ရှိသွားပြီးနောက် ဓမ္မဝိနယမီးတိုင် အလင်းရောင်မှေးမှိန်ခဲ့ရကာ အယူဝါဒ အမျိုးမျိုးပါ သွတ်သွင်းဝင်ရောက်လာပါတော့သည်။

မြန်မာနိုင်ငံသူ နိုင်ငံသားအချို့တို့မှာ သမ္မာဒိဋ္ဌိ အတော်အတန်ခိုင်မြဲစွာရှိနေသေးသည့်အတွက် ဝမ်းမြောက်

ဖွယ်ကောင်းသော်လည်း ပုဂ္ဂိုလ်အချို့တို့၏မှားယွင်းနေသောခံယူချက်မှာ သာသနာရေးကိစ္စတွင် သင်ကြားဖို့၊ ကျင့်သုံးဖို့သည် ရဟန်းသံဃာတော်များ၏ တာဝန်ဖြစ်သည်။ မိမိတို့ လူပုဂ္ဂိုလ်များအနေဖြင့် လှူဒါန်းဖို့သာ တာဝန်ရှိသည်ဟု ခံယူပြီး ရက်ရောစွာလှူဒါန်းနေကြသည်ကိုတွေ့မြင်နေရသည်။ ထိုသို့ ရက်ရောစွာလှူဒါန်းနေကြသည့်အတွက် ဝမ်းမြောက် ကြည်နူးရပါသော်လည်း အချို့အချို့သော ဒါယကာ ဒါယိကာမများမှာ သာသနာမျက်စိမရှိကြဘဲ မိရိုးဖလာလောက်သာပကာသနဖက်၍ လှူဒါန်းတတ်ကြပြီး အခြေခံကျသည့်လူ့ကျင့်ဝတ် ငါးပါးသီလကို မစောင့်ထိန်းနိုင်ကြကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။

မြတ်စွာဘုရား၏တရားတော်များသည် အခြားသူများကို ဒုက္ခဆင်းရဲရောက်စေမည့်အလုပ်ကိုရှောင်ရှားစေပြီး ဒုက္ခတွေ့နေသူကိုပင် မေတ္တာကရုဏာထား၍ ကူညီပေးရန် ဟောကြားသောတရားများ ဖြစ်ပါသည်။ ထိုတရားတော်များကိုသိအောင်သင်ယူကြကာ သိလာသောတရားနှင့်အညီ အဆင့်မြင့်တန်းသို့ လှမ်းတက်ခြင်းမပြုသေးဘဲ အခြေခံဖြစ်သော ဗုဒ္ဓအလိုကျ ကိုယ်ကျင့်သီလ

နိုင်မြဲအောင်လေ့ကျင့်ယူကြရန်လိုအပ်ကြောင်း ဆရာတော်အရှင်သူမြတ်တို့၏ ဟောကြားရှင်းလင်းမှုများကို မကြာခဏ နာကြားကြရပြီး စာအုပ်စာစောင်များတွင်လည်းဖတ်ရှုရပါသည်။

အခြေခံကျသော ကိုယ်ကျင့်သီလကိုကျင့်သုံးရေးနှင့်ပတ်သက်၍ သာသနာဦးသျှောင်ဆရာတော်ကြီးများ၏ ဩဝါဒစော်များကို ထုတ်နှုတ်ဖော်ပြရပါလျှင်–

လယ်တီဆရာတော်ဘုရားကြီးက– ဘုန်းကြီးတို့ဗုဒ္ဓဘာသာဝင် လူရှင်ပြုသူပြုသည်သားတို့မှာ သူဌေးကြီးအလား (ဘဘုရားအမွေပိုင်၏) အမွေဆိုင်အမွေခံသားသမီးများဖြစ်၏။ သို့ဖြစ်သော်လည်း ငါးပါးသီလမျှကိုမလုံခြုံသောအမျိုးကောင်းသားသမီးတို့မှာ အမွေပိုင် ဘဘုရား၏ အမွေဆိုင်အမွေခံသားသမီးဆိုးများဖြစ်ကြသည် ဟူ၍လည်းကောင်း၊

ဇေတကိုင်းတောင်ရိုး၊ ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ၊ အဝိသုဒ္ဓါရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇောတိပါလဆရာတော် ဘုရားကြီးက ယခုကာလ ဝိပဿနာ

လုပ်ငန်းတွေအားသုတ်နေကြသည်မှာ အဖျားတက် အမှည့်စားရန်းနီး ဆိုသကဲ့သို့ မချွတ်ကျင့်မှုရမည့် ငါးပါးသီလကို မကျိုးမပေါက် ဝါဆော့ပျောက်နွား အလားကဲ့သို့ မပြောက်မကျားရအောင် လုံလုံခြုံခြုံ စောင့်ရှောက်ပြီးမှ ဝိပဿနာအလုပ်ကို လုပ်စေလို၏ ဟူ၍လည်းကောင်း၊

၁၃၆၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်၊ (၁၂-၁၁-၉၉) နေ့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ် ပထမအကြိမ် ဗုဒ္ဓမေ္မ ဒီပလိုမာ အပ်နှင်းသည့်အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ ဆရာတော် ဘုရားကြီးက မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်များသည်လည်း ပိဋကတ်အားဖြင့်သုံးပုံ၊ နိကာယ်အားဖြင့်ငါးရပ်၊ အင်္ဂါအားဖြင့်ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည် ဖြစ်၍ အလွန်တရားကျယ်ပြောနက်ရှိုင်းခက်ခဲလှပေ သည်။ ထိုသို့ကျယ်ပြောနက်နှိုင်းခြင်းကြောင့် ဗုဒ္ဓတရားတော်များကို မဟာသမုဒ္ဒရာကြီးနှင့် နှိုင်း

ယှဉ်ဟောကြားတော်မူခဲ့သည်။ မဟာသမုဒ္ဒရာကြီးသည် ကမ်းစပ်၌နက်စောက်ခြင်းမရှိမူ၍ တဖြည်းဖြည်း အစဉ်အတိုင်း နက်ရှိုင်းသွားသကဲ့သို့ ဤမြတ်စွာဘုရား၏ သာသနာတော်သည် အစပိုင်း၌လွယ်မယောင်ထင်ရသော်လည်း ရှေ့သို့ဆက်လက်လေ့လာပါက တဖြည်းဖြည်းခက်ခဲနက်နဲသွားသည်ကို တွေ့ရပေလိမ့်မည်။ ထို့ကြောင့် ကိုယ်ကျင့်သီလကို တဖြည်းဖြည်းအစဉ်အတိုင်းလေ့ကျင့်ယူရသည်။ စိတ်၏တည်ငြိမ်မှု သမာဓိလုပ်ငန်းကိုလည်း တဖြည်းဖြည်းအစဉ်အတိုင်းလေ့ကျင့်ယူရသည်။ အသိပညာ ရရာရကြောင်း လုပ်ငန်းစဉ်ကျင့်စဉ်များကိုလည်းတဖြည်းဖြည်းလေ့ကျင့်သင်ယူကြရသည်။ စလျှင်စချင်း အရဟတ္တမဂ်ပညာ၊ အရဟတ္တဖိုလ်ပညာ နိဗ္ဗာန်ချမ်းသာတို့ကို ရနိုင်သည်မဟုတ်ချေ။ သီလ၊ သမာဓိ၊ ပညာ သိက္ခာတို့ကို အစဉ်အတိုင်းတဖြည်းဖြည်းချင်း တစ်ဆင့်ထက်တစ်ဆင့်တိုးမြှင့်၍ အချိန်ယူကာလေ့ကျင့်သင်ယူကြရသည် ဟူ၍လည်းကောင်း၊

အရ အခြေခံ ကိုယ်ကျင့်သီလ (တနည်း) ဂရုဓမ္မသီလ (တနည်း) ငါးပါးသီလကို လုံခြုံအောင်ကျင့်ကြံစေလိုပါသည်။

ယနေ့ခေတ် ငါးနိုင်ငံအနက် မြန်မာနိုင်ငံသည် ခေါင်းဆောင်နိုင်ငံသဖွယ်ဖြစ်၍နေပါသည်။ အထက်တန်းစား ဗုဒ္ဓဘာသာကျင့်စဉ်များကို ကမ္ဘာ့ပညာရှင်များကပင် လာရောက်လေ့လာသင်ယူနေကြသည်ကို အားတက်ဖွယ် မြင်တွေ့နေရပါသော်လည်း မြန်မာနိုင်ငံသားအချို့သည် အခြေခံ ကိုယ်ကျင့်ငါးပါးသီလကို ကျင့်ကြံမှုမရှိကြပေ။ သို့ဖြစ်သောကြောင့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များတွင် ငါးပါးသီလက ရှောင်ကြဉ်ရန် ဘားမြစ်ထားသည့် ပြစ်မှုများဖြစ်ပွားနေသည်ကို ရှက်ဖွယ်လိလိမြင်တွေ့နေရပါသည်။

ဘုရားရှင်၏အဆုံးအမဖြစ်သည့် ပိဋကတ်သုံးပုံ အလုံးစုံသည် ဆင်းရဲခြင်းမှလွတ်ကင်းမှုတစ်ခုဖြစ်၍ တရားတော် နည်းလမ်းတွေများစေကာမူ အားလုံးသည်အကျုံးဝင်ဖြစ်ပါသည်။ ပုထုဇဉ်လူသားများအနေဖြင့် အားလုံးလိုက်၍လုပ်ရန်မလိုဘဲ များဖွာတဲ့ ဗုဒ္ဓအလိုကျအခြေခံ

လူ့ကျင့်ဝတ်ဖြစ်သည့် ငါးပါးသီလ ကို ဝီရိယမှန်မှန် ဖြင့် ကျင့်ကြဖို့က အရေးကြီးပါသည်။

" အမှန်ကတော့ ဒီဘဝမှာ လူကောင်းသူကောင်း ဖြစ်ဖို့ရော၊ နောက်ဘဝမှာ လားရာဂတိ ကောင်းဖို့ရော သီလကပဓာန ဖြစ်ပါသည်။ ဆွမ်းတစ်အုပ် လှူဖူး၊ ပန်းတစ်ပွင့်လှူဖူးလို့ အပါယ်မလားရဘူးဆိုတဲ့ သူတော် ကောင်းဟာလည်း ထိုအလှူကြောင့်သာ မဟုတ်ပါဘူး။ အခြေခံငါးပါးသီလကလည်းမပျက်ကြလို့ သုဂတိဘဝကို ရကြတာပါ။ ဒီဘဝမှာငါးပါးသီလမှမလုံဘဲ၊ ဒုစရိုက် ဆယ်ပါးမှမရှောင်ဘဲ ပါဏာတိပါတဖြစ်စေ၊ ကာမေသု မိစ္ဆာစာရဖြစ်စေ၊ သုရာမေရယ၊ မုသာဝါဒ တစ်ခုခုဖြစ်စေ မရှောင်ဘဲ ကျောင်းကြီးဆောက်၊ ဘုရားတည်၊ အလှူကြီး ပေးနေသူဟာ သေခါနီးမှာ ထိုကုသိုလ်၊ အကုသိုလ် နှစ်မျိုးထင်လာရင် စိတ်ကြည်နိုင်ပါမလား။ စိတ်မကြည် ရင် ပြုပြင်ပေးနိုင်သူလည်းမရှိခဲ့သော် ဧကန်အပါယ်သွား ရမှာပါဘဲ။ အလှူကြီးတွေက မကယ်နိုင်ပါဘူး။ သီလ ကြောင့် ကောင်းတဲ့ဂတိ၊ ကောင်းတဲ့ဘဝရောက်မှ ဒါနက နောက်လိုက်အဖြစ်နှင့် အကျိုးပေးနိုင်တာပါ။ "

(အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ)

လောကစစ်မြေပြင်တွင် ဓမ္မအင်အားစုများက အဓမ္မအင်အားစုများအပေါ် အနိုင်ရရန်လိုပါသည်။ ဓမ္မအင်အားစုတွင် ငါးပါးသီလသည် အခြေခံအကျဆုံးဖြစ်ပါသည်။ ယနေ့ကမ္ဘာမှာ ငါးပါးသီလ လုံခြုံသူတွေ နည်းပါးလာပြီး အလွယ်တကူ ချိုးဖောက်လာကြသည့်အတွက် အလွန်ပင် အန္တရာယ်ကြီးလှပါသည်။

ဘုရားရှင် ပြဋ္ဌာန်း၍ သတ်မှတ်ပေးထားတော်မူသော ဗုဒ္ဓဘာသာဝင် ပရိသတ်လေးပါးဖြစ်သည့် ရဟန်း၊ သီလရှင် (ဘိက္ခုနီ)၊ ဥပါသကာ၊ ဥပါသိကာမတို့၏ အဓိကကျေပွန်ရမည့် တာဝန်သုံးပါးမှာ–

၁။ ဗုဒ္ဓဘာသာဝင်ဦးရေ နည်းမသွားအောင်၊ ဘာသာအယူဝါဒပြယ်မသွားအောင် ထိန်းသိမ်းရမည့်တာဝန်။

၂။ ဗုဒ္ဓ၏တရားတော်များ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းရမည့်တာဝန်။

၃။ ဘုရားရှင်၏အဆုံးအမတော်အတိုင်း ကျင့်သုံးရမည့်တာဝန်။

လူပုဂ္ဂိုလ်အတော်များများက တာဝန်နှင့်ဝတ္တရား

အတွေ့တူပင်ဖြစ်သည်ဟု ဆိုကြပါသည်။ တူမယောင်နှင့် လွန်စွာခြားနားသောအဓိပ္ပါယ်ဆောင်သည်ကို အသိပေး လိုပါသည်။

တာဝန်။ နိုင်ငံတော်နှင့်လူမျိုး၊ ဘာသာ၊ သာသနာ မကွယ်ပျောက်စေရန် နိုင်ငံသားတိုင်းကရှောင်လွှဲ မရဘဲ ကာကွယ်ရမည်မှာ တာဝန်ဖြစ်ပါသည်။ ထိုတာဝန် မကျေက ကျွန်နိုင်ငံ၊ ကျွန်လူမျိုး၊ မိစ္ဆာဒိဋ္ဌိဖြစ်သွားမည် ဖြစ်သည်။ ထို့ကြောင့် ဘာသာ၊ သာသနာနှင့်ပတ်သက် လျှင် ရဟန်းရှင်လူတို့၏တာဝန်ဟုသတ်မှတ်ခြင်း ဖြစ်ပါ သည်။

ဝတ္တရား။ ဘုရားဟော သိင်္ဂါလောဝါဒသုတ် တော်လာ မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ လင့်ဝတ်၊ မယားဝတ် စသည့်ဝတ္တရားများ ရှိကြပါသည်။ ထိုဝတ္တရားများကျေပွန်လျှင် လူကောင်း လူတော်အဖြစ်ချီးမွမ်းခံရပြီး ဝတ္တရားမကျေပွန်က ဝတ္တရား မကျေပွန်သူတစ်ယောက်တည်းသာ ကဲ့ရဲ့ရှုတ်ချခံရမည် ဖြစ်ပါသည်။

ကျင့်ဝတ် ဆိုသည်မှာကျယ်ဝန်းသည့်အဓိပ္ပါယ်

ကိုဆောင်ပါသည်။ သင်မှသိမည်၊ သိမှကျင့်မည်၊ ကျင့်မှရမည် ဆိုသည့်အတိုင်း ပြုကျင့်ဖွယ်အမှုကိစ္စကို ပြုကျင့်ခြင်းသည် ကျင့်ဝတ်ဖြစ်သကဲ့သို့ ရှောင်ကြဉ်ဖွယ်ရာကို ရှောင်ကြဉ်ခြင်းသည် ကျင့်ဝတ်ဖြစ်ပါသည်။

ဘုရားဟော ပိဋကတ်သုံးပုံအနှစ်ချုပ် ဟုဆိုအပ်သော မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊ ဘုရားတိုင်းသာ ဟောမိန့်မှာ၊ မှတ်ပါဤတရား ဆိုသည့်အတိုင်း ရွတ်ဆိုရတာ အလွယ်လေးပါ၊ ဘာခက်လို့လဲ ခပ်ပေါ့ပေါ့ပြောဆိုသံများကို ကြားရဖူးပါသည်။ တကယ်ကျင့်လျှင် လွယ်မလွယ် ကျင့်ကြည့်ကြပါ။ ကျင့်ဝတ်တစ်ပါးချွတ်ယွင်းက လူရောနတ်ပါ မကြိုက်ပါ။ လူတိုင်းကျင့်သုံးအပ်သော လူကျင့်ဝတ်ကို သီလအဖြစ် ဘုရားကဟောကြားထားသည်မှာ-

၁။ သူ့အသက်သတ်ခြင်းကိုရှောင်ပါ။

၂။ သူ့ဥစ္စာခိုးခြင်းကိုရှောင်ပါ။

၃။ ကာမမှားယွင်းစွာကျင့်ခြင်းကိုရှောင်ပါ။

၄။ လိမ်လည်လှည့်ဖျားမှားယွင်းစွာပြောခြင်းကို ရှောင်ပါ။

၅။ အရက်သေစာသောက်စားခြင်းကိုရှောင်ပါ။

ဤသို့ သီလတော်လာရှိသည့်အတိုင်း လူသား တစ်ယောက်အဖို့ ယင်းကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံနေရ ပါမည်။ ကျင့်ဝတ်ငါးပါးကို စောင့်ထိန်းနိုင်ရေးအတွက် အဓိကကျသောအချက်နှစ်ချက်မှာ (၁) ဟီရိ-မကောင်း မှုလုပ်ရမည်ကိုရှက်ခြင်း နှင့် (၂) ဩတ္တပ္ပ-မကောင်းမှု လုပ်ရမည်ကိုကြောက်ခြင်းတို့ဖြစ်ပါသည်။ ဤနှစ်ချက် ပြည့်စုံမှသာ ကျင့်ဝတ်သီလစောင့်ထိန်းနိုင်သူဖြစ်ပါမည်။ အသက်သေပါစေ၊ သီလမပျက်စေရန် မဃဒေဝလင်္ကာ ပိုဒ်ရေ ၄၃၁တွင်-

ကိုယ်သက်စွန့်ပစ်၊ ဥကိုချစ်သား၊ ယစ်မန္တင်းစုံ၊ မြီးဆံခင်တတ်၊ အသက်မှတ်သည့်၊ သားမြတ်တမည်၊ ရွှေဇေါ်သို့၊ တစ်ညီနှိုင်းညှိ၊ မြတ်ဓာတ်ဖြင့်၊ စောင့်သိ မယုတ်၊ ကိုယ်နှုတ်နှစ်ဖော်၊ မကျူးကျော်ဘဲ၊ ဉာဏ် ပေါ်သွင်းဘိ၊ ဆင်ခြင်ဘိ၏ ဟုလည်းကောင်း၊ ပိုဒ် ရေ ၄၂၉ တွင်-

နံ့သည်ဉာဏ၊ သုတမရှိ၊ သီလရှိက၊ သီလ အတွက်၊ နှစ်သက်ကုန်ကြ၊ ချီးမွမ်းရ၏၊ သီလမရှိ၊

သုတာရှိသော်၊ တတ်သိချည်းနှီး၊ ကျိုးမပြီးဟု၊ မချီးမွမ်းကြ၊ ကဲ့ရဲ့ကြ၏၊ သုတသီလ၊ စွယ်စုံလှမူ၊ ထိုသူကို၊ နတ်လူကောင်းချီး၊ အံ့မပြီးဘဲ၊ မငြီးရှုမျှော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ချီးမွမ်းထိုက်ရှင့် ဟုလည်းကောင်း မန်လည်ဆရာတော်ဘုရားကြီးက စပ်ဆိုသတိပေးထားပါသည်။

သီလသည်သာနတ်ပြည်သို့တက်ရာ စောင်းတန်းလှေခါးသဖွယ်ဖြစ်သကဲ့သို့ နိဗ္ဗာန်မြို့တော်ကြီးသို့လည်း သီလတည်းဟူသော တံခါးပေါက်မှ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ သီလရှိသူသာလူ့ပြည်ချမ်းသာ၊ နတ်ပြည်ချမ်းသာအကျိုးကိုခံစားရနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ကျင့်ဝတ်ဆိုသောစကားကို ပါဠိလိုသုံးနှုန်းပါလျှင် သီလဟူ၍ပင်ဖြစ်ကြောင်း ဆရာတော်များကရှင်းပြကြပါသည်။

သီလသည်အရင်းခံဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း သီလစင်ကြယ်သူသာ မှန်ကန်သောသမာဓိရှိသည်ကိုတွေ့ရပါ၏။ သမာဓိရှိသူမှလည်းထိုးထွင်းသောအသိပညာကိုရနိုင်ပါသည်။ သီလသိက္ခာသည် သာသနာတော်၏အရင်းအမြစ်အကျဆုံးဖြစ်၍ သာသနာအသက်

ဖြစ်ကြောင်း ထင်ရှားပါသည်။

ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၊ ပညာရှင်လူပုဂ္ဂိုလ်များ ရေးသားသောတရားပေါင်းချုပ် စာအုပ်ကြီးများ၊ ငါးရာငါးဆယ်ဇာတ်တော်တစ်ပုဒ်ချင်းကို တရားတစ်ပုဒ်ပြ၍ထုတ်ဝေသောစာအုပ်များ၊ ဓမ္မပဒစာအုပ်များ များစွာရှိကြပါသော်လည်း မဖတ်နိုင်ကြပါ။ ဖတ်ပါသော်လည်း အဓိပ္ပါယ်မသိ ဖြစ်နေကြပါသည်။

မိဘများကလည်းစီးပွားရေးလုပ်ငန်းကိုသာ ဦးစားပေး ရှာဖွေနေကြသဖြင့် လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗစရိယ မိနှင့်ဘ ဆိုသည်ကိုလည်း အလေးမထား၊ သားသမီးကို ငယ်ကမဆုံးမသော် မိဘတလီ ရန်သူ မည်၏ ဟူသော သတိပေးဆုံးမစာကိုလည်း သတိမမူကြသည့်အတွက် အမွေခံသားသမီးဆိုးအဖြစ် အမွေပြတ်စွန့်လွှတ်နေကြရပါသည်။

သားသမီးများ၏ပညာရေးနှင့်လိမ္မာယဉ်ကျေးမှုရှိရေးကို ကျောင်းကသင်ပေးလျှင်ပြည့်စုံလုံလောက်သည် ဟုယူဆထားကြပါသည်။ ကျောင်းများကလည်း သက်မွေးပညာကိုသာဦးစားပေးသင်ကြားပြီး ဗုဒ္ဓဘာသာ သင်

ခန်းစာများကို မသင်ကြားကြရသဖြင့် တရားစာဆိုလျှင် ဖတ်လိုသူက နည်းပါးရသည့်အထဲ စာသားကခန့်ခန့်၊ စာအုပ်ကထူထူ၊ စာအုပ်ဈေးနှုန်းကလည်းကြီးမား၊ သွားလေရာရာ ယူဆောင်သွားရန်ကလည်း မလွယ်ကူသည့် အခက်အခဲများကြောင့် တရားစာနှင့်ဝေးကွာနေကြရပါတော့သည်။

တရားစာပေအရေးအသား ယဉ်ရှားကျော်ကြားသောဆရာတော်ကြီးများ၊ ပညာရှင်လူပုဂ္ဂိုလ်များက နည်းလမ်းအသွယ်သွယ်၊ လက်တွေ့ဘဝနှင့်ပေါင်းဆက်နွယ်ပြီး လွယ်လွယ်ကူကူ ဖတ်နိုင် သိနိုင် ကျင့်နိုင်ရန် အလို့ငှာ နှုတ်ဝယ်ရွရွ ရွတ်ဆိုဆောင်ထားရန်လွယ်ကူသော ကဗျာလင်္ကာ ဆောင်ပုဒ် ဓာတ်တော်အကျဉ်းချုပ်များကို ကျမ်းစာအုပ်များတွင် ရေးသားထားကြသည်ကို တွေ့လာရပါသည်။

ထိုသို့ရေးသားကြသောကျမ်းစာများထဲမှ လူတိုင်းလူတိုင်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ရမည့်အခြေခံ လူ့ကျင့်ဝတ်ငါးပါးသီလကို ရွတ်ဆိုမှတ်သားရလွယ်ကူအောင်ဖွဲ့ဆိုသီကုံးထားသော ကဗျာ၊ လင်္ကာ၊ ဆောင်ပုဒ်များနှင့် ဒါနဟူသောပါဠိစကားကို လူတိုင်းက လှူဒါန်း

ပေးကမ်း စွန့်ကြဲခြင်းဟု အဓိပ္ပါယ်သိနေကြသော်လည်း ဒါနဟူသော ပါဠိအဓိပ္ပါယ်အား မြန်မာပြန်နှင့် မသိကြသည်ကို အကျဉ်းအားဖြင့်သိရှိစေလိုသောဆန္ဒဖြင့် ဖော်ပြပါ လက်လှမ်းမီသမျှသောစာအုပ်များ၊ တရားတော်များကို ရှာဖွေစုဆောင်း၍ ထုတ်နှုတ် စုစည်းထားခြင်းဖြစ်ပါသည်-

၁။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (မင်းကွန်း) ဦးစီးရေးသားသော မဟာဗုဒ္ဓဝင် (ပထမ)၊ (ပဉ္စမ) တွဲနှင့် ဟောစဉ်တရားစာအုပ်မှ ဘခင်ဖြစ်သောသုဒ္ဓေါဒနမင်းကြီးကို မြတ်စွာဘုရားက အဟိတ်ကိုဆောင်၍ဟောကြားသော မဟာဓမ္မပါလဇာတ်တော်။

၂။ အရှင်ဝါသဝါဘိဝံသ (မဟာဝိသုဒ္ဓါရုံ) ရေးသဗ္ဗမင်္ဂလာ ဓမ္မဒေသနာမှ ငါးပါးသီလ အကျိုးအပြစ်များ။

၃။ အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံ) ရေး ဗုဒ္ဓဘာသာသင်ခန်းစာ။

၄။ ဘဒ္ဒန္တနန္ဒိယ (မဟာဝိသုတာရာမ) ရေး
ငါးပါးသီလကဗျာများ။

၅။ ဆင်ကျုံးဆရာတော် ဘဒ္ဒန္တ ကောသလ္လ
(ရမည်းသင်း) ရေး အခြေခံဗုဒ္ဓဘာသာ။

၆။ ဦးပညာသာမိ (မာဂဓီ သာစည်) ရေးသား
သော အခါတော်နေ့များ။

၇။ ဘဒ္ဒန္တ ဝေဠုရိယ (မြစ်သား) ရေးသားသော
ကဗျာကြေးမုံ။

၈။ လူပုဂ္ဂိုလ်ပညာရှင်များ (သာသနာရေးဝန်ကြီး
ဌာန) ရေးသားသော ဗုဒ္ဓဘာသာလက်စွဲ
ကျမ်း၊ ဗုဒ္ဓဘာသာတရားတော် (အခြေခံ
အဆင့်) စာအုပ်များ၊ ဓမ္မစာစောင်များ။

၉။ အခါအားလျော်စွာ ဆရာတော်ကြီးများထံမှ
ကြားနာမှတ်သားရသော တရားတော်များ။

အခြားသောဘာသာဝင်များသည်သူတို့၏လူငယ်များကို ဘာသာတရားနှင့်မွေ့လျော်မှုရှိစေရန် ဘေး ကဗျာသည်တို့ကို ဂီတနှင့်တွဲဘက်သင်ကြားပေးကြပြီး အပတ်

စဉ် သတ်မှတ်ရက်များတွင် ဘုရားကျောင်းများသို့ သွားကြကာ တရားနှင့်နီးစပ်လျက် လိုက်နာကျင့်သုံးနေကြသည်ကို တွေ့မြင်နေရပါသည်။

မြန်မာလူမျိုးဗုဒ္ဓဘာသာဝင် ကလေးအရွယ်ကစ၍ တရားနှင့်နီးစပ်လာစိမ့်သောငှာ ထုတ်နုတ်စုစည်းရရှိသော အခြေခံလူ့ကျင့်ဝတ်ဖြစ်သည့် ငါးပါးသီလနှင့်ဆိုင်ရာ သီလအကြောင်းအနှစ်ချုပ်၊ ကမ္ဘာလောက ဓာတ်ဝတ္ထု အကျဉ်းချုပ်များ ကို စာဖတ်ချိန်သီးသန့်မပေးနိုင်ကြသူများ၊ လုပ်ငန်းခွင်များတွင် အချိန်ပေး သွားလာလုပ်ကိုင်နေကြသူများ သွားလေရာယူဆောင်သွားပြီး ရသမျှအချိန်ပိုင်းအတွင်း တခဏလေးဖတ်၊ ချက်ချင်းသဘောပေါက်ကာ လက်တွေ့ကျင့်ကြံအားထုတ်မှုကြောင့် ဘဝအသိဉာဏ် တရားအသိဉာဏ်များ ရရှိသွားနိုင်စေရန်နှင့် လူကြီးမိဘများက သားသမီးမြေးမြစ် တူတူမများကိုလည်းကောင်း၊ ဆရာဆရာမများက လူမှုရေးအချိန်များတွင် တပည့်ကျောင်းသူကျောင်းသားများကိုလည်းကောင်း၊ နေ့ရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၌လည်းကောင်း ငါးပါးသီလတရားနှင့်စပ်သည့် ကမ္ဘာလောကဆောင်ပုဒ်ကို နှုတ်ဝယ်ရွရွ ရွတ်ဆိုသင်ပြနည်း၊ ဓာတ်ဝတ္ထုအကျဉ်းချုပ်

များကို ပုံဝတ္ထုသဖွယ် သရုပ်ဆောင် ရှင်းလင်းသင်ပြနည်း အပါအဝင် နည်းလမ်းအသွယ်သွယ်တို့ဖြင့် လွယ်လွယ်ကူကူ သင်ပြမြွက်ဆိုဆုံးမရနိုင်စေရန် ဒီဇိုင်းဆောင်ရွက်၍ ငါးပါးသီလအကြောင်း ကဗျာ လင်္ကာ ဇာတ်တော် စာအုပ်ကို လူတို့၏နှလုံးသားဝယ် ဘာသာတံဆိပ်ခတ်နှိပ် ဘုရားတည်ပေးရန် မှစည်းပူဇော်သောစိတ်ထားဖြင့် ထုတ်ဝေခြင်းပြုရပါကြောင်း။

တရားချစ်ခင် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့ ငါးပါးသီလမြဲ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)
သာသနာရေးဝန်ကြီး(ငြိမ်း)

# ပါဠိမသုံးရခြင်းအကြောင်း

ဤစာအုပ်တွင် ဘုရားရှိခိုး၊ သရဏဂုံနှင့် သီလ တောင်း၊ ငါးပါးသီလတို့တွင်သာ အများသိပြီးဖြစ်သည့် ပါဠိတော်များကို ဖော်ပြပါသည်။

စာအားလုံးကို ပါဠိဖြင့်ပါဖော်ပြပါက ပါဠိဖတ် နိုင်သူဦးရေ နည်းပါးသည့်အတွက် ပါဠိကိုဖတ်ရာတွင် ဌာန်ကရိုဏ်းမကျ၊ မပီမသ၊ ပုဒ်အဖြတ်အတောက်မမှန် ပါလျှင် နည်းလမ်းအမှန်ကိုမတွေ့နိုင်ကြောင်း အောက်ပါ ရှင်းလင်းချက်ကို သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်–

၁။ အက္ခရာ မမှန်လျှင် ပုဒ်မှန်မည်မဟုတ်။

၂။ ပုဒ် မမှန်လျှင် ဝါကျမှန်မည်မဟုတ်။

၃။ ဝါကျ မမှန်လျှင် ကျမ်းဂန်မှန်မည်မဟုတ်။

၄။ ကျမ်းဂန် မမှန်လျှင် အနက်မှန်ကို သိနိုင် မည်မဟုတ်။

၅။ အနက် မမှန်လျှင် အကျင့်မှန်ကို သိနိုင်မည်မဟုတ်။

၆။ အကျင့်မှန်ကိုမသိနိုင်လျှင် နိဗ္ဗာန်ရောက်ရန်နည်းလမ်းအမှန်ကို တွေ့ရမည်မဟုတ်။

# ကျေးဇူးဆပ်ကြပါစို့

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊ သာသနာ၏၊ နိုင်ငံရာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ ဟူသောဆောင်ပုဒ်လင်္ကာနှင့်အညီ မြတ်စွာဘုရားသခင်နှင့် တရားတော်များကို သံဂါယနာသုံးကြိမ် တင်ရသည့်အချိန်ထိ အာဂုံဆောင်ခဲ့ကြရပြီး ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာအဖြစ် သံဂါယနာတင်ခဲ့ကြသော ရှင်မဟာကဿပ အစပြုလျက် သာသနာတာဝန်ယမ်းဆောင်တော်မူခဲ့ကြသော ထေရဝါဒသံဃာတော်အစဉ်များ၏ ကျေးဇူးတော်အနန္တကို ကျေးဇူးပြန်လည်ပေးဆပ်သောအားဖြင့် အခြေခံလူ့ကျင့်ဝတ်နှင့် ယိုယွင်းနေသောစာရိတ္တမဏ္ဍိုင်ပြုပြင်ပေးရန်အတွက် ဘာသာရေးအသိနှင့်အလှမ်းဝေးနေသူများကို သင်ကြားပေးခြင်း၊ ကိုယ်တိုင်လည်းလိုက်နာကျင့်သုံးခြင်းဖြင့် ကျေးဇူးဆပ်ကြပါစို့ ဟူ၍နိုးဆော်တိုက်တွန်းလိုက်ရပါသည်။

# တောင်းပန်အပ်ပါသည်

ထုတ်နှုတ်စုစည်း ပူဇော်သူသည် ကာလေန ဓမ္မဿဝနံ–အခါအားလျော်စွာတရားနာယူသူ၊ စာဖတ်၍ စာမှတ်သူအဆင့်သာဖြစ်ပါသည်။ ကျမ်းတတ်အကျော် အရှင်သူမြတ်များနှင့်ပညာရှင်လူပုဂ္ဂိုလ်တို့ ရေးသားသော ကျမ်းစာအုပ်ကြီးများကို လူတိုင်းဝယ်ယူ ဖတ်ရှုနိုင်ကြမည် မဟုတ်ပါ။ ကျမ်းစာအုပ်ကြီးများထဲတွင် တိမ်မြုပ်မနေစေရန် သီလဆိုင်ရာအကြောင်းများနှင့် ငါးပါးသီလ၊ ကဗျာ၊လင်္ကာ၊ဓာတ်တော်များကို ထုတ်နှုတ်စုစည်းဖော်ထုတ်ခြင်းသာဖြစ်ပါကြောင်းနှင့် မှားယွင်းမှုများတွေ့ရှိပါက ခွင့်လွှတ် ထောက်ပြပါရန် တောင်းပန်အပ်ပါသည်။

စုစည်းပူဇော်သူ

# ဗုဒ္ဓဘာသာဝင်တစ်ဦး၏
# နေ့စဉ်ဘာသာရေးလုပ်ငန်းတာဝန်များ

ဗုဒ္ဓဘာသာဝင်ဟူသည် မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် (၄၅) ဝါကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ အကျိုးစီးပွားတိုးပွားရန်အလို့ငှာ ဟောကြားတော်မူခဲ့သော တရားတော်ကိုသာ ယုံကြည်သက်ဝင် ကြည်ညိုကိုးကွယ် လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြသောသူများကိုသာ ဗုဒ္ဓဘာသာဝင် ဟုခေါ်ဆိုထိုက်ပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် နေ့စဉ် ဗုဒ္ဓ၏အခြေခံလူ့မှုရေးကျင့်ဝတ်ဖြစ်သော ငါးပါးသီလ ကိုတာဝန်တစ်ရပ်အဖြစ် စောင့်ထိန်းလိုက်နာကျင့်သုံးနေရပါမည်။ သို့မှသာ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်ပါမည်။

ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လာသူသည်ဘာသာရေး အခြေခံလုပ်ငန်းတာဝန်များကို ပညာဦးစီးသောယုံကြည်မှု ဖြင့် နေ့စဉ်ပြုလုပ်ရပါမည်။ ထိုတာဝန်များမှာ–

၁။ ဘုရားရှိခိုးခြင်း။

၂။ မေတ္တာပို့ခြင်း။

၃။ အမျှဝေခြင်း။

၄။ အလှူဒါနပြုခြင်း။

၅။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေး ဆောင်ရွက်ခြင်း။

မှတ်ချက်။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေး ဆောင်ရွက်ခြင်းဟူသည်မှာ ဘုရားဟောတရားတော် ကိုသာ ယုံကြည်သက်ဝင်စေပြီး အယူလွဲမှားသော ဘိုး တော်,မယ်တော်တို့၏ အယူမှားများကို မကိုးကွယ်ရေး၊ မိမိနှင့်သူတစ်ပါးသန္တာန်၌ မြတ်စွာဘုရား၏ အဆုံးအမ တော်ဟူသော သာသနာတော်သာ တည်တံ့နေရေး၊ ဘာ သာရေးအသင်းအဖွဲ့များ၌ပါဝင်၍ ပြန့်ပွားအောင် ဆောင် ရွက်ခြင်း စသည်တို့ဖြစ်ပါသည်။

# ညဲ့ကာသကန်တော့ခန်းနှင့် သီလာယူရှင်းတမ်း

## အသိပေးရှင်းလင်းခြင်း

ပုဂံခေတ် ရှင်အရဟံမထေရ်မြတ် ကျေးဇူးတော်ကြောင့် အနော်ရထာမင်းလက်ထက်မှစတင်၍ယနေ့တိုင်အောင် ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ထွန်းလင်းတောက်ပခဲ့ပါသည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာအပေါ်အခြေခံ၍ မြန်မာယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြပါသည်။

သို့ရာတွင် ယနေ့မြန်မာလူငယ်များစွာတို့သည် အမည်ခံ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြသဖြင့် ဗုဒ္ဓဘာသာ အခြေခံလူမှုရေးကျင့်ဝတ်ကစ၍ နားမလည်ကြ၊ မြတ်စွာဘုရား၏အဆုံးအမ ဩဝါဒများနှင့် တရားတော်များကို လိုက်နာကျင့်သုံးရကောင်းမှန်းမသိကြ၊ မာန်

မာနကိုချိုးနှိမ်၍ မိဘဆရာ၊ လူကြီးသူမတို့အား ရိုသေလေးစားရမည် ဟူသော ဂါရဝတရားကိုလည်း အလေးမထားကြ၊ ဩကာသ ကန်တော့ချိုးကိုပင် ဖြောင့်တန်းစွာ မရွတ်ဆိုနိုင်ကြသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါ အခြေအနေ အရပ်ရပ်ကြောင့် ဘုရားရှိခိုး၊ ဩကာသ ကန်တော့ခြင်း နှင့် သီလခံယူဆောက်တည်ကြရာတွင် နမောတဿ ဘုရားရှိခိုးခြင်း၊ သရဏဂုံဆောက်တည်ခြင်း၊ သီလတောင်းခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း စသည်များကို ရှေးမိဘဘိုးဘွားလက်ထက်က ပါဠိဘာသာဖြင့် နှုတ်တိုက်သင်ကြားပို့ချပေးခဲ့ရာ ယနေ့ပစ္စုပ္ပန်ကာလတွင် လောလောဆယ် ဉာဏသမ္ပယုတ် သီလခံယူမှု ဖြစ်စေရန်၊ အနက်အဓိပ္ပါယ်ကို ကလေးငယ်ကအစ နားလည်ကြစေရန် ပါဠိတစ်ခေါက်၊ မြန်မာပြန်နှင့်နောက်ကဆက်၍ဆိုသည့်နည်းဖြင့် ဆောက်တည်နည်းကို နားလည်သွားသည့်အခါ မိမိတို့၏ လုပ်ဆောင်ချက်သည် မည်မျှအထိတန်ဖိုးရှိသည်ကို အလေးအနက် သိရှိသွားစေရန်ရည်ရွယ်ရေးသားထားခြင်း ဖြစ်ပါသည်။

## ရှိခိုးရန်နှိုးဆော်ခြင်း

မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ သာသနာရေးဆိုင်ရာ အလှူပွဲသဘင်များ၌ သံဃာတော်များ ရှေ့ဝယ် စုံညီစွာစုဝေးမိကြစဉ် ဓမ္မဃောသက–ကုသိုလ်တရားပြုလုပ်ရန် နှိုးဆော်ကြွေးကြော်သူ ပုဂ္ဂိုလ်တစ်ဦးက ရတနာသုံးပါး ကန်တော့ကြပါစို့ ခင်ဗျား ဆိုသည့် တရားမိုးချုန်း ပေးလိုက်သည့် နှိုးဆော်ခြင်းအမှုကိုပြုလိုက်သည်နှင့်တပြိုင်နက် ညီညာဖျဖျ ကန်တော့ကြရမည် ဖြစ်ပါသည်။

## ဘုရားရှိခိုးခြင်း

ဩကာသ ကန်တော့ချိုးကို မဆိုမီ ဦးစွာပထမ စနစ်တကျထိုင်၍ ထိခြင်းငါးပါးဖြင့် ဦးသုံးကြိမ်ချသော အခါ အောက်ပါအတိုင်းရွတ်ဆိုပါ–

(ပါဠိ) ဗုဒ္ဓံ ပူဇေမိ။

(မြန်မာ) မြတ်စွာဘုရားအစစ်ကိုပဲ၊ စိတ်မှာစွဲ၊ အမြဲကိုးကွယ်ပါ၏။

(ပါဠိ) ဓမ္မံ ပူဇေမိ။

(မြန်မာ) တရားတော်အစစ်ကိုပဲ၊ စိတ်မှာစွဲ၊ အမြဲ ကိုးကွယ်ပါ၏။

(ပါဠိ) သံဃံ ပူဇေမိ။

(မြန်မာ) သံဃာတော်အစစ်ကိုပဲ၊ စိတ်မှာစွဲ၊ အမြဲ ကိုးကွယ်ပါ၏။

မှတ်ချက်။ ယခုအခါ ဘုရားတု၊ တရားတု၊ သံဃာတုများပေါ်နေ၍ အစစ် ကိုထည့်ပါသည်။

## ဩကာသကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ ပထမ, ဒုတိယ, တတိယ, တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသောအကျိုးအားကြောင့် အပါယ်

လေးပါး ၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ အဆုံးစွန်သောဘဝ နောင်ကာလ၌ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

*(ဘုန်းကြီးဆုပေးခြင်း)* ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းတို့နှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။

*(ဆုအမျိုးမျိုးပေးလေ့ရှိပါသည်)*

*(လူများ)* ပေးတဲ့ဆုနဲ့ပြည့်စုံရပါလို၏ အရှင်ဘုရား။

**သီလတောင်းခန်း**

*(လူများက ပါဠိ၊ မြန်မာပြန်ဖြင့် သီလတောင်းရပါမည်။ လူများမဆိုတတ်မှ ဘုန်းကြီးက ချပေးပါသည်)*

*(ပါဠိ)* အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေ ဘန္တေ။

(မြန်မာပြန်) အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်သမှုပြု၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်ဘုရား။

(ပါဠိ) ဒုတိယမ္ပိ အဟံဘန္တေ ----၊ တတိယမ္ပိ အဟံဘန္တေ ဟုဆိုရပါမည်။

(သုံးခါက်တောင်းရပါသည်)

(မြန်မာပြန်) အရှင်ဘုရား၊ တပည့်တော်သည် နှစ်ကြိမ်မြောက်လည်း ----- တောင်းခံပါ၏။

အရှင်ဘုရား၊ တပည့်တော်သည် သုံးကြိမ်မြောက်လည်း -- တောင်းခံပါ၏။

(ဘုန်းကြီး) ယံ မဟံဝဒါမိ တံ ဝဒေထ။

(မြန်မာပြန်) ငါဆိုသောစကားကို လိုက်ဆိုကြ။

(လူများ)အာမဘန္တေ။

(မြန်မာပြန်) မှန်ပါ၊ လိုက်ဆိုပါမည် အရှင်ဘုရား။

(ဘုန်းကြီး) နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

(မြန်မာပြန်) တပည့်တော်သည် ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

*(လူအများက သုံးကြိမ်သုံးခေါက် ညီညီ လိုက်ဆိုကြပါ)*

**သရဏဂုံ ဆောက်တည်ခြင်း**

*(ဘုန်းကြီးက ချပေးပါသည်)*

(ပါဠိ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

(မြန်မာ) တပည့်တော်သည် မြတ်စွာဘုရားအစစ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

တရားတော်အစစ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

သံဃာတော်အစစ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

(ပါဠိ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(မြန်မာ) တပည့်တော်သည် နှစ်ကြိမ်မြောက်လည်း
မြတ်စွာဘုရားအစစ်ကို ------
တရားတော်အစစ်ကို ------
သံဃာတော်အစစ်ကို ------
ကိုးကွယ်ရာဟူ၍
ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

(ပါဠိ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(မြန်မာ) တပည့်တော်သည် သုံးကြိမ်မြောက်လည်း
မြတ်စွာဘုရားအစစ်ကို ------
တရားတော်အစစ်ကို ------
သံဃာတော်အစစ်ကို ------
ကိုးကွယ်ရာဟူ၍
ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

(ဘုန်းကြီး-ပါဠိ) တိသရဏ ဂရိပုဏ္ဏံ။
(မြန်မာ) သရဏဂုံ ခံယူခြင်းသည် ပြည့်စုံပြီ။

(လူများ-ပါဠိ) အာမဘန္တေ။
(မြန်မာ) မှန်ပါ၊ လိုက်နာပါမည်ဘုရား။

ငါးပါးသီလဆောက်တည်ခြင်း (ပါဠိ၊ မြန်မာ၊ လက်ာ)

(ဘုန်းကြီး-ပါဠိ) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(မြန်မာ) တပည့်တော်သည် သူ့အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။
(လက်ာ) သူ့အသက်လည်း၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

(ပါဠိ) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(မြန်မာ) တပည့်တော်သည် အရှင်မပေးအပ်သော သူ့ဥစ္စာကိုခိုးခြင်းမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်

ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

(လင်္ကာ) သူ့ဥစ္စာလည်း၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

(ပါဠိ) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(မြန်မာ) ဘပည့်တော်သည် ဝတ္ထုကာမ အဂမနီယ ခေါ်ဆို မဖောက်ပြား မလားရောက်ကောင်းသောပုဂ္ဂိုလ်တို့၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

(လင်္ကာ) ကာမဂုဏ်လည်း၊ မမှားဘဲ၊ အမြဲရှောင်ကြဉ်မည်။

(ပါဠိ) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(မြန်မာ) တပည့်တော်သည် လိမ်လည်လှည့်ဖြား မုသားစကားပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံး

ပါ၏။

(လင်္ကာ) လိမ်ညာ၍လည်း၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

(ပါဠိ) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(မြန်မာ) တပည့်တော်သည် ယစ်မူးကြောင်း၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

(လင်္ကာ) သေအရက်လည်း၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

(ဘုန်းကြီး–ပါဠိ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

(မြန်မာ) တိသရဏေန–သရဏဂုံသုံးပါးနှင့်၊ သဟ–တကွ၊ ပဉ္စသီလံ–အင်္ဂါငါးပါး ရှိသော သီလ၊ ဓမ္မံ–တရားတော်မြတ်ကို၊ သာဓုကံ ကတွာ–ကောင်းစွာ ပြည့်စုံလုံခြုံအောင်ပြု

၍၊ အပ္ပမာဒေန-မမေ့မပေါ့မဆသောသတိ
တရားဖြင့်၊ သမ္ပာဒေထ-ပြည့်စုံအောင်
ဆောင်ရွက်နိုင်ကြပါစေ။

(လူများ-ပါဠိ) အာမဘန္တေ။
(မြန်မာ) မှန်ပါ၊ လိုက်နာပါမည် အရှင်ဘုရား။

အမှာ။ (၁) ဘုရားဆင်းတုတော်ရှေ့၌ မိမိဘာသာသီလ
ယူသောအခါ ဘုန်းကြီးက ချပေးခြင်းမရှိ
သောကြောင့်အာမဘန္တေဟုဆိုရန်မလိုပါ။

(၂) သီလဆောက်တည်ပြီးသောအခါ နှီးဆော်
သူပုဂ္ဂိုလ်က မင်္ဂလသုတ် သို့မဟုတ် မေတ္တ
သုတ်စသည့်ပရိတ်ကြီး (၁၁) သုတ်ကော်မှ
သုတ်တော်တစ်ခုခုကို ပရိတ်၊ သုတ်အမည်
ကိုဖော်ပြ၍ (ဥပမာ - မေတ္တသုတ်ပရိတ်)
ချီးမြှင့်ပေးပါရန်နှင့်အနုမောဒနာတရားစကားချ
တရားချီးမြှင့်ပါရန် လျှောက်ထားရပါမည်။

(၃) အခမ်းအနားပြီးက ဗုဒ္ဓသာသနာ မိဂ် ဟိရှ
ကု သုံးကြိမ်ခွတ်ဆို၍ ရပ်သိမ်းရန် ဖြစ်ပါ
သည်။

# ဘုရားရှိခိုးရခြင်းအကျိုးပြလင်္ကာ

စေတီအတူ၊ စိတ်မှုတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယာခံတွင်း၊ ပျံ့သင်းမွှေးကြိုင် ကြီးမှုပညာ၊ နက်စွာ ထက်ရှင်၊ လျှင်မြန်ဆန်းကြွယ်၊ ဟောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်၊ ဘုရားရှိခိုးအကျိုးတည်း။

**အဓိပ္ပါယ်**

၁။ တည်ကြည်ငြိမ်သက်သော ကိုယ်,စိတ် ရှိခြင်း။

၂။ နတ်ပြည်သို့လားရောက်ခြင်း။

၃။ အသိပညာအတတ်ပညာတို့ကိုလွယ်ကူစွာ တတ်သိနားလည်ခြင်း။

၄။ အမျိုးမြတ်ခြင်း။

၅။ အရိုအသေပေးမှုခံရခြင်း။

၆။ ကိုယ်အင်္ဂါပြည့်ပြည့်စုံစုံနှင့်ရုပ်ရေအဆင်းလှပခြင်း။

၇။ ခံတွင်းအနံ့မွှေးကြိုင်ခြင်း။

၈။ ကြီးကျယ်သောပညာ၊ နက်နဲသောပညာ၊ ထက်မြက်သောပညာ၊ လျင်မြန်သောပညာ၊ ဟာသပညာ၊ ဆန်းကြယ်သောပညာတို့နှင့်ပြည့်စုံခြင်း။

၉။ ကောင်းမွန်သောစကားကိုပြောဆိုတတ်ခြင်း။

အကျိုးများကိုရနိုင်ပါသည်။

(ဗုဒ္ဓဘာသာဓမ္မအမြုတေ)

တိုက်တွန်းအပ်ပါသည်

ဗုဒ္ဓဘာသာဝင်တိုင်းသည် ဘုရားရှိခိုးခြင်းပြုရာ၌ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား ဟုကန်တော့ပြီးနောက် ဤသို့ကန်တော့ရသောကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍ အဆုံးစွန်သောဘဝ နောင်ကာလ၌ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား ဟူ၍ ဒုဂ္ဂတိဘဝ ရောက်ကြရမည်ကို ကြောက်ကြသည့်အတွက် ဆု

ကောင်းကြပါသည်။

ဆုတောင်းမှုသည် မိရိုးဖလာ သိလာသောအသိဖြင့် ဆုတောင်းခြင်းသာဖြစ်သည်ကို တွေ့နေရပါသည်။ အသိသည်အသိသာဖြစ်၍ ပေါ့ပေါ့ဆဆ ဆုတောင်းကာမျှဖြင့် ရနိုင်မည်မဟုတ်ပါ။ စင်စစ်မှာ ဆုတောင်းမှုသည် ကျင့်ကြံမှုအပေါ်တွင် မူတည်ပါသည်။

မြတ်စွာဘုရားရှင်က ဆုတောင်းသူ တောင်းဆုပြည့်စုံစေရန်အတွက် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတည်းဟူသော ငါးပါးဖြာဖြင့် အလုပ်လုပ်ရမည် (ကျင့်ရမည်) ဟူ၍ ဥပရိပဏ္ဏာသပါဠိတော်၊ သင်္ခါရုပပတ္တိသုတ်တော်၌ အောက်ပါအတိုင်းလာရှိကြောင်းကို ဘုရားသားတော်သံဃာတော်များဟောကြားသော တရားတော်များမှလည်းကောင်း၊ ဓမ္မကျမ်းစာများမှလည်းကောင်း နာယူမှတ်သားမိပါသည်–

ရဟန်းတို့၊ အကြင်သူသည် သဒ္ဓါနှင့်လည်းပြည့်စုံ၏၊ သီလနှင့်လည်းပြည့်စုံ၏၊ အကြားအမြင်နှင့်လည်းပြည့်စုံ၏၊ စွန့်ကြဲပေးကမ်းခြင်းနှင့်လည်းပြည့်စုံ၏၊ ပညာအဆင်အခြင်နှင့်လည်းပြည့်စုံ၏

ထိုသူမှာ စတုမဟာရာဇ်နတ်တို့သည် အသက်လည်း ရှည်ကြကုန်၏၊ အဆင်းလည်းလှကုန်၏၊ ချမ်းသာမှု လည်းများကုန်၏ဟု ကြားဘူးနားဝရှိ၏၊ ထိုသူအား ဤသို့ကြံစည်တောင့်တမှု (ဆုတောင်းမှု) ဖြစ်၏။

ငါသည်ခန္ဓာချုပ်ကြွေသေလွန်ပြီးနောက် စတု မဟာရာဇ်နတ်တို့၏အပေါင်းအဖော်တစ်ယောက်အဖြစ် ချဉ်းကပ်ရောက်ရပါမူကား ကောင်းလေစွ။ ဤသို့ တောင့်တ၏။ ထိုသူသည် (မိမိသန္တာန်၌) ထိုစိတ်ကို ထား၏။ ထိုစိတ်ကိုဆောက်တည်၏။ ထိုစိတ်ကိုပွား များ၏။ ထိုသူ၏ဤသို့ပွားများအပ်၊ ဤသို့ကြိမ်ဖန် များစွာပြုလုပ်အပ်ကုန်သော ထိုတောင့်တမှုနှင့်သဒ္ဓါ စသော ငါးပါးသောသင်္ခါရအစုတို့သည် (တောင့်တခဲ့ သည့်အတိုင်း) ထိုစတုမဟာရာဇ်နတ်ဘုံ၌ဖြစ်ခြင်းငှာ ဖြစ်ကုန်၏။ ရဟန်းတို့၊ ဤတောင့်တမှု (ပတ္ထနာ) နှင့်အကျင့်ငါးပါးလမ်းစဉ် ကျင့်ကြံခြင်းသည် ထိုစတု မဟာရာဇ်နတ်ဖြစ်ရန် ဖြစ်နိုင်ပေသည်။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူ သော တရားတော်အရ ဆုတောင်းသူသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော ဤကျင့်စဉ်လုပ်ငန်း ငါးရပ်

အပေါ်မှုတည်၍ ဆုတောင်းမှသာ တောင်းတိုင်း ပြည့်စုံမည်။ ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေးအား အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်သောတရားငါးမျိုးကို ဟောကြားရော်၌

နှုတ်ဖြင့်ဆုတောင်းခြင်း ဟူသောအကြောင်းကြောင့်၊ စိတ်ဖြင့်လိုချင်တောင့်တခြင်း ဟူသောအကြောင်းကြောင့် ရသည်ဟု ငါဘုရားမဟောပေ။ ဒါယကာ–နှုတ်ဖြင့်ဆုတောင်းခြင်း ဟူသောအကြောင်းကြောင့်၊ စိတ်ဖြင့်လိုချင်တောင့်တခြင်း ဟူသောအကြောင်းကြောင့် ရသည်ဆိုလျှင် လောက၌အဘယ်သူသည် အဘယ်သို့သောအရာမှ ယုတ်လျော့တော့အံ့နည်း။ (ပဥ္စအင်္ဂုတ္တိုရ်၊ မုဏ္ဍရာဇဝဂ်၊ ၃–ဣဋ္ဌသုတ်။ ဗုဒ္ဓ၏ဩဝါဒအမြုတေ၊ ဒဂုံဦးထွန်းမြင့်မှ)

ရှေးရှေးက အလောင်းတော်ကြီးများသည်လည်း ကျင့်စဉ်လုပ်ငန်းကို အခြေခံလျက် ဆုတောင်း ကျင့်ကြံဆောင်ရွက်သွားကြသဖြင့် ဆုတောင်းတိုင်းပြည့်စုံကြပေသည်။ အကျင့်မပါသော ဆုတောင်းခြင်းသည်ကား ကောင်းကင်သို့ မြှောက်ပစ်လိုက်သော တုတ်နှင့်တူ၏။

ကောင်းကင်သို့မြှောက်ပစ်လိုက်သောတုတ်သည် အရင်းကမြေ၌ထောင်လိုက်ကျသော်လည်းကျပေမည်။ အဖျားကစ၍ထောင်လိုက်ကျသော်လည်းကျပေမည်။ အလယ်ကစ၍ပြားလိုက်ကျသော်လည်းကျပေမည်။ အရင်းကစ၍ကျရမည် စသည်ဖြင့် တထစ်ချ မှတ်ယူ၍မရသကဲ့သို့ အကျင့်မပါသောသူကောင်းခြင်းသည် တထစ်ချ သတ်မှတ်၍ မရ၊ ရောက်ချင်ရာရောက်မည်သာ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် တရေးချစ်ခင် သူတော်စင်အပေါင်းတို့သည် အထက်ပါ ဘုရားဟောတရားတော်များအရ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်တောင့်တ၍ မရနိုင်။ အကျင့်ပါမှသာ ရနိုင်မည်ဖြစ်ပါသောကြောင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊ ဘုရားတိုင်းသာ ဟောမိန့်မှာ၊ မှတ်ပါဤတရား ဆိုသည့်အတိုင်း မဂ် ဖိုလ် နိဗ္ဗာန် ရောက်အောင် အခြေခံလူ့ကျင့်ဝတ် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲ၍ ကောင်းမှုကုသိုလ်တရားများကိုသာ ကျင့်ကြံကျိုးစားကြပါကုန်ဟု တိုက်တွန်းအပ်ပါသည်။

(သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရပါမည်။)

# ဆောင်ပုဒ်လင်္ကာ

သဒ္ဓါသီလ၊ မြတ်သုတနှင့်၊
စာဂပညာ၊ ကျင့်ပါးဖြာဖြင့်၊
သေချာစေ့ငု၊ အားထုတ်မှုကား၊
ဆုဆုပြည့်ရန်၊ လုပ်ငန်းမှန်ဟု၊
အမှန်ရှုလျက်၊ အခုနောင်ပါ၊
ဒုက္ခကွာ၍၊ ခေမာအထိ၊
စေ့စေ့စပ်စပ်၊ ကြိုးစားအပ်၊
မပြတ်ကြစေကွယ်။

(ဆင်ကျုံးဆရာတော် ဘဒ္ဒန္တကောသလ္လ)

# ဗုဒ္ဓ၏သီလဆိုင်ရာဩဝါဒများ

ပဋိသန္ဓေ ပညာရှိ၍ သံသရာဘေးကို ရှုမြင်ပြီး သီလ၌တည်လျက် ပြင်းထန်စွာအားထုတ်သူသည် သမာဓိနှင့်ပညာကို ပွားများခြင်းအားဖြင့် ဤ ဇဋာတည်းဟူသော အရှုပ်အထွေးကို ဖြေရှင်းနိုင်ရာ၏။

(သံ၊ ၁၊ ၁၃)

သာသနာတော်၏အစသည်သီလ၊ အလယ်သည် သမာဓိ၊ အဆုံးသည်ပညာဖြစ်၏။ (ဝိ၊ ၅၊ ၂၈၈)

အို ဥပါသကာတို့ – သရဏဂုံသုံးပါး၊ ငါးပါး သီလကို စောင့်ကြကုန်လော့၊ လစဉ် ရှစ်ပါးသီလဥပုသ်ကို စောင့်ကုန်လော့၊ မိဘလုပ်ကျွေးမှုဝတ်ကို ဖြည့်ကျင့်ကြကုန်လော့၊ တရားစောင့်သောရဟန်းတို့ကို လုပ်ကျွေးကြကုန်လော့။ (အံ၊ ၄၊ ၂။ ၃၃၅)

မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့ – ၁။ အသက်ကိုသတ်ခြင်း စသည်တို့ မလွန်ကျူးခြင်းသည်

ပကာဘိသီလ မည်၏။ (ဝိသုဒ္ဓိ၊ ၁၊ ၁၅)

ဤကျင့်ဝတ်ကိုပြုရမည်ဟု မြတ်စွာဘုရားပညတ်ထားသောသိက္ခာပုဒ်ကိုဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ၊ ဤအမှုကိုမပြုရဟု မြတ်စွာဘုရားပယ်မြစ်ထားသည်ကို မပြုခြင်းသည် ဝါရိတ္တသီလမည်၏။

(ဝိသုဒ္ဓိ၊ ၁၊ ၁၅)

သီလမမြဲသော၊ သီလမရှိသောသူအား ပညာရှိခြင်းသည် အသုံးမဝင်၊ အကျိုးမရှိ။

(ဇာ၊ ဋ္ဌ၊ ၃၊ ၁၀၈)

သီလရှိသောသူတို့သည် မကောင်းမှုတို့ကိုမပြုကုန်။ သူမိုက်သည်မကောင်းသောအလေ့အကျင့်တို့ကို ပြု၏။

(ဇာ၊ ဋ္ဌ၊ ၃၊ ၁၀၈)

ရဟန်းတို့ - သီလမရှိသောသူအား လက်ခံရာအရပ်တို့သည် ငရဲဘုံနှင့်တိရစ္ဆာန်ဘုံဖြစ်သည်။

(အံ၊ ၁၊ ၁၆၂)

သီလရှိသောပုဂ္ဂိုလ်အားလျှုဒါန်းခြင်းကို အကျိုးကြီးများ၏ဟု ငါဘုရားဟောတော်မူ၏။ (အံ၊ ၁၊ ၁၆၂)

ရဟန်းတို့သည် သီလအဆင်တန်ဆာရှိမှ တင့်တယ်၏။

သီလနှင့်တူသော နတ်ပြည်သို့တက်ရောက်ရာ စောင်းတန်း အခြားဘယ်မှာ ရှိအံ့နည်း။ သီလသည် နိဗ္ဗာန်မြို့ဝင်ရာတံခါးဖြစ်၏။

(အံ၊ ဋ္ဌ၊ ၂၊ ၃၃၉)

လောက၌ သီလသည်သာလျှင် ကောင်း၏။ သီလသည်သာလျှင် မြတ်၏။

(ဇာ၊ ဋ္ဌ၊ ၂၊၃၈၇)

(ဗုဒ္ဓဒေသနာတော်အညွှန်းမှ)

# သီလ သမာဓိ ပညာ တရားစကားကိုသာ များစွာဟောတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်ကျောင်း၌ နေတော်မူစဉ် (လာမည့်တစ်နှစ် လွန်မြောက် သုံးလရောက်လျှင် ပရိနိဗ္ဗာန် စံဝင်တော်မူတော့ မည်ဖြစ်ရကား) ပရိနိဗ္ဗာန်စံဝင်ချိန် နီးကပ်လာပြီဖြစ်သော ကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော်-ဤကားသီလတည်း၊ ဤကားသမာဓိတည်း၊ ဤကား ပညာတည်း ဟူသော တရားစကားကိုသာ ရဟန်းတို့ကို ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

ရာဇဂြိုဟ်မှ အမ္ဗလဋ္ဌိကာ (သရက်ဥယျာဉ်) ၌ သီတင်းသုံးနေတော်မူစဉ်အခါ၌လည်း သီလ၊ သမာဓိ၊ ပညာ တရားစကားတို့ကိုသာ ဟောတော်မူပါသည်။

အမ္ဗလဋ္ဌိကာ (သရက်ဥယျာဉ်) မှ နာဠန္ဒမြို့၊ ပါဝါရိကသူဌေး၏သရက်ဥယျာဉ်၌ သီတင်းသုံးစဉ်အခါ လည်း သီလ၊ သမာဓိ၊ ပညာ တရားတို့ကိုသာ ဟော

ကြားတော်မူပါသည်။

နာဠန္ဒမြို့မှ ပါဋလိပုတ်ရွာသို့ ကြွတော်မူပြီး ရွာအလယ် ဧည့်တည်းခိုရာဇရပ်တွင် ပါဋလိပုတ်ရွာသား ဥပါသကာများကိုလည်း သီလပျက်စီးသူ၏အပြစ်ငါးပါး၊ သီလရှိသူ၏အကျိုးငါးပါးကို ဟောကြားတော်မူပါသည်။

(မဟာဗုဒ္ဓဝင်၊ ပဉ္စမတွဲ၊ နှာ ၂၆၅ မှ ၂၇၉)

# သီလရှင်းတမ်း

## သီလခေါ်ခြင်းအကြောင်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသော မဟာဗုဒ္ဓဝင် ပဌမတွဲ (ပဌမပိုင်း)၊ စာမျက်နှာ (ပ) မှ ကောက်နုတ် ဖော်ပြခြင်းဖြစ်ပါသည်။

**အဘယ်အနက်ကြောင့် သီလမည်သနည်း**

ဟူသောအမေး၌ သီလ ဟူသောစကားသည် ပါဠိအတိုင်း ခေါ်ဆိုထားသောမြန်မာဝေါဟာရဖြစ်၏။ ပါဠိအတိုင်း ခေါ်ဆိုထားသည့် ဒါန ပြုသည်ဟူသောမြန်မာစကားကို ပေးကမ်းစွန့်ကြဲမှု ပြုသည်ဟု ပြောဆိုနိုင်သော်လည်း သီလ ဆောက်တည်သည် ဟူသောမြန်မာစကားကိုကား ရှင်းရှင်းလင်းလင်း မပြောဆိုနိုင်ကြသည်က များ၏။

သီလသဒ္ဒါသည် ကောင်းသောအကျင့်ဟူသော အနက်ကိုဟောပါသည်။ ကောင်းသောအကျင့်ဆိုသည်

မှာလည်း

- ကောင်းစွာထားရှိခြင်း။
- ကောင်းစွာဆောင်ရွက်ခြင်း ဟူ၍ သီလသဒ္ဒါ၏ အနက်နှစ်မျိုးရှိ၏။

ကောင်းစွာထားရှိခြင်း

ဟူသည် ကာယကံနှင့်ဝစီကံမှုတို့ကို ဖရိုဖရဲမရှိစေခြင်းပင်ဖြစ်၏။ သီလမစောင့်ထိန်းသောသူတို့၏ သန္တာန်၌ ကာယကံမှု အပြုသဘော၊ ဝစီကံမှု အပြောအဆိုသဘောတို့သည် အထိန်းမရှိသောချည်ခင်ပမာ ဖြစ်လိုရာဖရိုဖရဲ ဖြစ်ပေါ်နေတတ်ကြ၏။ သီလစောင့်ထိန်းထားလိုက်သောအခါ ထိုကာယကံမှု၊ ဝစီကံမှုတို့သည် ဖရိုဖရဲမဖြစ်တော့ချေ။ စိတ်နေထက်မြက် ကြမ်းခက်သောသူပင်ဖြစ်စေကာမူ သီလကိုဆောက်တည်ကျင့်သုံးခိုက်တွင် ထိုသူကို အခြားသူတစ်ယောက်ကမခံနိုင်အောင်လာရောက်ပြောဆိုပြုမူလာလျှင် ထိုသူသည် သီလမဆောက်တည်သောအခါဖြစ်က အတုံ့အပြန်လက်စားချေသောအားဖြင့် ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုတို့ကို ဖရိုဖရဲပြုမူပြောဆို ဖြစ်မည် ဖြစ်သော်လည်း သီလဆောက်တည်ထားသည့်အတွက် မိမိစိတ်ကို ထိန်းအုပ် ချုပ်တည်းကာ

ကာယကံမှု၊ ဝစီကံမှု သောင်းကျန်းခြင်းမရှိရလေအောင် ကောင်းစွာ ထားနိုင်လေသည်။ ဤကား **ကောင်းစွာ ထားရှိခြင်း** ဟူသော ပဌမအနက်၏ အကျယ်အဓိပ္ပါယ် တည်း။

**ကောင်းစွာဆောင်ရွက်ခြင်း**

ဟူသော ဒုတိယအနက်၏အဓိပ္ပါယ်ကား ကုသိုလ်တရား ဟူသမျှသည် သီလနှင့်ကင်း၍ကောင်းစွာမဖြစ်နိုင်။ သီလ ရှိသောသူတို့၏သန္တာန်၌သာ ကုသိုလ်တရားတို့ကောင်း စွာဖြစ်ပွားနိုင်သည်။ သို့ဖြစ်၍သီလသည်ကုသိုလ်တရား ဟူသမျှတို့၏ မူလတည်ရာ အကြောင်းရင်းဖြစ်ရကား စတုဘူမက ကုသိုလ်တရားတို့ဖြစ်ပွားအောင် ဆောင်ရွက် တတ်သောတရား ဖြစ်လေသည်။

ပါရမီတော်ခန်း၌ သုမေဓာရှင်ရသေ့သည် ဒါန ပါရမီကို ရှေးဦးစွာဉာဏ်ဖြင့်ဆင်ခြင်တွေ့မြင်တော်မူသော ကြောင့် ဒါနပါရမီကို ဦးစွာ အားထုတ်ရမည့်အကြောင်း မိမိကိုယ်ကိုမိမိ ဆုံးမထားသော်လည်း သီလကိုမစောင့် ထိန်းဘဲ ရှေးဦးစွာ ဒါနကိုသာအားထုတ်ရမည် (လှူရ မည်) ဟုမဆိုလို။ ဘုရားဖြစ်အောင်ပြုနိုင်သောအကြောင်း

တရားတို့ကို ဆင်ခြင်စူးစမ်းတော်မူရာ သုမေဓာရှင်ရသေ့၏ပါရမီ ပဝိစယ ဉာဏ်တော်ဝ၌ ပဌမဦးစွာ ဒါနပါရမီ ထင်မြင်လာသောကြောင့်သာ ဣမံ တွံ ပဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ – ဤဒါနပါရမီကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် အထွတ်အထိပ်ရောက် ဖြည့်ကျင့်လော့ ဟု ဟောထားတော်မူခြင်း ဖြစ်သည်။ သီလကိုလုံးဝအားမထုတ်ခင် ကြိုတင်၍ ဒါနကိုသာ ဦးစွာအားထုတ်ရမည်ဟုမဆိုလို။

ပါရမီတော်တို့ကို ပဌမ၊ ဒုတိယ စသည်ဖြင့် စီစဉ်ဟောကြားထားခြင်းမှာ ကျင့်စဉ်ကိုပြလို၍ထားသည် မဟုတ်။ ပါရမီ ပဝိစယ ဉာဏ်တော်ဝ၌ ပဌမ၊ ဒုတိယ စသည့်အစဉ် ထင်မြင်လာသည့်အတိုင်းသာပြဆိုခြင်းဖြစ်သည်။ တချိန်တည်းတခဏတည်း၌တပြိုင်နက်တည်း ပါရမီဆယ်ပါးလုံး ဉာဏ်တော်၌မထင်မြင်နိုင်။ ဤသို့ ဉာဏ်တော်ဝ၌ ပဌမဦးစွာထင်မြင်လာသည်ကိုစွဲ၍ ဒါနပါရမီကို အစထား ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ပြုကျင့်အားထုတ်ရာ၌ကား သီလ၌တည်၍ ဒါနကိုအားထုတ်မှသာလျှင် မိမိဖက်က ဒက္ခိဏာဝိသုဒ္ဓိ – အလှူ၏ စင်ကြယ်ခြင်းဖြစ်နိုင်ပေမည်။ သီလဆောက်တည်ကျင့်သုံး

ခြင်း ရှေ့သွားရှိသောဒါနဖြစ်မှ သာလွန်၍အကျိုးရနိုင်ပေသည်။

ထိုကြောင့်ပင် ဒါယကာ၊ ဒါယိကာမတို့က သင်္ကန်းစသော လှူဖွယ်ဝတ္ထုတို့ကိုလှူဒါန်းရန် သံဃာတော်များကိုပင့်ဖိတ်သောအခါ သံဃာတော်များက (သီလပေးရန်ဟူ၍ မူလပင့်ဖိတ်စဉ်ကလျှောက်ထားချက်မပါစေကာမူ) ရှေးဦးစွာသီလပေးပြီးမှ လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းစေတော်မူကြသည်။

ဤသို့ဆိုအပ်ပြီးသော စကားရပ်စုကို ထောက်၍ အဘယ်ကြောင့် သီလခေါ်သနည်း ဟုအမေးရှိလျှင်

၁။ ကာယကံမှု၊ ဝစီကံမှုတို့ကို ရန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးဘဲ သိမ်မွေ့ နူးညံ့အောင် ကောင်းစွာထားတတ်သောကြောင့်လည်းကောင်း။

၂။ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာကုသိုလ် တည်းဟူသော ကုသိုလ်လေးမျိုးတို့ကို အဆင့်ဆင့်ဖြစ်ပွားအောင် အခြေခံအကြောင်းရင်း အဖြစ်ဖြင့်

ကောင်းစွာ ဆောင်ရွက်တတ်သောကြောင့်
လည်းကောင်း။

သီလခေါ်သည်ဟု ပြတ်ပြတ်သားသား ဖြေကြားရာ၏။

# သီလ၏အကျိုးအာနိသင်

သီလနှင့်ပြည့်စုံသောသူသည် အောက်ပါအကျိုး အာနိသင်များကို ရနိုင်ပါသည်–

၁။ သီလကိုစောင့်ထိန်းရာ၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို အခြေခံထား၍ များစွာ သောစည်းစိမ်ဥစ္စာတို့ကို ရရှိနိုင်ခြင်း။

၂။ ကောင်းမြတ်သောဂုဏ်သတင်း ကျော်စော သံ ပေါ်ထွက် လွှမ်းမိုးနိုင်ခြင်း။

၃။ မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူဌေး သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်တည်း ဟူသော ပရိသတ်လေးပါးရှိရာဝယ် မည် သည့် ပရိသတ်မဆို (မိမိက သီလရှိနေ သည့်အတွက်) မကြောက်မရွံ့ ဝံ့ဝံ့စားစား မျက်နှာမငယ် တင့်တယ်ရွှင်လန်းစွာ ချဉ်း ကပ် သက်ဝင်နိုင်ခြင်း။

၄။ အသက်တမ်းပြည့်နေ၍ သေရသော်လည်း

မတွေဝေဘဲ ကောင်းမွန်စွာ သေရခြင်း။
(သီလမရှိသောသူမှာ သေခါနီးကာလ၌
ငါကား ကောင်းမှုတို့ကို မပြုမိချေတကား
စသည်ဖြင့် နှလုံးမသာယာမြဲ ဖြစ်သည်။
သီလရှိသောသူကား ထိုသို့သော နှလုံး
မသာယာမှုမျိုး စိုးစဉ်းမျှမရှိ။ မိမိပြုခဲ့သော
ကုသိုလ်ကံစသည်တို့က ထိုခဏဝယ် ထင်
လာသောကြောင့် မြေအိုးကိုစွန့်၍ ရွှေအိုး
ကိုရအံ့သောသူကဲ့သို့ မတွေမဝေ မကြောက်
မရွံ့ စိတ်ကြည်လင်စွာ သေရသည်။)

၅။ သေသည့်နောက်တွင် သုဂတိဘုံဘဝခေါ်
သော လူ့ပြည် နတ်ပြည်၌ ဖြစ်ရခြင်း။

(ဒီ၊ ၂၊ ၇၃၊ မျက်နှာ၊ အံ၊ ၂၊ ၂၂၁၊ မျက်နှာ၊
ဝိ၊ ၃၊ ၃၂၂ မျက်နှာ တို့မှ)

## သီလပျက်ခြင်းအပြစ်လင်္ကာ

စည်းစိမ်ပျက်လျှင်း၊ သတင်းဆိုးနံ့၊ ကြောက်ရွံ့ပရိသာ၊ သေခါတွေဝေ၊ သေငရဲလား၊ ပြစ်ငါးပါး၊ မှတ်သား ဒုဿီလ။

## သီလပြည့်စုံခြင်းအကျိုးလက်ာ

စည်းစိမ်ရလျှင်း၊ သတင်းကောင်းပျံ့၊ မရွံ့ပရိသာ၊ သေခါမတွေ၊ သေရွာနတ်လား၊ ကျိုးငါးပါး၊ မှတ်သား သီလဝန္တ။

ထိုမှတပါးလည်း မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အာကင်္ခေယျသုတ်၌ သီတင်းသုံးဖော်တို့ချစ်ခင်ကြည်ညို ခြင်းအစ အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးတို့ကို ရနိုင်ကြောင်း ဟောပြထားသည်။ အကျယ်ကို ပိဋကတ် မြန်မာပြန်ဖော်ပြရာပါ အာကင်္ခေယျသုတ်မှ ယူကြပါကုန်။

# သီလအပြား (သီလအမျိုးမျိုး)
## နှစ်ပါးတွဲသီလစု

သီလသည်မည်မျှအပြားရှိသနည်း ဟူသော အမေး၌ သီလမှရရှိထိုက်သောအပြားများကား သီလသည် စာရိတ္တသီလ၊ ဝါရိတ္တသီလ အားဖြင့် နှစ်ပါးအပြားရှိပါ၏။

ဤ စာရိတ္တသီလ၊ ဝါရိတ္တသီလ နှစ်ပါးတို့၏ အထူးကိုသာမန်အားဖြင့် မကျင့်သော်လည်းအပြစ်မရှိ၊ ကျင့်လျှင်တိုးတက်၍ သီလဖြူစင်သောသီလမျိုးသည် စာရိတ္တသီလမည်၏။ မြတ်စွာဘုရားကမပြုကောင်း ဟု တားမြစ်ထားသောအရာကို အသက်ပင်သော်လည်း စွန့်၍ မလွန်မကျူး စောင့်ထိန်းသောသီလသည် ဝါရိတ္တသီလမည်၏။

လူတို့အတွက်ကား စာရိတ္တ၊ ဝါရိတ္တ ခွဲခြားရာ၌ ရှောင်ကြဉ်ရမည့် ဒုစရိုက်မှုချင်းတူစေကာမူ–

၁။ အကြောင်ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေ အကျိုးကို ပေးနိုင်သောသဘောရှိ၏။ ထိုသို့သော အပါယ်ပဋိသန္ဓေအကျိုးကို ပေးနိုင်သည့် ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏။

၂။ အကြောင်ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေ ကျိုးကိုပေးနိုင်သည်လည်းရှိ၏။ မပေးနိုင် သည်လည်းရှိ၏။ ထိုသို့သောသဘော ရှိသောဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းသည် လည်းကောင်း၊ သက်ကြီးရွယ်ရင့်ပုဂ္ဂိုလ်တို့ အားရိုသေမှုစသည်လည်းကောင်း စာရိတ္တ သီလမည်၏။

ဥပမာ– လူတို့ကျင့်သုံးအပ်သော ငါးပါးသီလ ရှိရာ ထိုငါးပါးသီလလာ ရှောင်ကြဉ်ရမည့် သူ့အသက် ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ သူ့အိမ်ရာကိုကျူး လွန်ခြင်း၊ မုသားပြောဆိုခြင်း၊ သေအရက်သောက်ခြင်း တည်းဟူသော ဒုစရိုက်တို့မှာ လွန်ကျူးလျှင် အပါယ် ပဋိသန္ဓေကျိုးကို ပေးပင်ပေးနိုင်စွမ်းသည့်ဒုစရိုက်မှုမျိုး

ဖြစ်သည်။ ထိုဒုစရိုက်မှုမျိုးမှရှောင်ကြဉ်ခြင်း (ငါးပါးသီလ) သည် ဝါရိတ္တသီလမည်၏။

မှတ်ချက်။ သီလအပြား (သီလအမျိုးမျိုး) ကား နှစ်ပါးတွဲ၊ သုံးပါးတွဲ၊ လေးပါးတွဲ၊ ငါးပါးတွဲ အစုထိရှိပါသည်။ အခြေခံကျသော နှစ်ပါးတွဲစုကိုသာ ဖော်ပြခြင်း ဖြစ်ပါသည်။ ရဟန်းသာမဏေတို့အတွက် ဖော်ပြခြင်း မပြုတော့ပါ။ သီလအကြောင်းအသေးစိတ်အကျယ်ကိုသိလိုပါက သာသနာရေးဝန်ကြီးဌာနကထုတ်ဝေသော မဟာဗုဒ္ဓဝင်၊ ပဌမတွဲ (ပဌမပိုင်း)၊ ပဉ္စမတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက် စာအုပ်များကို ဖတ်ရှုစေလိုပါသည်။

# သီလညစ်ညူးကြောင်းနှင့် ဖြူစင်ကြောင်း

သီလ၏ညစ်ညူးကြောင်းတရားကား အဘယ်နည်း။
သီလ၏ဖြူစင်ကြောင်းကား အဘယ်နည်း။

ဤ အမေးစကား၌ သီလညစ်ညူးကြောင်းတရား နှင့် ဖြူစင်ကြောင်းတရားတို့မှာ တွဲစပ်၍ပြဆိုသင့်သော အရာစု ဖြစ်သည်။

ညစ်ညူးကြောင်းတရား ဟူသည် သီလ၏ပြတ်ခြင်း၊ သီလ၏ပေါက်ခြင်း စသောသဘောစုဖြစ်၍ ဤမှ ပြန်သောအားဖြင့် သီလ၏မပြတ်ခြင်း၊ မပေါက်ခြင်း စသည်တို့သည် သီလ၏ဖြူစင်ကြောင်း ဖြစ်ကုန်၏။

လူတို့သီလ၊ ရဟန်းတို့သီလ နှစ်မျိုးလုံးမှာပင် အစ၌ဖြစ်စေ၊ အဆုံး၌ဖြစ်စေ သိက္ခာပုဒ်တခုစီပျက်စီးလျှင် ကျိုးသတ် ပြတ်သည် မည်၏။ အလယ်၌ သိက္ခာပုဒ် ပျက်စီးလျှင် ပေါက်သည်မည်၏။ အစ၌ဖြစ်စေ၊ အလယ် ၌ဖြစ်စေ၊ အဆုံး၌ဖြစ်စေ သိက္ခာပုဒ်နှစ်မျိုးသုံးမျိုးဆက်၍ ပျက်စီးလျှင် ကျားသည် မည်၏။ သိက္ခာပုဒ်တခုကျော်

စသည်ဖြင့် အကြားအကြား၌အနံ့အပြား သိက္ခာပုဒ်ပျက်စီးလျှင် ပြောက်သည် မည်၏ ဟုဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

၁။ အင်္ဂါရှစ်ပါး၊ အလယ်ကြားက၊ တစ်ပါးပါးပျက်၊ ဥပုသ်တွက်၊ **ပေါက်ပျက်** သည်ဟုခေါ်။

၂။ အင်္ဂါရှစ်ပါး၊ တစ်မျိုးအားဖြင့်၊ ကြိုးကြားပြိုးပြောက်၊ ယွင်းသွေဖောက်၊ အပြောက် ဥပုသ်ခေါ်။

၃။ နွားကြောင်နွားကျား၊ ပုံအလားသို့၊ နှစ်ပါးသုံးပါး၊ အများဆက်လျက်၊ တရားပျက်၊ **ကျား ကွက်** စသည်ခေါ်။

ထိုမှတပါးလည်းအောက်ဖော်ပြပါယုတ်ညံ့သော တရားများကြောင့်လည်း သီလညစ်နွမ်းရ၏–

၁။ ကောဓ　　အမျက်ထွက်ခြင်း။

၂။ ဥပနာဟ　　ရန်ညိုးဖွဲ့ခြင်း။

၃။ မက္ခ　　သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း။

၄။ ပဠာသ အပြိုင်ပြုခြင်း။

၅။ ဣဿာ သူတပါးစည်းစိမ်ကို မနာလိုခြင်း။

၆။ မစ္ဆရိယ မိမိစည်းစိမ်ကို နှမြောဝန်တိုလျှို့ဝှက်ခြင်း။

၇။ မာယာ မိမိ၌ထင်ရှားရှိသောအပြစ်ကိုဖုံးလွှမ်းခြင်း။

၈။ သာဌေယျ မိမိ၌ ထင်ရှားမရှိသောဂုဏ်ကိုထင်ပေါ်အောင်ပြုလုပ်ခြင်း။

သီလဖြူစင်ကြောင်း ကား အထက်ပါသီလညစ်ညူးကြောင်း၏အပြန် (ပြောင်းပြန်) ဖြစ်သော ပြဆိုခဲ့သည့်အတိုင်း သီလသည်-

၁။ မကျိုးမပြတ်ခြင်း။

၂။ မပေါက်ခြင်း။

၃။ မကျားခြင်း။

၄။ မပြောက်ခြင်း။

၅။ တဏှာကိုတော်လှန်နိုင်ခြင်း။

၆။ ပညာရှိတို့ ချီးမွမ်းအပ်ခြင်း။

၇။ တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်မခံရခြင်း။

ဤ အင်္ဂါ ခုနစ်ပါးသည် သီလဖြူစင်ကြောင်း တရား ဖြစ်ကုန်၏။ ဤခုနစ်ပါးနှင့် ပြည့်စုံသောသီလ သည်သာ သမာဓိကိုဖြစ်စေနိုင်သည်။ ထို့ကြောင့်သမာဓိ ကိုရယူလိုသောပုဂ္ဂိုလ်မြတ်သည် မိမိ၏သီလကို ဤအင်္ဂါ ခုနစ်ပါးနှင့်ပြည့်စုံအောင်အားထုတ်ရာ၏။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သီလကို ရစ်မသည် မိမိ၏ အသက်ကိုစွန့်ကာ ဥကိုစောင့်ရှောက်သကဲ့သို့လည်းကောင်း၊ စာမရီသားကောင်သည်အသက်ကိုစွန့်ကာ မြီးဆံကိုစောင့် ရှောက်သကဲ့သို့လည်းကောင်း၊ သားတစ်ယောက်တည်း သာ ရှိသောသူသည် မိမိ၏ တစ်ဦးတည်းသောသားကို ယုယုယယစောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မျက်စိ တစ်ဖက်ကန်းသူသည် ကျန်သောမျက်စိတဖက်ကို ယုယု ယယစောင့်ရှောက်သကဲ့သို့လည်းကောင်း ထို့အတူ သီလ ကိုစောင့်ထိန်းကုန်သောသူတို့သည် အရွယ်သုံးပါးလုံး၌ပင် သီလကို အလေးထားကာ စောင့်ရှောက်ထိန်းသိမ်းကြရာ သတည်း။

# ငါးပါးသီလစောင့်ထိန်းသူတို့အတုယူရန်

# ဂရုဓမ္မဇာတ်တော်

(ဂရုဓမ္မ–အလေးအမြတ်ပြုရမည့်တရားနှင့်အကျင့်)

ငါးပါးသီလစောင့်ထိန်းမှု အတုယူနိုင်ရန်အလို့ငှာ ဇာတကပါဠိ (ပဌမတွဲ) နှင့်ဇာတကအဋ္ဌကထာ (ဒုတိယတွဲ)၊ တိကနိပါတ်လာ အလောင်းတော်ဓနဉ္စယကောရဗျမင်းနှင့်ပုဂ္ဂိုလ် ၁၀ ဦးတို့၏ ငါးပါးသီလ စောင့်ထိန်းပုံမှာအလွန်အတုယူစရာကောင်းသည့်အပြင် ဇာတ်အဋ္ဌကထာတွင် ကုရုဓမ္မ ဟုဖော်ပြထားပြီး ကုရုဓမ္မောနာမ ပဉ္စသီလာနိ ဟု ဖွင့်ဆိုထားပါသည်။ ကုရုဓမ္မ ဟူသည် ပဉ္စသီလ (ငါးပါးသီလ) ဖြစ်ပါသည်။ ကုရုတိုင်းသားများကျင့်သုံးသောသီလဖြစ်သောကြောင့် ကုရုဓမ္မ ဟုခေါ်သည်။

ဤနေရာတွင် ဂရုဓမ္မဇာတ်တော်အကျဉ်းကိုသာ ဖော်ပြပါမည်။

ရှေးရှေးအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည် (ယခု နယူးဒေလီ ဟုဆိုပါသည်) ၌ ဘုရားအလောင်းတော်သည် ဓနဉ္စယကောရဗျအမည်ဖြင့် မင်းကျင့်တရား ၁၀ ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်၏။ ငါးပါးသီလဂုရုဓမ္မတရားကိုအထူးလုံခြုံအောင်စောင့်ထိန်း၏။ ဓနဉ္စယကောရဗျမင်းနည်းတူ အောက်ပါပုဂ္ဂိုလ် ၁၀ ဦးတို့သည်လည်း ငါးပါးသီလကို စင်ကြယ်စွာ အထူးလုံခြုံအောင်စောင့်ထိန်းကြ၏–

၁။ ဘုရင်မင်းမြတ်၏မယ်တော်။

၂။ ဘုရင်မင်းမြတ်၏ မိဖုရားကြီး။

၃။ ညီတော်အိမ်ရှေ့မင်း။

၄။ ပုရောဟိတ်ပုဏ္ဏား။

၅။ ကြိုးဆွဲအမတ် (မြေတိုင်းအမတ်)။

၆။ ရထားထိန်း။

၇။ သူဌေးကြီး။

၈။ ပြည်စိုးအမတ် (တည်သည်အမတ်)။

၉။ တံခါးစောင့် (တံခါးမှူး)။

၁၀။ ပြည့်တန်ဆာမ။

မင်းကြီးသည် မြို့တံခါး လေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါး၊ ဤခြောက်ဌာနတွင်အလှူမဏ္ဍပ်ခြောက်ခုဆောက်ပြီး နေ့စဉ် ခြောက်သိန်းဖိုးအလှူဒါနပြုသဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံး ချီးမွမ်းသတင်း ပျံ့နှံ့ကျော်စောသည်။

ထိုအချိန် ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့၌ ကာလိင်္ဂမင်းအုပ်စိုး၍နေ၏။ ထိုတိုင်းပြည်တွင်မိုးခေါင်သဖြင့် တိုင်းသူပြည်သားများ ငတ်မွတ်ခေါင်းပါးပြီးရောဂါဘယထူပြောသည့်အတွက် ပြည်သူများစုရုံးလျက် နန်းတော်တံခါးဝသို့သွားရောက် ဟစ်အော်ကြသည်။

ထိုအခါကာလိင်္ဂမင်းသည် ရှေးမင်းများ၏ကျင့်စဉ်အတိုင်းအလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်းတို့ကိုပြုလျက် ကျက်သရေရှိသောတိုက်ခန်း၌ မြေစာမြက်ကိုခင်း၍ အိပ်စက်ခြင်းအမှုကိုပြုလေသည်။ ထိုကဲ့သို့ကျင့်ကြံသော်လည်း မိုးကားမရွာချေ။ ထိုအခါအမတ်တို့က ကုရုတိုင်း ဓနဥ္စယကောရဗျမင်းအထံမှ အဉ္စနဝဏ္ဏမင်္ဂလာဆင်တော်ကိုဆောင်ယူရပါလျှင် မိုးရွာပါလိမ့်မည်ဟုလျှောက်ထားကြ၏။ မင်းလည်းပုဏ္ဏားတော် ရှစ်ယောက်ကို ရွေးချယ်ပြီးလျှင် ဆင်ဖြူတော်ကိုအလှူခံတော်မူ၏။ ဆင်ဖြူတော်ရရှိလာသော်လည်း

မိုးကားမရွာချေ။ တဖန်အမတ်များနှင့်တိုင်ပင်ပြန်သော် ဓနဥ္စယျကောရဗျမင်းသည် ဂရုဓမ္မ (ငါးပါးသီလ) ကို ကျင့်၏။ ထိုကြောင့်လခွဲတစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ် မင်း၏အာနုဘော်ကြောင့် မိုးရွာ၏။ ဆင်တော်ကြောင့် မဟုတ်ကြောင်းလျှောက်ထားကြရာ ဆင်တော်ကိုပြန်ပို့စေ ပြီး မင်းကြီးစောင့်ထိန်းသည့်ဂရုဓမ္မတရား (ငါးပါးသီလ) ကိုရွှေပြား၌ရေး၍ယူခဲ့ကြလော့ဟုမိန့်တော်မူ၏။ ကာလိင် မင်း၏အမိန့်တော်အရအမတ်တို့သည် ဓနဥ္စယျကောရဗျ မင်းထံသို့သွားရောက်၍ ဂရုဓမ္မတရားကိုတောင်းခံကြ၏။

ဓနဥ္စယျကောရဗျမင်း။ တစ်ကြိမ်က ငါ သည် ကြတ္တိကာနက္ခတ်ပွဲသဘင်၌ မြားပစ်ကစားစဉ်မြား တစ်စင်းသည် ရေထဲကျသွားရာရေထဲ၌ငါးများအား မြား ထိသွားမည်ကို သံသယဖြစ်မိ၍ ငါ၏ဂရုဓမ္မတရားသည် မစင်ကြယ်ချေ။ မယ်တော်ထံသို့သွားရောက်ကူးကြရန် မိန့်ကြားသည်။

အမတ်တို့က မင်းကြီး၌သေစေလိုသောစေတနာ မပါသည့်အတွက် ပါဏာတိပါတကံမထိုက်နိုင်ပါဟု ဆို ပြီး ရေးကူးခွင့်တောင်းပြန်သည်။

ထိုအခါမင်းကြီးက ဂရုဓမ္မကို ဤသို့ရေးသား

စေ၏။

- သတ္တဝါတို့ကို မသတ်အပ်။
- အရှင်မပေးသော ဥစ္စာတို့ကို မခိုးယူအပ်။
- ကာမဂုဏ်၌မှားယွင်းသောအကျင့်ကို မကျင့်အပ်။
- မုသာဝါဒကို မဆိုအပ်။
- ယစ်မျိုးကို မသောက်စားအပ်။

အမတ်တို့သည်ထိုမှတဖန် မယ်တော်ထံသွား၍ ဂရုဓမ္မတရားကို တောင်းပြန်သည်။

မယ်တော်။ တရံသောအခါ တိုင်းတပါးမင်းသည် သားတော်မင်းကြီးကိုတစ်သိန်းတန်စန္ဒကူးနှစ်တခုနှင့်တစ်ထောင်တန်ရွှေပန်းခိုင်တို့ကိုဆက်သရာ သားတော်ကမယ်တော်အားပေးသည်။ မယ်တော်သည် ဘုန်းကြီးသည်ဆို၍ ရွှေပန်းခိုင်ကို မိဖုရားကြီးအားလည်းကောင်း၊ ဘုန်းနည်းသည်ဆို၍ စန္ဒကူးနှစ်ကိုအိမ်ရှေ့မင်းမိဖုရားအားလည်းကောင်း ပေးမိသည်။ ထိုနောက်တွင်မှ စဉ်းစားမိသည်မှာ ဘုန်းကြီးမှု မကြီးမှုသည် အဓိကမဟုတ်၊ ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိအားဖြင့် ကြီးသူကိုသာ ဦးစားပေးရန်အစဉ်အလာရှိပါလျက် ငါ၏အပြုအမူကြောင့် ဂရုဓမ္မပျက်ယွင်း

သည်။ ဤသို့လျှင် သံသယရှိသဖြင့် အမတ်တို့အား ဘုရင့်မိဖုရားထံ သွားရောက်ကူးယူရန်မိန့်ကြားပါသည်။

အမတ်တို့က ဘုရင်ပေးပြီးလျှင် မိမိပိုင်ပစ္စည်းဖြစ်ပြီဖြစ်ကြောင်း၊ မိမိအလိုဆန္ဒအတိုင်းပေးလိုရာကို ပေးနိုင်ကြောင်းလျှောက်ထားကာ ဘုရင့်မယ်တော်ထံမှဂရုဓမ္မတရားကိုကူးယူကြ၏။ ထိုမှဆက်၍ မိဖုရားကြီးထံသို့သွားကြပြန်သည်။

**မိဖုရားကြီး**။ တကြိမ်သောအခါဘုရင်မင်းမြတ်နှင့်အိမ်ရှေ့မင်းသားတို့ အတူတကွ ဆင်တော်စီးလျက်မြို့ကို လှည့်လည်ရာ အိမ်ရှေ့မင်းကို နှစ်သက်မိသည်။ အိမ်ရှေ့မင်းသည်ဘုရင်ဖြစ်သည့်အခါငါ့ကိုမိဖုရားအဖြစ်တင်မြှောက်ကအလွန်သင့်မြတ်ပေမည် ဟုတွေးမိသည်။ ထိုနောက်မှ ငါသည်ကာမပိုင်ရှိပါလျက် တပါးသောသူကိုမတပ်မက်အပ်ဟုသတိရပေသည်။ ငါ၏သီလပျက်ပြီဟုသံသယရှိသောကြောင့် အိမ်ရှေ့မင်းထံ သွားရောက်ကူးယူရန် ဆိုပြန်ပါသည်။

အမတ်တို့က ကာမေသုမိစ္ဆာစာရဆိုသည်မှာ စိတ်တွင်ကြံစည်ရုံမျှဖြင့် မမြောက်ပါဟုဆိုကာ ဂရုဓမ္မတရားကို

ကူးယူကြပြန်သည်။ ထိုမှတဖန်အိမ်ရှေ့မင်းထံသွားကြ၏ ။

**အိမ်ရှေ့မင်း**။ ဘုရင်းမင်းမြတ်သည်နန်းတော်သို့ ရထားဖြင့်ကြွလေ့ရှိသည်။ နန်းတော်၌ ကျိန်းစက်မည်ဆိုလျှင် ရထားဦးတွင်ကြိုးနှင့်နှင်တံကိုချိတ်ထားခဲ့ရသည်။ နန်းတွင်း၌ကျိန်းစက်မှုမပြုဘဲ ယခုပင်ပြန်၍ကြွမည်ဆိုပါက ကြိုးနှင့်နှင်တံကိုရထားတွင်း၌ထားခဲ့ရသည်။ ဤသို့လျှင်အမှတ်အသားပြုခဲ့ရာ တနေ့သောအခါ မင်းကြီးသည် နန်းတော်သို့လာရာဝယ် ချက်ချင်းပင်ပြန်မည်ဆိုသဖြင့် ကြိုးနှင့်နှင်တံကို ရထားအတွင်း၌ထားခဲ့သည်။ ရုတ်တရက် မိုးကြီးသည်းစွာရွာသွန်းရာ ဘုရင်မင်းမြတ်က နန်းတွင်း၌ကျိန်းစက်မည်ဖြစ်ကြောင်း အမိန့်တော်ရှိသဖြင့် နန်းတွင်း၌အိပ်ရသည်။ နံနက်မိုးသောက်သောအခါရထားထိန်းနှင့်အစောင့်ရဲမက်တို့မှာတညလုံးမိုးရေထဲ၌စောင့်နေကြရသည်ကိုတွေ့ရသည်။ ဤသို့တွေ့မြင်ရသော် လူတွေပင်ပန်းအောင်ပြုမိချေပြီ၊ တရားပျက်လေပြီဟုသံသယရှိသဖြင့် ဂရုဓမ္မတရားကို ပုရောဟိတ်ပုဏ္ဏားအထံမှတောင်းယူရန် ပြောကြားသည်။

အမတ်တို့က စိတ်စေတနာ မပါသည့်အတွက်

အပြစ်မရှိနိုင်ပါ ဟုဆိုကာ ဂရုဓမ္မတရားကိုကူးယူကြပြီး ပုဏ္ဏားထံသို့ ထပ်မံ၍သွားကြပြန်သည်။

ပုရောဟိတ်ပုဏ္ဏားကြီး။ တကြိမ်ကမင်းကြီးထံသို့ အခစားသွားရောက်ရာ လမ်းခရီး၌ တပါးသောမင်းက ဘုရင်ထံဆက်သရန်ယူလာသောရထားတစ်စီးကိုမြင်သော် ထိုရထားကို ငါ့အားပေးသော်ကောင်းလေစွ ဟု စိတ်အကြံဖြစ်မိသည်။ နန်းတော်သို့ရောက်သော် မင်းကြီးက ရထားသည်အလွန်ပင်ကောင်းမြတ်လှ၏၊ ဆရာပုဏ္ဏားနှင့်သင့်မြတ်၏ဟုမိန့်ကာငါ့အားပေး၏။ ငါသည် ဂရုဓမ္မကို စောင့်ထိန်းပါလျက် သူတပါးဥစ္စာကို လောဘတက်၍ကြံစည်မိသည်။ ငါ့သီလတရားပျက်ပြီဟုသံသယရှိသည်။ မြေတိုင်းအမတ် (ကြိုးဆွဲအမတ်) ထံသွားရောက်ကူးယူရန်စေလွှတ်သည်။

အမတ်တို့က လောဘဖြစ်ရုံမျှနှင့် သီလမပျက်နိုင်ပါဟုဆိုကာ တရားကိုကူးယူပြီး မြေတိုင်းအမတ်ထံသို့ ဆက်၍သွားကြပြန်သည်။

မြေတိုင်းအမတ်။ တစ်ကြိမ်သောအခါ သူကြွယ်တစ်ဦး၏မြေကိုတိုင်းရစဉ် လုံတံနှစ်ချောင်း၌ ကြိုးအစွန်

တစ်ဖက်စီချည်နှောင်ထားပြီး တစ်ခုသောလုံတံကိုလယ်ရှင် ကကိုင်ရသည်။ တစ်ခုသောလုံတံကို မြေတိုင်းအမတ် ကကိုင်၍ တိုင်းရသည်။ မြေတိုင်းအမတ်ကိုင်၍ တိုင်း သောလုံတံသည် တစ်ခုသောပုစွန်တွင်းဝ၌ စိုက်မိသည်။ ပုစွန်သည် ကရိ ဟူသောအသံကိုပြုသဖြင့် ပုစွန်သေအံ့ ထင်၍ ငါ့တရားပျက်ပြီဟု သံသယရှိသည်။ ရထားထိန်း ထံတွင်ကူးယူကြပါဟု ပြောဆိုသည်။

အမတ်တို့ကလည်း ပုစွန်ကိုသေစေလိုသောစိတ် စေတနာမပါသည့်အတွက် ပါဏာတိပါတကံ မမြောက်ပါ ဟုဆိုကာ တရားတော်ကို ကူးယူပြီး ရထားထိန်းထံသို့ သွားပြန်သည်။

ရထားထိန်း။ ငါ၏မြင်းများသည် သေချာစွာ သင်ကြားထားသည့်အတွက်လိမ္မာကြပါသည်။ တစ်ကြိမ် က ဘုရင်မင်းမြတ်သည် ရထားဖြင့်ဥယျာဉ်တော်သို့ကစား ထွက်တော်မူသည်။ အပြန်ခရီး၌မြို့တော်မရောက်မီ မိုး တိမ်များတက်လာသည်ကိုတွေ့ရသည်။ မိုးရွာက မင်း ကြီးကိုမိုးရေစွတ်မည် စိုးရိမ်သဖြင့်မြင်းများကိုနှင်တံပြရာ မြင်းတို့ လျင်မြန်စွာပြေးသွားကြကုန်၏။ ထိုအခါမှစ၍

ယင်းခရီးနေရာသို့ရောက်တိုင်း မြင်းများလျင်စွာပြေးကြသဖြင့် ပင်ပန်းကြကုန်၏။ မြင်းတို့ပင်ပန်းသည့်အတွက် ငါ၏သီလပျက်သည် သံသယရှိသဖြင့် သူဌေးကြီးထံမှ ကူးယူကြရန်ပြောလေသည်။

အမတ်တို့က သင့်၌မြင်းများကိုပင်ပန်းစေလိုသောစိတ်စေတနာဖြင့်ပြုမူသည်မဟုတ်၍ အမှုကံမမြောက်ပါဟုပြောကာ တရားတော်ကိုကူးယူပြီး သူဌေးကြီးထံသို့ဆက်၍သွားကြပြန်သည်။

သူဌေးကြီး။ ငါသည်တကြိမ်သောအခါ ငါပိုင်ဆိုင်သောလယ်တောသို့သွား၍အပြန်တွင် ကောက်နှံပန်းကိုပန်ဆင်လိုသည့်အတွက် သလေးစပါးနှံတစ်နှံကိုယူလျက်ဦးသျှောင်၌ပန်၏။ နောက်မှ စဉ်းစားမိသည်မှာ မင်းအား အခွန်မပေးရသေးသောလယ်တောမှ သလေးနှံကိုယူမိသည်။ ငါစောင့်ထိန်းထားသော ဂုရုဓမ္မတရားပျက်ပြီဟု သံသယရှိသည့်အတွက် ပြည်စိုးမင်းထံသို့ သွားရောက်ကူးယူရန် ပြောလေ၏။

အမတ်တို့က သူဌေးကြီးတွင်ခိုးယူလိုသောစိတ်မရှိသဖြင့် အပြစ်မရှိနိုင်ပါဟုပြောကာ ဂုရုဓမ္မတရားကို

ရွှေပြား၌ကူးယူကာ ပြည်စိုးအမတ်ထံသွားကြလေ၏။

ပြည်စိုးအမတ်။ တစ်ကြိမ်သော် ဘုရင်မင်းမြတ်အဖို့ဖြစ်သောစပါးများကို ခြင်တွယ်ယူသောအခါ မခြင်ရသေးသည့်စပါးပုံများထဲမှစပါးများကိုယူပြီး ဂရို့အဖြစ်သုံးပါသည်။ မကြာမီ မိုးကြီးရွာသဖြင့် ဂရို့အဖြစ်ယူထားသောစပါးများကို အမှတ်တမဲ့ စပါးပုံတစ်ခုထဲသို့ထည့်ပြီး မိုးခိုနေခဲ့ပါသည်။ ထိုနောက်မှ ဂရို့ချိုးရန်ယူထားသောစပါးကို မင်း၏စပါးပုံထဲသို့ထည့်မိပါလျှင် မင်း၏ဘဏ္ဍာတော်ကို မတရားသဖြင့်တိုးပွားအောင်ပြုရာရောက်ပြီး လယ်သမားဘဏ္ဍာကို ဖျက်ဆီးရာရောက်သည်ဟုပြန်၍စဉ်းစားမိသောအခါ ငါ၏သီလကိုသံသယဝင်မိပါသည်။ တံခါးမှူးထံသို့သွား၍ကူးယူရန် ပြော၏။

အမတ်တို့က ခိုးယူရန်စိတ်ဆန္ဒမရှိက အပြစ်မရှိနိုင်ပါ။ အဒိန္နာဒါနကံ မထိုက်ပါဟုဆိုကာ ဂရုဓမ္မတရားကို ရွှေပြားတွင်ကူးယူပြီးနောက် တံခါးမှူးထံသို့သွားကြပြန်၏။

တံခါးမှူး။ ငါသည်တစ်ကြိမ်သောအခါ နေဝင်ချိန်၌ မြို့တံခါးကိုပိတ်မည်ဟုသုံးကြိမ်ကြွေးကြော်ပြီး

တံခါးပိတ်မည်ဆဲဆဲ ဆင်းရဲသားတစ်ယောက်နှင့် မိန်းမ ပျိုတစ်ဦးတို့ မြို့ထဲသို့ဝင်ရန် အရေးတကြီးရောက်လာကြ သည်။ ငါက မင်းမဲ့တိုင်းပြည်မဟုတ်၊ အချိန်အခါနှင့် မြို့တံခါးပိတ်မည်ကို မသိလေသလော၊ မိန်းမကိုခေါ်ပြီး တနေ့လုံးကာမဂုဏ်နှင့်ပျော်ပါးနေသည်မှာမကောင်း ဟု မာန်မဲပြောဆိုရာ ထိုဆင်းရဲသားက မိန်းခလေးမှာသူ၏ နှမဖြစ်ကြောင်းပြန်၍ ပြောဆိုသည်။ ငါသည်မမှန်မကန် ပြောဆိုမိပြီ၊ ငါ၏သီလပျက်ပြီ ဟု သံသယဝင်မိသဖြင့် ပြည့်တန်ဆာမထံသွားကြရန် ပြောဆိုလေ၏။

အမတ်တို့က တံခါးမှူး၏စိတ်တွင် ထိုသူ၏ မယားအမှတ်ထင်၍ပြောဆိုခြင်းသာဖြစ်သည်။ သိလျက် နှင့် မုသားပြောဆိုခြင်းမဟုတ်ပါ။ မုသာဝါဒမမြောက်၊ အပြစ်မရှိပါဟုဆိုကာ ဂရုဓမ္မတရားကိုကူးယူလျက် ပြည့် တန်ဆာမထံသို့သွားကြပြန်သည်။

ပြည့်တန်ဆာမ။ တစ်ကြိမ်သော် လုလင်ပျို တစ်ယောက်သည် ငါ၏အထံသို့လာ၍ ကျွန်ုပ်ပြန်လာအံ့ ဟုဆိုကာ အသပြာတစ်ထောင်ပေးပြီးထွက်သွားပါသည်။ ငါ၏သီလပျက်မည်စိုး၍ အခြားသောယောကျာ်းများထံ

မှ ကွမ်းတယာမျှပင်မယူဘဲ သုံးနှစ်ကြာအောင်စောင့်နေခဲ့ရာ ဝင်ငွေမရှိ၊ အသက်မွေးမှုကြပ်တည်းလာသဖြင့် တရားရုံးတော်သို့သွားရောက်ကာ ငွေတစ်ထောင်ပေးထားသောယောကျ်ားသည် သေသည်၊ ရှင်သည်မသိ။ မလာသည်မှာသုံးနှစ်ရှိပြီဖြစ်၍ မည်သို့ပြုရမည်ကိုအဆုံးအဖြတ်ပေးရန်လျှောက်ထားခဲ့ပါသည်။ တရားသူကြီးက ယနေ့မှစ၍ တပါးသောယောကျ်ားကို လက်ခံခွင့်ပြုကြောင်းဆုံးဖြတ်ပေးသဖြင့် တရားရုံးမှအထွက် ယောကျ်ားတစ်ယောက်ကငွေတစ်ထောင်ပေးလာသည်ကို ယူမည်ဟုလက်ကို ဖြန့်လိုက်မိပါသည်။ ထိုစဉ် လွန်ခဲ့သောသုံးနှစ်ကငွေတစ်ထောင်ပေးခဲ့သော လုလင်ပျိုသည် ရုတ်တရက်ပေါ်လာသဖြင့် ငွေလက်ခံရန်ဖြန့်ထားသောလက်ကို ပြန်၍ရုပ်သိမ်းလိုက်ရာ ထိုလုလင်ပျိုသည်နတ်သိကြားဖြစ်လျက်ကောင်းကင်၌တည်နေပါသည်။ တမြို့လုံးလူအများစုဝေးရောက်ရှိလာသောအခါသိကြားမင်းက ဤပြည့်တန်ဆာမ၏သီလကို စုံစမ်းလို၍ လွန်ခဲ့သောသုံးနှစ်က လုလင်ဟန်ဆောင်ကာ ငွေတစ်ထောင်ပေးခဲ့ခြင်းဖြစ်သည်။ သီလစောင့်သောသူသည် ဤပြည့်တန်ဆာမကဲ့သို့ သီလစောင့်ရမည်ဟု ဆုံးမဩဝါဒပေးလျက် ပြည့်တန်ဆာမတအိမ်လုံးကို ရတနာခုနစ်ပါးနှင့် ပြည့်စုံစေပြီးမှ တာဝတိံသာသို့

ပြန်လေ၏။

သို့ရာတွင်လက်ခံယူပြီးသောငွေအတွက် တာဝန်မကျေမီ အခြားသူတစ်ယောက်ထံမှငွေလက်ခံရန် လက်ဖြန့်ခံခဲ့ခြင်းအတွက် မိမိ၏သီလကိုမနှစ်သက်သဖြင့် ဂရုဓမ္မတရားကို မပေးလိုပါဟု ငြင်းဆိုလေ၏။

အမတ်တို့က လက်ဖြန့်ရုံမျှဖြင့် သီလမပျက်စီးနိုင်ပါဟုဆို၍ ပြည့်တန်ဆာမအထံမှ ဂရုဓမ္မတရားတော်ကို ရေးကူးယူခွင့် ပန်ကြားကာ ရွှေပြား၌ရေးကူးယူကြကုန်၏။

ဤသို့ကာလိင်္ဂအမတ်များသည် တစ်ကျိပ်တစ်ယောက်သောသူတို့၏ ဂရုဓမ္မသီလ (ငါးပါးသီလ) ကို ရွှေပြား၌ရေးကူပြီး ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့ ကာလိင်္ဂမင်းအား ဆက်သကြလေ၏။ ကာလိင်္ဂမင်းနှင့်တကွသောတိုင်းသူပြည်သားများသည် ရွှေပြား၌ပါသည့် **ဂရုဓမ္မခေါ် ငါးပါးသီလ** ကို စင်ကြယ်အောင် စောင့်ထိန်းကြကုန်၏။ ထိုခဏ၌ ကာလိင်္ဂတိုင်းပြည်အလုံး မိုးရွာ၍ဆာလောင်မွတ်သိပ်သောဘေး၊ ရောဂါထူပြောသောဘေး၊ အစာမရှိသောဘေး ဟူသောဘေးသုံးပါးမှလွတ်မြောက်

လျက် သာယာဝပြောလာခဲ့သည်။

(ဇာ၊ ၁၊ ၈၁။ ဇာ၊ ၄၊ ၂။ ၃၃၀-၃၄၂)

ဂရုဓမ္မ ခေါ်သည့် ငါးပါးသီလကို မင်းကစ၍ တစ်တိုင်းတစ်ပြည်လုံး လိုက်နာကျင့်သုံးကြသည့်အတွက် ကပ်သုံးပါးမှလွတ်ကင်းပြီး သာယာဝပြောသည့်နိုင်ငံဖြစ်လာပါသည်။

ဂရုဓမ္မဇာတ်တော် ပေါ်ပေါက်လာသည့်အချိန်မှာ မိုးတွင်းကာလဖြစ်၍ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ (ငါးပါးသီလ အခါတော်နေ့) အဖြစ် သတ်မှတ်ကျင်းပရခြင်းဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

ဗုဒ္ဓအလိုကျ အခြေခံလူ့မှုရေးကျင့်ဝတ် ဖြစ်သော ငါးပါးသီလကို လူတိုင်းမြဲကြပါစေ။

# ဂရုဓမ္မ ခေါ် ငါးပါးသီလစောင့်ထိန်းသူများ၏ သံသယလက္ခဏာ

၁။ ငါးပေါ်ဖြားကျ၊ သံသယ၊ သီလမနှစ်သက်၊ ရှင်ဘုရင်ပျက်။

၂။ အငယ်ချွေးမ၊ စန္ဒကူးရ၊ သီလမနှစ်သက်၊ မယ်တော်ပျက်။

၃။ မတ်ကိုမြင်ရ၊ တပ်ရာဂ၊ သီလမနှစ်သက်၊ မရီးပျက်။

၄။ လူများဒုက္ခ၊ မိုးစိုရ၊ သီလမနှစ်သက်၊ အိမ်ရှေ့ပျက်။

၅။ ရထားကိုရ၊ ကောင်းလေစွ၊ သီလမနှစ်သက်၊ ပုရောဟိတ်ပျက်။

၆။ ပုစွန်ကျောမ၊ ထိုးဝါးကျ၊ သီလမနှစ်သက်၊ မြေတိုင်းပျက်။

၇။ မြင်းသိန္ဓော၊ နှင်တံချ၊ သီလမနှစ်သက်၊ ရထားထိန်းပျက်။

၈။ အခွန်မဆောင်ခင်၊ စပါးပင်၊ ယူငင်သုံးလျက်၊ လယ်သမားပျက်။

၉။ မောင်နှမအား၊ လင်မယား၊ ပြောကြားမိတွက်၊ တံခါးစောင့်ပျက်။

၁၀။ စပါးခြင်ရ၊ ပမာဒ၊ သီလမနှစ်သက်၊ တင်းခြင်ပျက်။

၁၁။ သုံးနှစ်စောင့်ရ၊ လူပြောင်းရ၊ သီလမနှစ်သက်၊ ပြည့်တန်ဆာပျက်။

**ကျမ်းကိုး**

(၁) ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပတွဲ)၊ သာသနာရေးဝန်ကြီးဌာန။

(၂) ဦးပညာသာမိ (မာဂဓီ–သာစည်)၊ အခါတော်နေ့များ။

# ငါးပါးသီလတရား

မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်၊ ပဓာန မဟာနာယကဆရာတော် အရှင်ဝါသဝါဘိဝံသမဟာထေရ် ပြုစုရေးသားသော သဗ္ဗမင်္ဂလာ ဓမ္မဒေသနာတော် စာအုပ်ပါ ငါးပါးသီလတရားတော် အကျိုးအပြစ်များ၊ ဝတ္ထုသာဓက လင်္ကာများကို ထုတ်နှုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**သီလမျိုးမည်။** ဝေနေယျဖြစ်သူ အပေါင်းလူတို့သည် အကုသိုလ် ကာယကံ ဝစီကံ မနောကံတို့ကို မပြုရှောင်ကြဉ် ဝိရတီနှင့်ယှဉ်သောကုသိုလ်စိတ်အစဉ်သည် သီလမည်၏။ ငါးပါးသီလကို လူများဝတ်ထားသော ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ရှောက်ရမည့် **နိစ္စသီလမျိုး**၊ ရှစ်ပါးသီလကိုဥပုသ်နေ့တို့၌သာ စောင့်သုံးအပ်သောကြောင့် **ဥပေါသထသီလမျိုး**၊ ဆယ်ပါးသီလကို ရှင်အာနန္ဒာအလောင်း, သုမနမင်းသားများကဲ့သို့ ပက္ခ, လ, နှစ်စသည်ကိုမှတ်၍ စောင့်သုံးအပ်သောကြောင့် **နိယာမသီလမျိုး** ဟူ၍ ဥဒါန်းအဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာတို့

၌ပြဆိုထား၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပတွဲ၊ နှာ ၁၅) အလိုအား ဖြင့်ကား ဆယ်ပါးသီလကို ဃဋိကာရအိုးထိန်းသည်တို့ ကဲ့သို့ အသက်ထက်ဆုံးစောင့်အပ်သောကြောင့် နိစ္စသီလ မျိုးဟူ၍လည်း ဆိုထား၏။ ထိုကြောင့်ဆယ်ပါးသီလ လည်း **နိယာမ နိစ္စသီလ** နှစ်မည်ရ၏။

ဓာတ် ပါဠိတော် အဋ္ဌကထာ၌ကား ဘုရား အလောင်း သူတော်ကောင်းတို့သည် အလေးအမြတ်ပြုအပ် သောကြောင့် ငါးပါးသီလသည် **ဂရုဓမ္မသီလ** မည် ကြောင်းကို ပြဆိုထား၏။

တေဝိဇ္ဇသုတ် ပါဠိတော် အဋ္ဌကထာ (နှာ ၃၃၄) ၌ကား မြင့်မြတ်မှုကိုပြုတတ်သောကြောင့် ဗြာဟ္မဏ ကာရကသီလ မည်ကြောင်းပြဆိုထား၏။

မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် အဋ္ဌကထာ (နှာ ၁၃၄) ၌ကား အရိယာပုဂ္ဂိုလ် သူမွန်သူမြတ်တို့သည် အသက်နှင့်လဲလှယ်၍ အကယ်ပင် ချစ်မြတ်နိုးအပ်သော ကြောင့် **အရိယကန္တသီလမျိုး** ဟူ၍မိန့်ဆိုထား၏။

ပဥ္စင်္ဂုတ္တရ ပါဠိတော် အဋ္ဌကထာ (နှာ ၆၃) ၌

ကား ဘုရားတပည့်သားဖြစ်ကြောင်း အရိယာပုဂ္ဂိုလ် အပေါင်းတို့သည်ကျင့်အပ်သောသီလမျိုးဖြစ်သောကြောင့် **အရိယာဓမ္မသီလမျိုး** ဟူ၍လည်းပြဆိုထား၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ သာရတ္ထဋီကာတို့၌ကား မြောက်ကျွန်းသူမြောက်ကျွန်းသား လူအများတို့၏ ပကတိသဘောအားဖြင့် စောင့်ရှောက်မှုကိစ္စပြီးစီးပြီးဖြစ်သောကြောင့် **ပကတိသီလမျိုး** ဟူ၍ပြဆိုထား၏။ ထိုသို့ မြောက်ကျွန်းနေသူ လူအပေါင်းတို့သည် ငါးပါးသီလ မြဲသောကြောင့် အသက်တစ်ထောင်ရှည်ကြ၏။

သံဂီတိသုတ် အဋ္ဌကထာ (နှာ ၁၈၅) ၌ မြတ်သောအမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းမှန်သောကြောင့် ထိုငါးပါးသီလကိုလွန်ကဲသော **အဓိသီလမျိုး** ဟူ၍ ဆိုထား၏။

သံယုတ္တ အဋ္ဌကထာ, မဟာဋီကာတို့၌ ဘဝ၏ ကင်းရာချုပ်ရာမှန်သောနိဗ္ဗာန်သို့ သွားကြောင်း၊ ရောက်ကြောင်းသီလမျိုးဖြစ်သောကြောင့် **သိဘဝဂါမိသီလမျိုး** ဆိုထား၏။ ဝဋ်မှထွက်မြောက်ရာ **ဝိဝဋ္ဋနိဿိတသီလမျိုး** ဟူ၍လည်းဆိုထား၏။

ဘုရားရှင်လက်ထက်တော်ကလည်း အနာထပိဏ်, ဝိသာခါ စသောလူသောတာပန် အရိယာတို့သည် ထို ငါးပါးသီလကိုပင် အဓိသီလသိက္ခာ အဖြစ်ဖြင့် ဆောက် တည်၍ မဂ်ဖိုလ် ရသွားကြလေကုန်ပြီ။

# ငါးပါးသီလ အကျိုးအပြစ်များ

ငါးပါးသီလဆိုင်ရာ သီလတစ်ပါးပါးပျက်လျှင် ခံရသောအပြစ်ပြဝတ္ထုအကျဉ်းနှင့် ရှောင်ကြဉ်ရာအကျိုးရ လက်ာတို့ကို ပြဆိုပေအံ့။

၁။ ပါဏာတိပါတကံ။ တကြိမ်သတ်ရုံမျှဖြင့်ခံရသောအပြစ်ပြဝတ္ထု။

ဓမ္မဒိန္နာ ထေရီမအလောင်း အမျိုးသမီးသည် ဗာရာဏသီပြည်တွင် သူဆင်းရဲမဘဝ၌ဖြစ်စဉ် အိမ်သို့ ပင်လာသောဧည့်သည်ကိုကျွေးမွေးရန် ဆိတ်မတကောင် ကိုလည်ပင်းဖြတ်၍သတ်ခဲ့မိ၏။ ထိုအကုသိုလ်မကောင်း မှုကံကြောင့် ငရဲ၌ကာလကြာမြင့်စွာခံခဲ့ရပြီးလျှင် ဆိတ် ၏ အမွေးအရေအတွက်နှင့်အမျှ လည်ကိုဖြတ်၍ အသတ် ခံခဲ့ရ၏။ ဤနောက်ဆုံးဘဝ၌ကား အသတ်မခံရ၊ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်လေ၏။

တစ်ရာ့တစ်ပါးသောမင်း, မိဖုရားတို့ကို သတ် မည်ပြုနေသော ဗာရာဏသီမင်းအား ခမ္မဒိန္နာထေရီမက

ကိုယ်တွေ့သက်သေပြ၍ ဟောကြားသဖြင့် မသတ်ဖြတ်တော့ချေ။

ဤကား တစ်ကြိမ်မျှပြုမိသောကြောင့် ခံရသောအပြစ်တည်း။ (ဓမ္မပဒ၊ ဠ၊ ဒုတွဲ၊ နှာ ၂၉၁-၂)

မှတ်ချက်။ ဆိုအပ်ပြီးကိုထောက်ဆ၊ လွန်ကြောက်ကြလျက်၊ နောက်ကာလ၌၊ ပါဏာတိပါတကံ၊ တရံတဆစ်မျှ၊ မဖြစ်ကြစေဘဲ အမြဲရှောင်လွှဲကြရာ၏။

## ဆုတောင်းလင်္ကာ

ဘဝထိုထို၊ သူတပါးကို၊ မသတ်ရပါလို။
မိမိအားလည်း၊ သူတပါးတို့၊ မသတ်နိုင်ပါစေသတည်း။
ဤသို့လည်း ဆုတောင်းသင့်၏။

## သူ့အသက်သတ်မှုအပြစ်ပြလင်္ကာ

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွ၏။

## သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်မှုအကျိုးပြလင်္ကာ

သူ့သက်မသတ်၊ ရလတ်အကျိုး၊ အမျိုးမျိုးမှာ၊
အင်္ဂါလုံးရပ်၊ ဖြတ်လတ်လျင်စွာ၊ ကြင်နာသနား၊
ခြေမျှားညီလေ့၊ သိမ်မွေ့သန့်ရှင်း၊ ရဲတင်းခွန်အား၊
စကားရွှန့်ကြော်၊ ကင်းပျောက်မကွဲ၊ မြဲပရိသတ်၊
ဆမ္ပိတတ်ကင်း၊ သူခပ်သိမ်းချစ်၊ များလစ်ခြံရံ၊
တဖန်မပျက်၊ များလက်ချက်ဖြင့်၊ သက်မသေရ၊
လှပအဆင်း၊ ကောင်းခြင်းသဏ္ဌာန်၊ နည်းပြန်အနာ၊
ကင်းကွာသောက၊ ချစ်ကြချင်းချင်း၊ ကွေကွင်းမဲ့ကြား၊
ရှည်လျားအသက်၊ အကျိုးဆက်သည်၊
သူ့သက်မသတ် ရှောင်ကျိုးတည်း။

၂။ **အဒိန္နာဒါနကံ။** သူ့ဥစ္စာကိုခိုးယူ၍ ခံရသော
အပြစ်ပြဝတ္ထု။

လွန်ခဲ့သော ၉၂ ကမ္ဘာက ဖုဿဘုရားရှင်လက်ထက်တော်တွင် ကာသိမည်သောတိုင်းပြည်၌ ထိုဘုရားရှင်ညီတော်သုံးယောက်တို့သည် ကြီးကျယ်လှသောအဆောက်အအုံတို့ကို ဆောက်လုပ်၍ ဖုဿဘုရား အမှူးရှိသော သံဃာအားလှူဒါန်း၏။ ထိုနောက်နိယုတက္ကအမတ်ကို

ဝါတွင်းသုံးလကာလပတ်လုံး တစ်သိန်းနှစ်သောင်းသော လူအပေါင်းကို ဦးစီးစေလျက် ကြီးကြပ်လုပ်ကျွေးစေ၏။ ထိုလူအပေါင်းတို့တွင် နိယုတ္တအမတ်ဘဏ္ဍာစိုးလင်မယား တို့နှင့် သုံးသောင်းခြောက်ထောင်သောလူအပေါင်းတို့မှာ သဒ္ဓါကြည်ဖြူကပ်လှူလုပ်ကျွေးကြကုန်၏။ ကြွင်းသော ရှစ်သောင်းလေးထောင်သူတို့ကား မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့၏ဥစ္စာဖြစ်သော ဆီ၊ ဆန်၊ ထောပတ် အစရှိသောပစ္စည်းတို့ကို ခိုးယူသုံးစွဲကြကုန်၏။ ထိုမှပြီး လျှင် သိုလှောင်ထားရာ ကျီတိုက်တာ အဆောက်အအုံ တို့ကို မီးရှို့ဖျက်ဆီးကြကုန်၏။ ထိုခိုးယူသုံးစွဲသော များစွာသောသူတို့သည် ၉၂ ကမ္ဘာ ငရဲ၌ ဆင်းရဲစွာ ဆက်၍ဆက်၍ ခံခဲ့ကြရကုန်ပြီးမှ ဤဘဒ္ဒကမ္ဘာတွင် အဝတ်မပါဗလာချည်းနီး ဆင်းရဲကြီးစွာ ခုပ္ပိပါသ ထမင်း ရေစာငတ်မွတ်လှသော ပြိတ္တာများ ဖြစ်ကြကုန်၏။ ထို ပြိတ္တာတို့သည် ဘုရားလေးဆူတို့၏အကြား ကြီးစွာသော ဒုက္ခဝေဒနာကို ခံကြရကုန်၏။ ဂေါတမမြတ်စွာဘုရား လက်ထက် ရာဇဂြိုဟ်ပြည် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသောငါးရာသောသံဃာတော်မြတ်တို့အား အလှူကြီးပေးလှူလျက် အမျှအတန်းဝေသောအခါတွင်

အနုမောဒနာပြု သာဓုခေါ်ကာ အမျှရကြပြီး ထိုပြိတ္တာဘဝမှ လွတ်မြောက်ကြရကြောင်း တိရောကုဍ္ဍ သုတ်၌လာရှိသည်။

မှတ်ချက်။ ယခုအခါ ပညာရှင် သုတေသီတို့မှာ ချမ်းသာကင်းမြဲ ဆင်းရဲငတ်မွတ် ပါယ်ရပ်လားကြောင်း မကောင်းမှုမှာ အဒိန္နာဒါနကံကို တရံတဆစ်မျှ မဖြစ်မိစေရန်သတိပြုကြရာ၏။

## ဆုတောင်းလင်္ကာ

ဘဝထိုထို၊ သူ့ဥစ္စာကို၊ မခိုးရပါလို၏။
မိမိဥစ္စာကိုလည်း ကိုယ်မပေးချင် ချည်တမျှင်မျှ
မခိုးဝှက်နိုင်ပါစေသတည်း
ဟုဆုတောင်းသင့်၏။

## ခိုးမှုအပြစ်ပြလင်္ကာ

သူများဥစ္စာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲ တော်ထ၊ လိုမရနှင့်၊ ဘောဂပျက်ပြား၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာ၏။

## သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်မှုအကျိုးပြလင်္ကာ

မခိုးသူဟာ၊ ရလာအကျိုး၊ အမျိုးမျိုးမှာ၊
ဥစ္စာစပါး၊ များပြားစည်းစိမ်၊ ကောတိမ်မပြုန်း၊
မဆုံးနိုင်ပ၊ မဖြစ်ကြသေး၊ စည်းစိမ်လေးလည်း၊
ဖြစ်ရေးတဖြာ၊ ဖြစ်လာစည်းစိမ်၊ တည်ငြိမ်မြဲလှ၊
လိုတရလွယ်၊ ရန်ဝယ်ငါးမျိုး၊ ဘေးဆိုးများဖက်၊
မဆက်ဆံဘိ၊ စည်းစိမ်ရှိတည်း၊ အနည်းအများ၊
မတူခြားတည့်၊ များပြားဥစ္စာ၊ ရရှိလာသည်၊
များစွာလူထက်၊ မြတ်ထက်မြတ်၏၊ မရှိမသိ၊
မကြားသိပါ၊ ချမ်းသာစွာပ၊ နေရတသက်၊
အကျိုးဆက်သည်၊
ခိုးဝှက်မပြု ရှောင်ကျိုးတည်း။

၃။ မိစ္ဆာစာရကံ။ ကာမဂုဏ်မှားယွင်း၍ခံရသော အပြစ်ပြဝတ္ထု။

မိစ္ဆာစာရကံ ပြုသူ ငွေးသားလေးယောက်။

ဗာရာဏသီပြည် ကဿပဘုရားသာသနာ၌ ကုဋေလေး ဆယ်မျှကြွယ်ဝသော သူဌေးသားလေးယောက်တို့သည် ကုသိုလ်ကောင်းမှုမပြုကြဘဲ သူတပါးမယားကိုသာဥစ္စာ

ပေး၍ အသက်ရှည်သမျှ ကျူးလွန်ပျော်ပါးကြကုန်၏။ ဤအကုသိုလ်ကံကြောင့် ထိုသူလေးယောက်တို့သည် မဟာအဝီစိငရဲကြီး၌ ဤမြေကြီးတစ်ယူဇနာနှင့်သုံးဂါဝုတ် အပေါ်သို့တက်အောင် ရှည်မြင့်စွာခံရပြီးမှ လောဟကုမ္ဘီ ကြေးနီသံအိုးငရဲတွင် ဦးခေါင်းစောက်ထိုးကျ၍ ပွက်ဆဲသောယာဂုအိုး၌ ငုပ်လျှိုးသောဆန်လုံးကဲ့သို့ အနှစ်သုံးသောင်း နစ်မြုပ်ပြီးမှတဖန် အနှစ်သုံးသောင်းကာလကြာ တက်ရသဖြင့် အိုးအဝသို့ရောက်ရှိသည့်ကာလ မိမိတို့ အချင်းချင်း မှားယွင်းခဲ့ကြပုံကို ပြောဆိုကုန်သဖြင့် ဒု–သ–န–သော အက္ခရာတစ်လုံးစီရွတ်မိလျှင်ပင် ပြောလိုသောစကားအဓိပ္ပါယ် ဂါထာမပြီးဆုံးမီ တဖန်ငရဲ၌ ငုပ်မြုပ်ကြရလေ၏။

ဒု–သ–န–သော ဟု ရွတ်ဆိုသောအသံကြီး လေးသံကိုကြားရလျှင် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့သွားရောက်ပြီးလျှောက်ထားမေးမြန်း၏။

ဒု အက္ခရာအတွက် မြန်မာပြန်ကား–အချင်းတို့ ငါတို့သည် ပစ္စည်းဥစ္စာပြည့်စုံကုန်ပါလျက် မပေးမလှူမိကုန်။ မိမိတို့အားကိုးရာ ကျွန်းပမာဏ ကုသိုလ်ကို

လည်း မပြုမိကြကုန်။ ငါတို့အများဖက်၍ အသက်မွေး မိကြကုန်၏။ ဤကား ဒ အက္ခရာအရ အကျယ်တည်း။

သ အက္ခရာအတွက် မြန်မာပြန်ကား–အချင်းတို့ လောဟကုမ္ဘီငရဲ၌ငါတို့ခံရသည်မှာ အနှစ်ခြောက်သောင်း ရှိပေပြီ။ အဘယ်အခါမှအဆုံးတိုင်ရောက်လွတ်မြောက် ကြရအံ့နည်း။ ဤကား သ အက္ခရာအရ အကျယ်တည်း။

န အက္ခရာအတွက် မြန်မာပြန်ကား–သူငယ်ချင်း တို့၊ သူဌေးသားဖြစ်စဉ်အခါ သင်တို့ငါတို့ ပြုမှားခဲ့သော အကုသိုလ် မကောင်းမှုကံကား အဆုံးတွင် မရှိခဲ့ချေ။ ဤကား န အက္ခရာအရ အကျယ်တည်း။

သော အက္ခရာအတွက် မြန်မာပြန်ကား– ထိုငါ သည် သံရည်ပွက်ပွက် ပူချက်မစဲ ဤငရဲမှလွတ်၍ လူ ဖြစ်ရသည်ရှိသော် အလှူခံ၏ကျေးဇူးကိုသိ သီလရှိသည် ဖြစ်၍ ဒါန၊ သီလစသည်ပေါင်းစု များစွာသောကုသိုလ် ကောင်းမှုကို ပြုပါတော့အံ့သတည်း။ ဤကား သော အက္ခရာအရ အကျယ်တည်း။

ဤကားဆိုအပ်ခဲ့ပြီး မိတ္တာစာရအကုသိုလ်ကံကြီး

ကြောင့် သူဌေးသားလေးယောက်တို့သည် ယခုထက်တိုင် မပေါ်နိုင်ဘဲ ငရဲအိုး၌ စောက်ထိုးမိုးမျှော် ညှိုးလျော်နွမ်း လျ ခံနေရပုံတည်း။

(ဇာတက ပါဠိ၊ ပတွဲ၊ နှာ ၁၀၀။ ဓမ္မပဒ၊ ဌ၊ ပတွဲ၊ နှာ ၂၈၄–၈)

မှတ်ချက်။ ဒု–သ–န–သော အက္ခရာလေးလုံး၏ ပါဠိများကိုဖော်ပြခြင်းမပြုတော့ဘဲ မြန်မာ ပြန်ကိုသာ ဖော်ပြပါသည်။

**မိစ္ဆာစာရကံပြုအမျိုးသမီးများ။** ထိုမှတပါး မာတလိနတ်သားက နေမိမင်းကိုငရဲပြည်သို့ခေါ်ဆောင်၍ ပြရာတွင် အဆင်းအင်္ဂါ စက်ဆုပ်ဖွယ်ရာနှင့် ယုတ်မာသော ကိုယ်၊ ယိုစီးလိမ်းကျံ ပေကျံသောသွေးပြည်ဖြင့် အလီလီ သော ယင်ညိုယင်မတို့သည် ဝန်းရံကိုက်ခဲခံရလျက် လက် နှစ်ဖက်တို့ကိုမြှောက်ချီငိုကြွေးကာ သံမြေ၌ခါးတိုင်အောင် မြှုပ်ပြီးလျှင် အလျှံပြောင်ပြောင်တောက်လောင်သော သံ တောင်ကြီးလေးလုံးတို့ဖြင့် အကြိတ်ခံနေရသောမိန်းမများ ကို မြင်ရကုန်၏။ နေမိမင်းကြီးက အဘယ်သို့သော အကုသိုလ်ကံကြောင့် ထိုကဲ့သို့ငရဲခံနေရကြောင်း မာတလိ နတ်သားအားမေးရာ အရှင်မင်းကြီး၊ ဤမိန်းမယုတ်တို့

သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကိုမစောင့်သုံးဘဲ အမြဲ ချစ်ခင် မိမိလင်မှတပါး အခြားအိမ်သား လင်ယောကျ်ား တို့နှင့် ပျော်ပါးမြူးတူး မိစ္ဆာစာရ လွန်ကျူးကြသော အကုသိုလ်ကြောင့် ယခုကဲ့သို့အပါယ်ငရဲ၌ ခံနေရသည် ဖြစ်ပါကြောင်း မာတလိနတ်သားက ဖြေကြားလျှောက် ထားလေ၏။

(ဇာ၊ ဌ၊ ၆၊ နှာ ၁၄၂-၃)

မှတ်ချက်။ မိစ္ဆာစာရကံပြစ်မျိုးအပြစ်ဆိုးကို မီးကိုတိုး၍ ကိုယ်ကျိုးနည်းသောပိုးဖလံမျိုးကဲ့သို့ သံသရာလမ်း မျိုး၌အပြစ်ဆိုးနှင့်ကြုံတိုးဖို့ရန် တရံတဆစ်မျှ မဖြစ်စေကြ ရဖို့ ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိမ် ဉာဏ်ပုဆိန်ရွယ်ချိန်မိုးလျက် ပယ်ချိုးဖောက်ဖျက် နိုင်ကြပါစေကုန်သတည်း။

ဆုတောင်းလင်္ကာ

ထိုထိုဘဝ၊ သူတပါးအိမ်ရာ၊ ပြစ်ကြီးစွာကို၊
မဖျက်ဆီးရပါလို၍ မိမိအိမ်ရာ သူတပါးတို့
မဖျက်ဆီးနိုင်ပါစေသတည်း
ဟုဆုတောင်းသင့်၏။

## မိစ္ဆာစာရအပြစ်ပြလင်္ကာ

မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြသူများ၊
ရန်သူပွားဏ်၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာ
ဆိတ်၍၊ ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊
မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊
ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာဏ်။

## မေထုန်မှုကိုရှောင်ကြဉ်ခြင်းအကျိုးပြလင်္ကာ

မေထုန်ရှောင်လတ်၊ ရအပ်အကျိုး၊ အမျိုးမျိုးမူ၊
ရန်သူကင်းလတ်၊ သူခပ်သိမ်းချစ်၊ ရလစ်ထမင်း၊
မယွင်းအဖျော်၊ အိပ်သော်နေရာ၊ ရလာဝတ်မျိုး၊
အိပ်နိုးချမ်းသာ၊ ပါယ်ရှာလွတ်ကင်း၊ ဖြစ်ခြင်း
ပဏ္ဍုတ်၊ အယုတ်မိန်းမ၊ မထိုက်ကြဘူး၊ ဒေါသ
နည်းပျောက်၊ မျက်မှောက်ကောင်းမူ၊ ထင်ထင်ပြူဏ်၊
ကျမ္မပုခုံး၊ ကျောက်ကုန်းမရှိ၊ ဣတ္ထိယောကျ်ား၊
များအချင်းချင်း၊ မယွင်းချစ်ကြ၊ ပြည့်စွာဣန္ဒြေ၊
တူပေလက္ခဏာ၊ ရွံ့ရှာကင်းပ၊ ကြောင့်ကြကင်း
ကွာ၊ ဘယာမတိုး၊ မချိုးမကျ၊ မျက်နှာလှ၍၊
နေရချမ်းသာ၊ တူစွာချစ်လတ်၊ မကွေအပ်သည်၊

မပြတ်မေထုန် ရှောင်ကျဉ်းတည်း။

၄။ မုသာဝါဒကံ။ အပြစ်ကိုပြသောစေတိယမင်း ဝတ္ထု။

(ပထမဦးဆုံး မုသာဝါဒစကား အစဖြစ်သည်)

ရှေးအခါက စေတိယတိုင်း သောတ္ထိယပြည်၌ စေတိယမည်သောမင်းရှိ၏။ ထိုမင်းသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ပုဏ္ဏားတို့ချစ်နှစ်သက်ခြင်း၊ သူကြွယ်တို့ချစ်နှစ်သက်ခြင်း ဟူသော မင်းတို့၏တန်ခိုး လေးပါးနှင့်ပြည့်စုံ၏။ ကောင်းကင်သို့လည်းပျံသွားနိုင်၏။ သွားလာရာအရပ်တို့၌သန်လျက်ကိုင်သောနတ်သား လေးယောက်တို့ အရပ်လေးမျက်နှာမှ စောင့်ရှောက်၏။ ကိုယ်မှစန္ဒကူးနံ့၊ ခံတွင်းမှကြာညိုနံ့ကဲ့သို့ မွှေး၏။ ဤသို့လျှင် ဘုန်းတန်ခိုးနှင့်ပြည့်စုံ၏။

ထိုမင်းသည် မင်းသားအရွယ် ပညာသင်စဉ်အခါက ဘဝတူ ပညာသင်ဖော်သင်ဖက် ခင်မင်ရင်းနှီးလျက်ရှိသော ကောရကလမ္ဗ မည်သောပုဏ္ဏားကို အကျွန်ုပ်မင်းဖြစ်လျှင် အသင့်အားပုရောဟိတ်ပုဏ္ဏားအရာပေးမည် ဟုကတိထားရှိခဲ့သည်။ သို့ရာတွင် မင်းတို့ထုံးတမ်းစဉ်

လာအားဖြင့် အဘမရှိလျှင်အကို၊ အကိုမရှိလျှင် အဘ၏ သား စသည်အားဖြင့် လက်ရှိပုရောဟိတ်အရာကိုရထား သူမှာ စေတိယမင်း၏ခမည်းတော်လက်ထက်ကစ၍ အရာ ရခဲ့သူ ကောရကလမ္ဗ၏နောင်တော်ရင်း ကပိလမည်သော ပုဏ္ဏားဖြစ်၏။ ကပိလပုဏ္ဏားကလည်း နောင်တော်မရှိ သည့်အတွက် ထုံးတမ်းစဉ်လာနှင့်အညီ မင်းသားအား ပန်ကြား၍ မိမိ၏အရာကို သားအကြီးအား လွှဲအပ်၏။ ၄င်းကမူ ရသေ့ရဟန်းပြု၍ ဈာန်အဘိဉာဉ်တန်ခိုးကိုဖြစ် စေပြီးလျှင် မင်းသားကိုအမှီပြုလျက် မင်းဥယျာဉ်၌နေ၏။

တနေ့သ၌ စေတိယမင်းသည် ပြုထားခဲ့သော ကတိစကားအတိုင်း အထမြောက်အောင် ဆောင်ရွက်အံ့ သောငှာ မိတ်ဆွေဖြစ်သော ကောရကလမ္ဗ ပုဏ္ဏားအား အသင်သည် ကပိလပုဏ္ဏား၏ညီပင်ဖြစ်သော်လည်း သင် ကသာ အကိုကြီးဖြစ်၍ ကပိလက ညီငယ်ဖြစ်ကြောင်း နန်းရင်ပြင်တွင် ညီလာခံကျင်းပ၍ အသင်ရာထူးရလေ အော[illegible] လိမ်လည်မုသားဆိုမည် ဟုပြောကြားလေသည်။

ကောရကလမ္ဗပုဏ္ဏားက အသင်မင်းကြီး၊ ဖြစ်နိုင် ပါ[illegible]မည်လော။ ကျွန်ုပ်၏နောင်တော်သည်ဈာန်အဘိဉာဉ် တန်ခိုးနှင့် ပြည့်စုံပြီးလျှင် ဝိဇ္ဇာမိုရ်ကဲ့သို့ အံ့ဖွယ်သူရဲ

မဖြစ်ဖူးမြဲ ထူးထူးကဲကဲ ဖြစ်စေနိုင်ပါသည်။ အရှင်မင်းကြီးအား နတ်သားလေးယောက်တို့ကွယ်ပျောက်စေခြင်းငှာလည်းကောင်း၊ ခံတွင်းမှ အပုပ်နံ့များထွက်စေခြင်းငှာလည်းကောင်း၊ ကောင်းကင်မှလျှောကျ၍ မြေ၌တည်စေခြင်းငှာလည်းကောင်း၊ မြေ၌ဝင်၍ မြေမျိုစေခြင်းငှာလည်းကောင်း လှည့်စားမှုပြုလျှင် အသင်မင်းကြီးသည် မုသားပြောရန် စွမ်းနိုင်လိမ့်မည်မဟုတ် ဟု လျှောက်ထား၏။

စေတိယမင်းက "အသင်ပုဏ္ဏား၊ မစိုးရိမ်လင့်၊ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ငါလိမ်လည်ပြီး မုသားစကားဆိုမည်" ဟုပြောလေသော် "မင်းသည် အကြီးကိုအငယ်၊ အငယ်ကိုအကြီး မုသားဆိုလျက် အငယ်အားရာထူးပေးလိမ့်မည်" ဟူသောစကားသည် တဆင့်စကားတဆင့်ကြား၍ ပြည်အလုံးနှံ့လေ၏။ ထိုစဉ်အခါလူတို့သည် မုသားစကားကိုမပြောဆိုကြ၊ မှန်သောစကားကိုသာ ဆိုကြသောကာလဖြစ်၍ မုသားစကားဆိုသည်ကိုနားလည်ခြင်းမရှိကြပေ။ မုသားဆိုသည် အဘယ်သို့သဘောရှိအံ့နည်း၊ အမည်းလော၊ အဖြူလော စသည်ဖြင့် တွေးတောကြကုန်၏။

ပုရောဟိတ်ပုဏ္ဏား၏သားသည်လည်း ထိုစကား

ကိုကြားသော် အဘဖြစ်သူရသေ့ထံသွား၍ အကြောင်းစုံကိုလျှောက်၏။ ရသေ့က "ချစ်သား၊ မစိုးရိမ်လင့်၊ မင်းဆိုတိုင်းမဖြစ်ရလေအောင် ငါလာပြီးမင်းအားဆုံးမမည်" ဟုဝန်ခံလေ၏။ ခုနစ်ရက်မြောက်သောနေ့၌ တိုင်းသူပြည်သားတို့သည် မင်းကြီးကိုယ်တိုင် လိမ်လည်ပြောဆိုမည့်မုသားစကားကိုကြားအံ့သောငှာ မင်းရင်ပြင်ဝယ် အသီးသီးစောင့်မျှော်ကြကုန်၏။

စေတိယမင်းသည် အဝတ်တန်ဆာဆင်ယင်ပြီးလျှင် ရင်ပြင်သို့ထွက်လာကာ လူအပေါင်းတို့၏အလယ်ကောင်းကင်၌တည်နေ၏။ သားပုရောဟိတ်ပုဏ္ဏား၏အဘရသေ့လည်း ကောင်းကင်ခရီးဖြင့်လာပြီးလျှင် မင်း၏ရှေ့ဝယ် အခင်းကိုခင်းလျက် ကောင်းကင်၌ တင်ပျဉ်ခွေထိုင်ပြီးမှ "အသင်မင်းကြီး၊ သင်သည်မုသားဆို၍ ငါ၏ညီတော်ကို ရာထူးပေးမည်ဆိုသည်မှာ မှန်၏လော" ဟုမေး၏။ မင်းကမှန်ကြောင်းဖြေလျှင် "မင်းကြီး၊ မုသာဝါဒဟူသည် ကျေးဇူးဂုဏ်ကိုဖျက်ဆီးတတ်၏။ အပါယ်သို့လားရတတ်၏။ မင်းဖြစ်လျက် မုသားဆိုကတရားကိုသတ်သည်မည်၏" ဟု အောက်ပါအတိုင်းဆုံးမ၏–

ဟတံ ဓမ္မော ဟတော ဟနိ၊

ဟတော–သတ်အပ်သော။ ဓမ္မော–တရားသည်။ ဟတံ–သတ်အပ်သောသူကို။ ဟန္တိ–သတ်၏။

ထိုမျှမကသေး။ "အကယ်၍ မုသားဆိုငြားအံ့၊ မင်း၏တန်ခိုးလေးပါးတို့ကွယ်ပျောက်ခြင်း၊ ခံတွင်းမှအပုပ်နံ့ထွက်ခြင်း၊ ကောင်းကင်မှလျှောကျခြင်း၊ မြေသို့ဝင်ခြင်းတို့သည်လည်းဖြစ်ပါလိမ့်မည်" ဟုဆို၏။ မင်းသည် ထိုစကားကြားရသော်ကြောက်လန့်သောအားဖြင့် ကောရကလမ္ဗကို စိုက်၍ကြည့်၏။ ကောရကလမ္ဗက "မင်းကြီး၊ ရှေးမဆွကပင် ဤသို့ပြုမည်ဟုကတိပေးခဲ့သည်မဟုတ်လော" ဟုပြော၏။ မင်းကြီးလည်း ကောရကလမ္ဗကိုငဲ့ကွက်ပြီး ကပိလရသေ့စကားကိုနားမထောင်မူ၍ " ရှင်ရသေ့၊ သင်ကားညီငယ်၊ ကောရကလမ္ဗကားအစ်ကိုကြီး" ဟု ရှေးဦးစွာမုသားဆိုသောခဏ မင်း၏တန်ခိုးလေးပါးကွယ်လျက် နတ်သားလေးယောက်တို့သည် "မုသာဝါဒပြောဆိုသောမင်းအားစောင့်ရှောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု သန်လျက်ကိုခြေရင်း၌ချထားကာ စောင့်ရှောက်ခြင်းမပြုတော့ချေ။ ခံတွင်းမှလည်းအပုပ်နံ့လှိုင်၏။ ကောင်းကင်မှလျှောကာ မြေသို့ကျ၏။

ထိုအခါကပိလရသေ့က "အရှင်မင်းကြီး၊ တခွန်းတည်းသော မုသာဝါဒပြစ်မှုကြောင့် မင်း၏တန်ခိုးများကွယ်လေသည်ကိုရှုတော်မူပါ။ ရှေးအတိုင်း ပကတိဖြစ်လိုပါမူ အကိုကြီးကို အကိုကြီးဟူ၍၊ အငယ်ကို အငယ်ဟူ၍ အမှန်ကိုဆိုတော်မူပါ"ဟု ခုနစ်ကြိမ်တိုင်ပင်ဆုံးမ၏။ သို့တစေမင်းကား ကပိလရသေ့သည်တန်ခိုးကြွန္တိပါဒ်ဖြင့် ဖြားယောင်းသည်ထင်ရကား ရသေ့၏စကားကိုမနာခံဘဲ ခုနစ်ကြိမ်တိုင်ပင် သင်ကားအငယ်၊ ကောရကလမ္ဗကားအကြီး ဟူ၍ မုသားစကားကိုဆို၏။ ထိုသို့ဆိုသည်ရှိသော် ဒုတိယအကြိမ်မုသားဆိုရာ၌ ဖမျက်တိုင်အောင်မြေသို့ဝင်လေ၏။ သုံးကြိမ်မြောက်၌ ပုဆစ်တိုင်အောင်၊ လေးကြိမ်မြောက်၌ ခါးတိုင်အောင်၊ ငါးကြိမ်မြောက်၌ ချက်တိုင်အောင်၊ ခြောက်ကြိမ်မြောက်၌ သားမြတ်တိုင်အောင် မြေသို့ဝင်လေ၏။ ခုနစ်ကြိမ်မြောက်၌ ထပ်၍အကြီးကိုအငယ်၊ အငယ်ကိုအကြီး ဟုမုသားဆိုပြန်ရာတွင်ကား ဤမဟာပထဝီမြေကြီးသည်ဟင်းလင်းပွင့်လျက်မီးတောက်မီးလျှံများထွက်ကာ ခုနစ်ကြိမ်တိုင်အောင် အဂတိလိုက်စား မုသားစကားကိုဆိုခဲ့သော စေတိယမင်းအား "သင်လိုလူအားမြေပေါ်ထားကမြေလေးရုံသာရှိချေမည်"

ဆိုသည့်အလား မြေမျိုပြီးလျှင် အလွန်နက်လှသည့် မဟာ အဝီစိငရဲ၌ ဆင်းရဲပင်ပန်းကြီးစွာ ကျရောက်လေ၏။

ဤကား မုသာဝါဒကံ၏အပြစ်ပြဝတ္ထုတည်း။

မုသာဝါဒသည် အကုသိုလ်အရာတွင် အပြစ် အကြီးဆုံးဖြစ်၍ သစ္စာစကားသည် ကုသိုလ်အရာတွင် အကျိုးအကြီးမားဆုံးဖြစ်၏။

မုသာဝါဒအပြစ်ပြလင်္ကာ

မုသားစကား၊ ဆိုမိငြားမူ၊ သွားမညီနှင့်၊
ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊
ပုံယွင်းဖောက်၏၊ မရောက်အာဏာ၊ နူတ်လျှာ
ကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မကြည်
တည်း။

မဟုတ်မမှန်သောစကားကိုဆိုခြင်းမှရှောင်ကြဉ်မှုအကျိုး ပြလင်္ကာ

မပြောမုသား၊ ရငြားအကျိုး၊ အမျိုးမျိုးကား၊
ကြည်ငြားဣန္ဒြေ၊ ချိုလေစကား၊ သွားများညီဖြူ၊
မဆူမကြဲ၊ တဖုံနိမ့်မြင့်၊ ဖြစ်လင့်ညီစွာ၊ ကိုယ်

မှာအတွေ့၊ သိမ်မွေ့နူးညံ့၊ မွှေးပျံ့ခံတွင်း၊ ပြော
ခြင်းစကား၊ မှတ်သားနာခံ၊ ခြွေရံကျေးကျွန်၊
အလွန်များလှ၊ ပြောထစကား၊ ယုံကြည်များ၏၊
ကြာများပမာ၊ လျှာပါမျက်စိ၊ သိမ်မွေ့ဘိ၏၊
သာသည့်နှလုံး၊ ဝမ်းသာဖုံးအုပ်၊ တုန်လှုပ်မရှိ၊
မပြန့်ဘိသည်၊ မှတ်ဘိမှသားရောင်ကျိုးတည်း။

၅။ သုရာမေရယကံ။ ငါးပါးမြောက် သေရည်
သေရက် သောက်စားများ
လှသော သုရာပါနကံ၌
အရက်တန်ခိုးအလွန်ဆိုး
ဝတ္ထုသာကေ။

အတိတ်ဝေးကွာ ရှေးအခါက ဗာရာဏသီပြည်၌
ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်းသည် သေရည်ယစ်မူး
မင်းရူးသဖွယ်ဖြစ်၏။ သေအရက်နှင့်မကင်းနိုင်၊ အမဲ
ဟင်းလျာနှင့်ကင်း၍လည်းပွဲတော်တည်မရဖြစ်၏။ တခါ
သော် ဥပုသ်နေ့အတွက် အဖိတ်နေ့ကတင်ကြို၍ ဝယ်
ထားအပ်သောအမဲသားကို ခွေးက စားသဖြင့်ပွဲတော်အုပ်
၌အမဲဟင်းလျာကိုမထည့်နိုင်ဖြစ်၏။ စားတော်ကဲသည်
မိဖုရားထံသွား၍အကြံတောင်းရာ မိဖုရားကြီးက "မင်းကြီး

သည့် သားတော်ကလေးကို အလွန်မြတ်နိုး၏။ သားတော်ကလေးကိုတန်ဆာဆင်ပြီးလျှင် မင်းကြီး၏ပေါင်ပေါ်တင်ထားပြီးမှ မင်းကြီးသည်သားတော်နှင့်ကစားနေခိုက်တွင် ပွဲတော်အုပ်ကိုတင်လေ" ဟုအကြံပေးလေ၏။

စားတော်ကဲလည်း မိဖုရားအကြံပေးသည့်အတိုင်း ဆောင်ရွက်၍ ပွဲတော်ကိုဆက်ကပ်၏။ မင်းကြီးသည် အမဲဟင်းလျာကိုမမြင်သဖြင့်မေးလတ်သော် "အရှင်မင်းမြတ်၊ ဤနေ့မှာဥပုသ်နေ့ဖြစ်ပါသည်။ သားငါးမသတ်ရဟု စည်တော်လှည့်လည်ထားသည်ကြောင့် အမဲသားကို ရှာဖွေ မရနိုင်ပါဘုရား" ဟုလျှောက်ထားသည်တွင် "ငါ့အဖို့ အမဲဟင်းလျာသည် ဤမျှပင် ခက်ခဲရာသလော" ဟုဆို၍ ကြက်ကိုလည်လိမ်ပြီး ညှစ်သတ်ဘိသကဲ့သို့ ပေါင်ပေါ်၌နေသောသားတော်ကို လည်မှညှစ်၍သတ်လေ၏။ ထိုနောက်တွင် "လျင်စွာချက်ချေ" ဟုကြမ်းပေါ်သို့ ပစ်ချလေ၏။ စားတော်ကဲလည်း ကောက်ယူ ချက်ပြီး မင်းကိုဆက်ကပ်ရာ စားသောက်နေသောမင်းကိုကြောက်ရွံ့ရကား မိဖုရားမှအစပြု၍ တစုံတယောက်မျှ မငိုဝံ့ပေ။

နံနက်မိုးသောက်သဖြင့် ယစ်မူးပြေသည့်ကာလ

"ငါ့သားတော်ကိုယူခဲ့ကြ" ဟုဆိုသော် မိဖုရားက ငိုယို လျှောက်တင်သောအခါ သတိသံဝေဂရတော်မူကာ ကြီး စွာသောသောကဖြင့်ယိုစီးလာသောမျက်ရည်တို့ကို မဆီး စွမ်းနိုင် ငိုမြည်တမ်း၏။ ဤသို့လျှင် ပင်ပန်းဆင်းရဲရ သောဒုက္ခသည် သုရာပါန ကြောင့်ဖြစ်ချေသည် ဟူ၍ သေရည်သေရက်သောက်ခြင်း၌ အပြစ်ဒေါသ အာဒီနဝ ကိုမြင်တော်မူကာ ခံတွင်းကို မြေညက်ဖြင့် စင်ကြယ်စွာ ပွတ်တိုက်ပြီးလျှင်–

"အဟံ၊ ငါသည်။ ဣတော၊ ဤနေ့မှ။ ပဋ္ဌယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ န ပါပုဏာမိ၊ မရောက်ရသေး။ တာဝ၊ ထိုမျှ လောက်သောကာလပတ်လုံး။ ဝေရူပံ၊ ဤသို့သဘောရှိ သော။ ဝိနာသကာရကံ၊ ပျက်စီးဆုံးရှုံးခြင်းကို ပြုတတ် သော။ သုရံနာမ၊ သေ‌ရက်မည်သည်ကို။ နပိဝိသာမိ၊ မသောက်သုံးတော့ပါ"

ဤသို့လျှင် ဆုတောင်းဓိဋ္ဌာန်၍ အရဟတ္တဖိုလ် တိုင်ရောက် မသောက်သုံးတော့ပေ။ မူးယစ်ပြီး ချစ်လှ စွာသောသားတော်ကိုသတ်၍စားသော ဗြဟ္မဒတ်မင်းကား

တပါးသော သာမညပုဂ္ဂိုလ်မဟုတ်၊ အရှင်သာရိပုတ္တရာ အလောင်းတော်မြတ်ကြီးပင်တည်း။

(ဇာတ်အဋ္ဌကထာ၊ ဒုတွဲ၊ ဒုကနိပါတ်၊ ဓမ္မဓဇ ဇာတ်၊ စာမျက်နှာ ၁ရ၇၊ ၁ရ၈)

ထိုမှတပါးလည်း ဝတ္ထုသာဓကများစွာရှိသေး၏။ သေသောက်ရာ၌ ပစ္စုပ္ပန်၊ အနာဂတ် အပြစ်တို့ကိုပြဆို၍ နိဂုန်းချုပ်ပါတော့မည်။

**သုရာပါန (သုရာမေရယ) အပြစ်လင်္ကာ**

သေရက်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊
ပျင်းရိမိုက်ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊
ခပင်းများတို့၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊
ပြုဖြစ်ရာ၏။

**သေရည်သောက်ခြင်းကြောင့် ယခုပစ္စုပ္ပန်မျက်မှောက် ဘဝ၌ ရရှိသောအပြစ်ခြောက်ပါး**

ယခုမျက်မှောက်၊ သေသောက်အပြစ်၊
ရလမ်းအကျိုး၊ ထိုခြောက်မျိုးကား၊ စီးပွားပျက်တုံ၊

ငြင်းခုံခိုက်ရန်၊ ဖြစ်ပြန်ရောဂါ၊ ပွားလာတည်လစ်၊ အကြောင်းဖြစ်၍၊ မဲ့ဘိကျော်စော၊ ရက်သော ကြောက်ထ၊ မရှိကြဘူး၊ သိပ္ပပညာ၊ ဆုတ်ယုတ် စွာသည်၊ မှတ်ပါအပြစ်၊ မျက်မှောက်ဖြစ်၍။

**သေရည်သောက်ခြင်းကြောင့် အနာဂတ်ဘဝ၌ ခံစားရ သောအပြစ်များ**

အနာဂတ်ရောက်၊ သေသောက်အပြစ်၊ ရလစ်အကျိုး၊ အမျိုးမျိုးကား၊ ငရဲကြီးငယ်၊ အ သွယ်သွယ်ပ၊ ခံရအစစ်၊ တိရစ်ပြိတ္တာ၊ ဖြစ်မှာ တဖန်၊ ယုတ်ပြန်များအောက်၊ လူ့ဘုံရောက်လည်း၊ ရူးနှောက်ပုံ့လွင့်၊ ဆွံ့အမပီ၊ အရည်ယိုဘိ၊ ပဋိ သန္ဓေ၊ တည်နေအစ၊ တွေဝေရသည်၊ မှတ်ကြ အပြစ်၊ နာဂတ်ဖြစ်၍။

**သူ့အိမ်ရာကိုလွန်ကျူးခြင်း၌ ထည့်သွင်းသော သေ အရက်ကိုသောက်ခြင်းမှရှောင်ကြဉ်ရသော အကျိုးပြ လင်္ကာ**

သေသောက်ကင်းလတ်၊ ရအပ်အကျိုး၊ အမျိုးမျိုး

ကား၊ သုံးပါးကာလ၊ ဟူသမျှ၌၊ ကိစ္စပြုဖွယ်၊ သိလွယ်လျင်မြန်၊ ထင်ပြန်သတိ၊ ခပ်သိမ်းရှိ၏၊ ရှုးဘိကင်းကွာ၊ ပညာဉာဏ်ရှိ၊ မပျင်းရိသူ၊ ယို ဘိအရည်၊ မဖြစ်သည်သာ၊ တိုင်းရှည်ကိုသိ၊ ဆမ္ဘိတတ်ကင်း၊ တွေဝေခြင်းနှင့်၊ ရန့်ရင်းခက် ထန်၊ ပြုံးပြန်ပေ၊ မေ့လျော့မဖြစ်၊ စင်စစ်စကား၊ မဖောက်ပြားတည်း၊ စကားပြိန်ဖျင်း၊ ကြမ်းခြင်း မချော၊ မပြောမဆို၊ ထိုထိုနေ့ည၊ ပြင်းပြ ဆန့် ကျင်၊ ကင်းအင်တထူး၊ ကျေးဇူးသိလှ၊ သီလမြဲမြံ၊ သူဝန်မတို၊ စွန့်ကြဲလိုလည်း၊ ပင်ကိုယ်ဖြောင့်မတ်၊ နည်းလတ်အမျက်၊ အရက်လန့်ကင်း၊ ဖြောင့်စင်း အယူ၊ မြတ်သူဖြစ်ဘိ၊ နှိုင်းရှိပညာ၊ တဖြာ သိ လွယ်၊ ပညာကြွယ်ဘိ၊ ကျိုးရှိမရှိ၊ မြင်သိလိမ္မာ၊ ဖြစ်ရရှာသည်၊ သူရာအရက်ရှောင်ကျိုးတည်း။

**သတိပေးချက်။** ဆိုအပ်ခဲ့ပြီးသော ဒုကနိပါတ် ဓမ္မဓေ ဇာတ်၌ သေရည်သောက်မှား သားကိုသတ်၍စားသည့် ဆတ္တပါဏီအလောင်း သူတော်ကောင်းလို အရဟတ္တဖိုလ် ရရှိသည့်တိုင်ရောက် မသောက်မစားတော့ပါ ဟု ဆုပန် အဓိဋ္ဌာန်ပြီးလျှင် မကောင်းမှုအကုသိုလ်၏အပြစ်ဒေါသ

အာဒိန၀တို့ကို ရှုမြင်ဆင်ခြင် ငြီးငွေ့ကြလျက် ဒါနသီလ စသည်တို့ကို အားထုတ်ပါမှ ဘ၀သံသရာ လွန်စွာရှည် ညောင်း ဝဲခနှောင်းမှ ထွက်မြောက်စေကြောင်း ကောင်း မှုပါရမီ ပြည့်စုံမည်ဟု သတိပြုကြရာကုန်၏။

ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်သူတို့မှာ အရင်း စစ် အမြစ်ကပဲ အသည်းနှလုံး သည်းခြေပမာ လွန်စွာ အရေးကြီးမှန်၊ အခြေခံ မူလဘူတ ပဓာနဖြစ်သော ဩကာသ အဓိပ္ပါယ်၊ သရဏဂုံအကျယ်၊ ငါးသွယ်ပဉ္စသီ အလီလီတို့ကို ပါဠိ အဋ္ဌကထာ ဋီကာလာဖြင့် နှောင်လာ နောက်သား သမီးသားတို့ အကျိုးများဖို့ရည်ရွယ် ကောင်း ကြွယ်အဓိပ္ပါယ် လွန်ကျယ်လှစွာ ရေးသားလိုက်ရပါ သတည်း။

# သီလ၏ အခြေခံလက္ခဏာအကြောင်း

သီလခေါ်ခြင်းအကြောင်းကို သိရှိပြီးသည့်နောက် သီလ၏ အခြေခံလက္ခဏာအကြောင်းကိုလည်း သိရှိရန် အထူး လိုအပ်ပါသည်။ အောက်ခြေ အခြေခံအုတ်မြစ် မရှိသောအဆောက်အအုံသည် မခိုင်မြဲသကဲ့သို့ အခြေခံ မရှိဘဲ အခြားသူများသီလဆောက်တည်၍သာ ရောမြှောင် ဆောက်တည်ရသောသီလမျိုးသည်လည်း မခိုင်မြဲနိုင်ပါ။ အခြေခံအပေါ်၌တည်ဆောက်ထားသော သီလသည်သာ လျှင် အစဉ်မြဲပေမည်။ ထိုသီလ၏ အခြေခံအကြောင်း များကား အထူးအဆန်းမဟုတ်ကြပါ။ လူတိုင်းနှုတ်ဖျား တွင်ပြောဆိုနေကြသည့် ဟိရိနှင့်ဩတ္တပ္ပ တရားနှစ်ပါး ပင်ဖြစ်ပါသည်။ ဟိရိဩတ္တပ္ပ တရားနှစ်ပါးရှိမှ သီလ ကိုဆောက်တည်နိုင်၊ စောင့်ထိန်းနိုင်သောကြောင့် ဟိရိ ဩတ္တပ္ပ တရားနှစ်ပါးသည် သီလ၏ အနီးဆုံးသော အကြောင်း ဖြစ်သည်။

## ဟိရိ

မိမိဂုဏ်ကို ငဲ့၍ မကောင်းမှုမှ ရှက်ခြင်းသည် ဟိရိ မည်၏။

### ငဲ့ကွက်ရမည့်ဂုဏ်များ

| | | |
|---|---|---|
| ၁။ | ဇာတိ | မိမိ၏အမျိုးဇာတ်။ |
| ၂။ | ဝယ | မိမိ၏အရွယ်။ |
| ၃။ | သူရဘာဝ | လုပ်နိုင်ကိုင်နိုင်မှု။ |
| ၄။ | ဗဟုသစ္စ | အကြားအမြင်များမှု။ |

မကောင်းမှုအလုပ်သည် မုဆိုးမျိုး၊ တံငါမျိုးစသော အောက်တန်းစားလူများ၏အလုပ်တည်း။ ငါကဲ့သို့ လူကောင်းသူကောင်းတို့၏ အလုပ်မဟုတ်။ မကောင်းမှုပြုလျှင် ငါသည်ယုတ်သောအမျိုးထဲသို့ရောက်သွားမည်ဟု မိမိအမျိုးဂုဏ်ကိုဆင်ခြင်ငဲ့ကွက်၍ မကောင်းမှုမှရှောင်ရှားလျက် ရှက်ခြင်း ဟိရိ ကိုဖြစ်စေရပါမည်။

မကောင်းမှုအလုပ်သည် မသိနားမလည်ကြသေးသော ကလေးသူငယ် လူမမယ်တို့သာ လုပ်ကြသည်။ ငါကဲ့သို့သိတတ်သူ အရွယ်ရောက်သူတို့၏အလုပ်မဟုတ်

ဟု မိမိအရွယ်ကိုငဲ့ကွက်၍ ရှက်ခြင်း ဟိရိ ကို ဖြစ်စေရပါမည်။

မကောင်းမှုအလုပ်သည် မလုပ်နိုင်မကိုင်နိုင် မလုပ်တတ်မကိုင်တတ် အသိဉာဏ်အစွမ်းအစ မရှိသောသူတို့၏ အလုပ်ဖြစ်သည်။ ငါသည်အသိဉာဏ်လည်းရှိပါလျက် မိမိလုပ်တတ်ကိုင်တတ်သည်ကိုငဲ့၍ မကောင်းမှုမှရှောင်ပြီး ရှက်ခြင်း ဟိရိ ဖြစ်ရမည်။

မကောင်းမှုအလုပ်သည် ဗဟုသုတနည်းပါးသူလူအလူနတို့၏အလုပ်တည်း။ ငါလိုဗဟုသုတရှိသူတို့၏အလုပ်မဟုတ် ဟူ၍ မိမိ၏ဗဟုသုတဂုဏ်ကိုငဲ့၍ ရှက်ခြင်း ဟိရိ ဖြစ်စေရပါမည်။

## သြတ္တပ္ပ

ဘေးကိုငဲ့၍ မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်းသည် သြတ္တပ္ပ မည်၏။

## ရှုငဲ့ရမည့်ဘေးများ

၁။ အတ္တာနုဝါဒဘေး မိမိကိုယ်ကိုမိမိအသိဆုံးဖြစ်၍ မိမိပြုလုပ်မှုကို မှားမှန်းသိပြီး

| | | |
|---|---|---|
| | | မိမိကိုယ်ကိုမိမိကရှုတ်ချရခြင်းသည် ကြောက်ဖွယ်အကောင်းဆုံးဘေး ဖြစ်သည်။ |
| ၂။ | ပရနုဝါဒဘေး | သူတပါးက ကဲ့ရဲ့ရှုတ်ချခြင်းဘေး။ |
| ၃။ | ဒဏ္ဍဘေး | မင်းဘေးစသော ကြောက်ဖွယ်ဘေး။ |
| ၄။ | ဒုဂ္ဂတိဘေး | အပါယ်ကျရောက်ရမည့် ဘေး။ |

မကောင်းမှုပြုလုပ်မိလျှင် မိမိကိုယ်တိုင်ပင် အပြစ်မြင်လာသည်။ ထိုသို့အပြစ်မြင်လာသောကြောင့်သူတပါးအားမပြောရဲဘဲ ကိုယ့်ကိုယ်ကိုပင်တွေး၍ စိတ်ဒုက္ခရောက်မည့်ဘေးကို ငဲ့ကွက်ဆင်ခြင်ကာ ကြောက်ခြင်း ဩတ္တပ္ပကို ဖြစ်စေရမည်။

မကောင်းမှုပြုမိလျှင် သူတပါးကအမျိုးမျိုးကဲ့ရဲ့အပြစ်တင်မည့်ဘေးကို ငဲ့ကွက်ဆင်ခြင်လျက် ကြောက်ခြင်း ဩတ္တပ္ပ ဖြစ်စေရမည်။

မကောင်းမှုပြုမိလျှင် မင်း (အစိုးရ) ကဖမ်းဆီး၍ ထောင်ဒဏ်၊ သေဒဏ် အပြစ်ပေးမည်ကိုငဲ့ကွက်ဆင်

ခြင်လျက် ကြောက်ခြင်း ဩတ္တပ္ပ ဖြစ်စေရမည်။

မကောင်းမှုပြုလုပ်မိလျှင် သေပြီးသည့်နောက်၌ အပါယ် ဒုဂ္ဂတိသို့ ရောက်ရမည့်ဘေးကို ငဲ့ကွက်လျက် ကြောက်ခြင်း ဩတ္တပ္ပ ဖြစ်စေရမည်။

ဤသို့ဖော်ပြခဲ့သော ဟိရိဩတ္တပ္ပတရားနှစ်ပါး ရှိနေလျှင် မည်သည့်အကုသိုလ်မှု (မကောင်းမှု) မှမပြု တော့သဖြင့် ကမ္ဘာလောကသားတို့ အေးချမ်းသာယာစွာ နေထိုင်နိုင်ကြမည်ဖြစ်၍ ဤတရားနှစ်ပါးကို လောက ပါလ (လောကသားတို့ကို ဘေးမရောက်အောင် စောင့် ရှောက်ထားသည့်တရား) ဟုပင် ခေါ်ဆိုရလေသည်။

သီလဟူသည် အဘယ်ကဲ့သို့သော တရားမျိုး ဖြစ်လေသနည်းဟု ပညာရှိသူတော်ကောင်းတို့ ဆင်ခြင် သောအခါ **သီလဟူသည် ကာယကံမှုစင်ကြယ်ခြင်း၊ ဝစီကံမှုစင်ကြယ်ခြင်း၊ မနောကံမှုစင်ကြယ်ခြင်း ပင်ဖြစ်သည်** ဟုထင်မြင်လာသည်။ ဟိရိဩတ္တပ္ပတရား နှစ်ပါးရှိမှ သီလကိုဆောက်တည်နိုင်၊ စောင့်ထိန်းနိုင်သော ကြောင့် ထိုဟိရိဩတ္တပ္ပတရားနှစ်ပါးသည် သီလ၏အနီး ဆုံးသော အကြောင်းဖြစ်သည်။

ဤကား သီလ၏လက္ခဏာ စသည်တို့ ပြဆိုချက်တည်း။

(ရမည်းသင်း ဆင်ကျုံးဆရာတော် ဘဒ္ဒန္တ ကောသလ္လ)

# ငါးပါးသီလအင်္ဂါနှင့်အကျိုးအပြစ်ပြ ဆောင်ပုဒ် ကဗျာ လင်္ကာ

နိုင်ငံတော် သံဃမဟာနာယက (ပထမအကြိမ်) ရမည်းသင်းမြို့၊ ဆင်ကျုံးတောရဆရာတော် ဘဒ္ဒန္တ ကောသလ္လ ရေးသားသော အခြေခံဗုဒ္ဓဘာသာစာအုပ်မှ ငါးပါး သီလတစ်ပါးစီ၏အဓိပ္ပါယ်၊ အပြစ်၊ အကျိုးပြ စာသား၊ ကဗျာ၊ လင်္ကာတို့ကိုသာ ကျက်လွယ် မှတ်လွယ်စေရန် ထုတ်နှုတ်၍ဖော်ပြခြင်း ဖြစ်ပါသည်။

- အပြစ်ပြလင်္ကာများကို ဝိသုဒ္ဓါရုံဆရာတော်က ရေးသားတော်မူပါသည်။
- အကျိုးပြရှစ်လုံးဘွဲ့ ကဗျာများကို ရေကြည် ဆရာတော် ရေးသားတော်မူပါသည်။
- ငါးပါးသီလတစ်ပါးစီ၏အဓိပ္ပါယ်နှင့် ဆောင် ပုဒ်ကို ဆင်ကျုံးဆရာတော် ရေးသားတော် မူပါသည်။

## ပါဏာတိပါတအင်္ဂါငါးပါး

၁။ သတ္တဝါလည်းဖြစ်စေ။

၂။ သတ္တဝါဟုအမှတ်ရှိသည်လည်းဖြစ်စေ။

၃။ သတ်လိုသောစေတနာလည်းရှိစေ။

၄။ သတ်ဖြတ်ခြင်းလုံ့လပယောဂလည်းရှိစေ။

၅။ ထိုလုံ့လကြောင့်သေသည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါးစုံလျှင် ပါဏာတိပါတ အကုသိုလ်မြောက်၏။

ဆောင်ပုဒ်လင်္ကာ။ သတ္တဝါ၊ သတ္တဝါမှတ်၊ သတ်ဖြတ်
လိုမှု၊ လုံ့လပြုကာ၊ သေပျက်ရာ၊
အင်္ဂါငါးခု သက်သတ်မှု။

## ပါဏာတိပါတအပြစ်

၁။ ကိုယ်အင်္ဂါကြီးငယ်ချို့တဲ့ခြင်း။

၂။ ရုပ်ရည်မွဲခြောက်ခြင်း။

၃။ အားအင်ယိုယွင်းဆုတ်ယုတ်ခြင်း။

၄။ လျင်မြန်မှုမရှိ၊ လေးလံခြင်း။

၅။ ထိတ်လန့်ကြောက်ရွံ့ခြင်း။

၆။ အသတ်ခံရခြင်း။

၇။ အနာရောဂါများပြားခြင်း။

၈။ အသက်တိုခြင်း။

ဆောင်ပုဒ်လင်္ကာ။ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလှ၊ ဖြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

## ပါဏာတိပါတရှောင်ကြဉ်ရခြင်းအကျိုး

၁။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေလက် ချွတ်ယွင်းမရှိ ပြည့်စုံခြင်း။

၂။ အလုံးအရပ်ပြည့်စုံညီညွတ်ခြင်း။

၃။ လျင်မြန်ဖျတ်လတ်ခြင်း။

၄။ ကောင်းစွာတည်သော ခြေရှိခြင်း။

၅။ ယဉ်ကျေးတင့်တယ်ခြင်း။

၆။ နူးညံ့ခြင်း။

၇။ စင်ကြယ်ခြင်း။
၈။ ရဲရင့်ခြင်း။
၉။ ခွန်အားကြီးမားခြင်း။
၁၀။ ပီသသောစကားရှိခြင်း။
၁၁။ လူအများချစ်ခင်ခြင်း။
၁၂။ အခြွေအရံမပျက်စီးခြင်း။
၁၃။ မတုန်လှုပ်ခြင်း။
၁၄။ ပျက်စီးနိုင်ခဲခြင်း။
၁၅။ သူတပါးလုံ့လဖြင့်မသေနိုင်ခြင်း။
၁၆။ အခြံအရံများခြင်း။
၁၇။ ကောင်းသောအဆင်းသဏ္ဍာန်ရှိခြင်း။
၁၈။ အနာရောဂါနည်းခြင်း။
၁၉။ စိုးရိမ်ကင်းခြင်း။
၂၀။ ချစ်ခင်မြတ်နိုးသူတို့နှင့်မကွေကွင်းရခြင်း။
၂၁။ အသက်ရှည်ခြင်း စသည်တို့တည်း။

## ဆောင်ပုဒ်ကဗျာ

၁။ သတ္တဝါများ သနားညှာတာ၊ သတ်လိုစိတ်ထား၊ ရှောင်ရှားကြပါ။ ကျိုးဖလများ၊ မိန့်ကြားသေချာ၊ စိတ်ဝယ်ထား၊ မှတ်သားနာယူပါ။

၂။ မချွတ်မယွင်း၊ စုံခြင်းအင်္ဂါ၊ ကိုယ်လုံးကိုယ်ရပ်၊ လျောက်ပတ်ညီညာ။ လျင်မြန်ပေါ့ပါး၊ ခွန်အား လွန်စွာ၊ ခြေထောက်များ၊ တည်ထားကောင်းလေပါ။

၃။ ရဲရင့်နူးညံ့၊ သန့်ပြန့်စင်ကြယ်၊ စကားသန့်ရှင်း၊ ရုပ်ဆင်းတင့်တယ်။ ချစ်ခင်သူများ၊ မိုက်မှားကင်းတယ်၊ ခြွေရံလုံး၊ စည်းရုံးမပျက်ပြယ်။

၄။ တုန်လှုပ်မဟီး၊ ဖျက်ဆီးခက်လေ၊ သူ့လုံ့လတွက်၊ မပျက်မသေ။ ချစ်သူယှဉ်တွဲ၊ မကွဲမသွေ၊ စိုးရိမ်ရှင်း၊ နာကင်းအသက်ရှည်။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟုဆိုသည့်အတိုင်း သူ့အသက်သတ်ခြင်း ကိုရှောင်ကြဉ်ပါ။

## အဒိန္နာဒါနအင်္ဂါငါးပါး

၁။ သူတပါး သိမ်းဆည်းအပ်သောဥစ္စာလည်းဖြစ်စေ။

၂။ သူတပါး သိမ်းဆည်းအပ်၏ ဟု အမှတ်သညာလည်းရှိစေ။

၃။ ခိုးလိုသောစိတ်ရှိသည်လည်းဖြစ်စေ။

၄။ ခိုးယူမှုလုံ့လလည်းဖြစ်စေ။

၅။ ထိုလုံ့လဖြင့်ခိုးယူအပ်သည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါးညီလျှင် အဒိန္နာဒါန အကုသိုလ်မြောက်သည်။

## အဒိန္နာဒါနအပြစ်

၁။ ဥစ္စာဆင်းရဲမွဲတေခြင်း။

၂။ ငတ်ငတ်ပြတ်ပြတ်နေရခြင်း။

၃။ အလိုရှိသောအခါ၌ မရခြင်း။

၄။ စီးပွားဥစ္စာပျက်စီးခြင်း။

၅။ ရန်သူမျိုးငါးပါးကြောင့် ဥစ္စာပြုန်းတီးခြင်း။

အပြစ်ပြလင်္ကာ။ အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်တိ၊ လိုရှိမရ၊ ဘောဂ ပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ဖြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

## အဒိန္နာဒါနမှရှောင်ကြဉ်ရခြင်းအကျိုး

၁။ အသုံးအဆောင်ပစ္စည်းများခြင်း။

၂။ သိမ်းဆည်းထားအပ်သောပစ္စည်းများခြင်း။

၃။ မရေတွက်နိုင်သောစည်းစိမ်ရှိခြင်း။

၄။ မဖြစ်ပေါ်သေးသောစည်းစိမ်အသစ်ဖြစ်ပေါ် ခြင်း။

၅။ စည်းစိမ်ဟောင်းများမြဲမြံခိုင်ခန့်ခြင်း။

၆။ လိုအပ်လျှင်အလွယ်တကူရရှိခြင်း။

၇။ ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်ခြင်း။

၈။ မရှိဟူသောစကား မကြား မသိရခြင်း။

၉။ သူတပါးနှင့်မတူ အထက်တန်းကျခြင်း။

၁၀။ ချမ်းသာစွာနေရခြင်း။

ဆောင်ပုဒ်ကဗျာ

၁။ ပိုင်ရှင်သိုထား၊ သူများဥစ္စာ၊ ခိုးလိုစိတ်ထား၊ ရှောင်ရှားကြပါ။ ကျိုးဖလများ၊ မိန့်ကြားသေချာ၊ စိတ်ဝယ်ထား မှတ်သားနာယူပါ။

၂။ သုံးဆောင်သိမ်းထား၊ ပေါများဥစ္စာ၊ စည်းစိမ်မဆုံး၊ ရွှင်ပြုံးကြည်သာ။ စည်းစိမ်သစ်များ၊ ဖြစ်ပွားပေါ်လာ၊ စည်းစိမ်ဟောင်း ရှည်ညောင်းမပျက်ကွာ။

၃။ လိုရှိခဏ၊ ပြည့်ဝလျှင်စွာ၊ ရန်သူဖျက်ခိုး၊ မညှိုးဥစ္စာ။ မရှိအနက်၊ သိခက်လှပါ၊ အထက်တန်းကျ၊ နေရလွန်ချမ်းသာ။

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟုဆိုသည့်အတိုင်း သူ့ဥစ္စာ ခိုးယူမှုမှ ရှောင်ကြဉ်ပါ။

## ကာမေသုမိစ္ဆာစာရအင်္ဂါလေးပါး

၁။ မသွားလာမလွန်ကျူးထိုက်သူလည်းဖြစ်စေ။

၂။ ထိုသူ၌သွားလာလွန်ကျူး မှီဝဲလိုစိတ်လည်း ရှိစေ။

၃။ မှီဝဲခြင်းလုံ့လပြုသည်လည်းဖြစ်စေ။

၄။ မဂ်ဖြင့်မဂ်ကိုသွင်းခြင်း၌သာယာသည်လည်း ဖြစ်စေ။

ဤ အင်္ဂါလေးပါးစုံလျှင် ကာမေသု မိစ္ဆာစာရ အကုသိုလ် မြောက်၏။

## ကာမေသုမိစ္ဆာစာရအပြစ်

၁။ လူမုန်းများခြင်း။

၂။ ဘေးရန်များခြင်း။

၃။ ပစ္စည်းဉစ္စာ လာဘ်လာဘရှားပါးခြင်း။

၄။ ချမ်းသာမှု မရှိခြင်း။

၅။ မိန်းမ နပုန်းပဏ္ဍုတ် ဖြစ်ရခြင်း။

၆။ အမျိုးယုတ်၌ဖြစ်ရခြင်း။

၇။ မျက်နှာအောက်ကျခြင်း။

၈။ အရှက်တကွဲဖြစ်ရခြင်း။

၉။ အဆင်းအင်္ဂါလက္ခဏာချွတ်ယွင်းခြင်း။
၁၀။ စိုးရိမ်များခြင်း။
၁၁။ ချစ်သူနှင့်ကွေကွင်းရခြင်း။

အပြစ်ပြလင်္ကာ။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြ လူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၍၊ ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာပြန္တြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရောင်ခါအပြန်အကျိုးတည်း။

## ကာမေသုမိစ္ဆာစာရမှရှောင်ကြဉ်ရခြင်းအကျိုး

၁။ ရန်သူမှကင်းခြင်း။
၂။ လူခပ်သိမ်းတို့ချစ်ခင်ခြင်း။
၃။ ထမင်း အဖျော် အဝတ် အိပ်ယာ စသည်တို့ ရခြင်း၊
၄။ ချမ်းသာစွာအိပ်ရခြင်း။
၅။ ချမ်းသာစွာနိုးရခြင်း။

၆။ အပါယ်ဘေးမှလွတ်ခြင်း၊
၇။ မိန်းမ နပုန်း မဖြစ်ရခြင်း။
၈။ အမျက်ဒေါသနည်းခြင်း။
၉။ မျက်မှောက်ထင်ထင်ပြုအပ်သောကောင်းမှု ရှိခြင်း။
၁၀။ ပေါ်လွင်သောမျက်နှာရှိခြင်း။
၁၁။ ဇနီးမောင်နှံအချင်းချင်းချစ်ခင်ခြင်း။
၁၂။ ဣန္ဒြေပြည့်ဖြိုးခြင်း။
၁၃။ လက္ခဏာအင်္ဂါပြည့်စုံခြင်း။
၁၄။ ရွံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်း။
၁၅။ ကြောင့်ကြမှုမရှိဘဲနေရခြင်း။
၁၆။ ချမ်းချမ်းသာသာနေရလေ့ရှိခြင်း၊
၁၇။ ဘေးရန်မရှိခြင်း။
၁၈။ ချစ်သောသူနှင့်မကွေကွင်းရခြင်း။

ဆောင်ပုဒ်ကဗျာ

၁။ ကာမဂုဏ်များ၊ မှောက်မှားတဏှာ၊ လွန်ကျူး ပျော်ပါး၊ ရှောင်ရှားကြပါ။ ကျိုးဖလများ၊ မိန့်ကြားသချာ၊ စိတ်ဝယ်ထား မှတ်သားနာယူပါ။

၂။ ရန်သူမဲ့ရှား၊ လူများချစ်ခင်၊ အိပ်ရာဝတ်စား၊ ပေါ
များရပင်၊ ချမ်းသာအိပ်နိုး၊ ပါယ်မျိုးကင်းစင်၊ မ
ဖြစ်ရ၊ မိန်းမ နပုန်းသွင်။

၃။ ဒေါသနည်းပါး၊ မျက်ဝါးထင်မြင်၊ ရုပ်ဆင်းမကျ၊
မုခပေါ်လွင်၊ သွင်ပြင်ကောင်းလှ၊ ပြည့်ဝကြန်အင်၊
တူနေခြင်း ပေါင်းသင်းလွန်ချစ်ခင်။

၄။ ကြောင့်ကြမများ၊ ရွံ့ရှားမထင်၊ ချမ်းသာအေးမြ၊
နေရကြည်လင်၊ ဆားဟူသမျှ၊ ဝေးကဖဲကြဉ်၊ ချစ်
သူမြဲ မကွဲပေါင်းဖက်ယှဉ်။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိ
ယာမိ ဟုဆိုသည့်အတိုင်း သူ့မယားသူ့လင်ကို လွန်ကျူး
ခြင်းမှ ရှောင်ကြဉ်ပါ။

## မုသာဝါဒအင်္ဂါလေးပါး

၁။ မဟုတ်မမှန်သောဝတ္ထု (အကြောင်းအရာ) လည်းဖြစ်စေ။

၂။ မှားယွင်းလိုသောစိတ်လည်းရှိစေ။

၃။ ကိုယ် နှုတ် လုံ့လ တပါးပါးလည်းရှိစေ။

၄။ မိမိပြောဆိုသောအမှားအတိုင်း သူတပါးတို့ သိသည်လည်းဖြစ်စေ။

ဤ အင်္ဂါလေးပါးစုံလျှင် မုသာဝါဒ အကုသိုလ် မြောက်၏။

ဆောင်ပုဒ်လင်္ကာ။ မမှန်ကြောင်းရင်း၊ မှားယွင်းလိုမှု၊ လုံ့လပြုကာ၊ သူသိရာ၊ အင်္ဂါလေးခု လိမ်လည်မှု။

## မုသာဝါဒအပြစ်

၁။ စကားမပီသခြင်း။

၂။ သွားမညီညွတ်ခြင်း။

၃။ ပါးစပ်ပုပ်ခြင်း။

၄။ ကိုယ်ရေခြောက်ကပ်ခြင်း။

၅။ မကြည်လင်သောဣန္ဒြေရှိခြင်း။

၆။ ပုံပန်းမလှခြင်း။

၇။ ဩဇာအာဏာမရှိခြင်း။

၈။ နှုတ်လျှာကြမ်းခြင်း။

၉။ လျှပ်ပေါ်လော်လည်ခြင်း။

၁၀။ စိတ်မတည်တန့်ခြင်း။

အပြစ်ပြလင်္ကာ။ မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနှောက်၊ ပုံယွင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန် အကျိုးတည်း။

## မုသာဝါဒမှရှောင်ကြဉ်ရခြင်းအကျိုး

၁။ ကြည်လင်သောဣန္ဒြေရှိခြင်း။

၂။ သန့်ရှင်း ပြတ်သား ချိုသာသော စကားရှိခြင်း။

၃။ ညီညွတ်ဖြူဖွေးစင်ကြယ်သောသွားရှိခြင်း။

၄။ မဝလွန်း၊ မပိန်လွန်း၊ မပုလွန်း၊ မရှည်လွန်းသော ပြေပြစ်သောကိုယ်ရှိခြင်း။
၅။ ချမ်းသာသောအတွေ့အထိရှိခြင်း။
၆။ အာခံတွင်းမှကြာနံ့သင်းခြင်း။
၇။ စကားကိုနားထောင်သောအခြွေအရံရှိခြင်း။
၈။ နာယူချင်စဖွယ်သောစကားရှိခြင်း။
၉။ နီမြန်းနူးညံ့ပါးလွှာသောလျှာရှိခြင်း၊
၁၀။ မပျံ့လွင့် မတုန်လှုပ်ခြင်း။
၁၁။ လျှပ်ပေါ်လော်လည်မှု မရှိခြင်း။

ဆောင်ပုဒ်ကဗျာ

၁။ မမှန်စကား၊ လှည့်ဖျားလိမ်ညာ၊ ပြောဆိုမှုများ၊ ရှောင်ရှားကြပါ။ ကျိုးဖလများ၊ မိန့်ကြားသေချာ၊ စိတ်ဝယ်ထား၊ မှတ်သားနာယူပါ။

၂။ ကြည်လင်ပြတ်သား၊ စကားချိုသာ၊ စင်ကြယ်ဖြူဆွတ်၊ ညီညွတ်သန့်ဘွာ။ ရှည်တိုပိန်ဝ၊ ညီမျှကိုယ်မှာ၊ ချမ်းသာငွေ့ အတွေ့ကောင်းလှစွာ။

၃။ ခံတွင်းရနံ့၊ သင်းပြန့်ကြွေကြာ၊ ခြွေရံလူများ၊ စကားလိုက်နာ၊ လူသူအများ၊ ပြောကြားလေရာ၊ မပယ်ရှား၊ စကားတွန်သည့်သာ။

၄။ ကုမုဒအလား၊ နီလာဓိဝါ၊ နူးညံ့ပျော့ပျောင်း၊ လွန်ကောင်းပေတာ၊ မပျံ့လွင့်ဘဲ၊ ဘည်မြဲလှစွာ၊ ဖော်လည်ခြင်း အလျှင်းမရှိပါ။

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ဟုဆိုသည့်အတိုင်း မဟုတ်မမှန်ပြောဆိုမှုမှ ရှောင်ကြဉ်ပါ။

## သုရာမေရယအင်္ဂါလေးပါး

၁။ သေရည်သေရက်စသည်တို့တွင် တပါးပါး လည်းဖြစ်စေ။

၂။ မူးယစ်ခြင်းငှာသောက်လိုသောစိတ်ရှိသည် လည်းဖြစ်စေ။

၃။ စိတ်ရှိသည့်အားလျော်စွာ သောက်မှုလုံ့လ လည်းပြုစေ။

၄။ ဝမ်းအတွင်းသို့ဝင်သည်လည်းဖြစ်စေ။

ဤ အင်္ဂါလေးပါးညီလျှင် သုရာမေရယာကံ မြောက်၏။

ဆောင်ပုဒ်လင်္ကာ။ သေအရက်ကို၊ မူးယစ်လိုမှု၊ လုံ့လ ပြုကာ၊ သောက်စားရာ၊ အင်္ဂါလေး ခု သေသောက်မှု။

## သုရာမေရယအပြစ်

၁။ သင့်သောအမှု၊ မသင့်သောအမှုကိုခွဲခြား၍ မသိခြင်း။

၂။ ပျင်းရိခြင်း။

၃။ မူးမေ့တတ်ခြင်း။

၄။ သူ့ကျေးဇူးကိုမသိတတ်ခြင်း။

၅။ အရက်အကြောက်ကင်းမဲ့ခြင်း။

၆။ အကုသိုလ်အမှု အလွန်တကူ ပြုမိခြင်း။

အပြစ်ပြလက်ာ။ သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရှေးနှင့်မသိ၊ ပျင်းရိမေ့မူး၊ ကျေးဇူး မဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများ လို့၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါ အပြစ် အကျိုးတည်း။

## သုရာမေရယမှရှောင်ကြဉ်ရခြင်းအကျိုး

၁။ ကာလသုံးပါး၌ဖြစ်သောပြုဖွယ်ကိစ္စဟူသမျှ၌ လျင်မြန်စွာသိခြင်း။

၂။ သတိအမြဲရှိခြင်း။

၃။ မရူးသွပ်ခြင်း။

၄။ ဉာဏ်ရှိခြင်း။

၅။ မပျင်းရိခြင်း။

၆။ မိုက်မဲမှုမရှိခြင်း။

၇။ ဆွံ့အမှုမရှိခြင်း။

၈။ မမူးယစ်ခြင်း။

၉။ မမေ့လျော့ခြင်း။

၁၀။ မတွေဝေခြင်း။

၁၁။ မတုန်လှုပ်ခြင်း၊

၁၂။ ချုပ်ချယ်မှုမရှိခြင်း။

၁၃။ မကြောက်ရွံ့ခြင်း။

၁၄။ အမှန်ကိုဆိုလေ့ရှိခြင်း။

၁၅။ ချောပစ်ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာပြော ဆိုခြင်း၊ ပိန်ဖျင်းသောစကားတို့ကိုပြောဆို ခြင်းမှကင်းခြင်း။

၁၆။ ကျေးဇူးသိတတ်ခြင်း။

၁၇။ ဝန်တိုမှုမရှိခြင်း။

၁၈။ ဒါန သီလ ရှိခြင်း။

၁၉။ ဖြောင့်မတ်ခြင်း။

၂၀။ အမျက်နည်းပါးခြင်း။

၂၁။ မကောင်းမှုမှကြောက်တတ် ရှက်တတ်သော စိတ်ရှိခြင်း။

၂၂။ အယူဖြောင့်မှန်ခြင်း။

## ၂၃။ ပညာအမျိုးမျိုးရှိခြင်း။

ဆောင်ပုဒ်ကဗျာ

၁။ လူညွန့်ချိုးဖျက်၊ အရက်သေစာ၊ မူးယစ်သောက်စား၊ ရှောင်ရှားကြပါ။ ကျိုးဖလများ၊ မိန့်ကြားသေချာ၊ စိတ်ဝယ်ထား မှတ်သားနာယူပါ။

၂။ ကာလသုံးရပ်၊ ပြအပ်ဖွယ်ရာ၊ ဆင်ခြင်သုံးသပ်၊ သိတတ်လျင်စွာ၊ အမြဲတင်ရှိ၊ သတိမကွာ၊ မေ့လျော့ကင်း ထင်လင်းဉာဏ်ပညာ။

၃။ ပျင်းမိုက်ဆွံ့ရူး၊ ယစ်မူးကင်းကွာ၊ တွေဝေချောက်ချား၊ ရွံ့ရှားမဲ့စွာ၊ ချုပ်ချယ်မရှိ၊ မှန်သည့်ဝါစာ၊ ဇာတိပြစ် မဖြစ်နှုတ်သာယာ။

၄။ သူ့ကျေးဇူးမြတ်၊ တုံ့ဆပ်သိမြင်၊ ဝန်တိုကင်းလေ့၊ ငြိုးငွေ့မယှဉ်၊ စွန့်ကြဲဒါန၊ သီလဖြူစင်၊ ဖြောင့်မှန်တည့် မရှိအမျက်ပင်။

၅။ အယူဖြောင့်စင်း၊ ထိုးထွင်းသိကာ၊ ရက်ကြောက်လွန်ကြီး၊ ရင့်သီးပညာ၊ လက်ရှိနှောင်လား၊ နှစ်ပါးမြင်ကာ၊ အကျိုးဟုတ် အဟုတ်သိလိမ္မာ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟုဆိုသည့်အတိုင်း သေရည်သေရက်ကို သောက်စားမှုမှ ရှောင်ကြဉ်ပါ။

(ဤကွင်းပြီး၏)

# အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝဇိရ(မြစ်သား) ငါးပါးသီလကဗျာ

၁။ သူ့အသက်လည်း မသတ်ဘဲ
ရှောင်လွှဲလို့သာ နေပါမည်။

၂။ သူ့ဥစ္စာလည်း မခိုးဘဲ
ရှောင်လွှဲလို့သာ နေပါမည်။

၃။ သူ့သားမယား မပြစ်မှားဘဲ
ရှောင်လွှဲလို့သာ နေပါမည်။

၄။ မမှန်စကား မပြောကြားဘဲ
ရှောင်လွှဲလို့သာ နေပါမည်။

၅။ သေအရက်များ မသောက်စားဘဲ
ရှောင်လွှဲလို့သာ နေပါမည်။

အဲဒါကြောင့် သီလငါးပါး
ဤတရား မမှားကျင့်ကြပါ။

# သီလအကျိုး

ဤစာကိုကြည့်ရင်း ကျိုးစားလိုသောသူတော်စင်သည် လူဝတ်ကြောင်ဖြစ်လျှင် အခြေခံလူ့ကျင့်ဝတ် ငါးပါးသီလကို စင်ကြယ်ပါစေ။

သီလစင်ကြယ်လျှင် စိတ်နှလုံးကြည်လင်၏။ စိတ်ကြည်လင်လျှင် ဝမ်းမြောက်နှစ်သက်မှု နုသောပီတိဖြစ်၏။ နုသောပီတိဖြစ်လျှင် သာ၍နှစ်သက်မှုဟူသော ရင့်သောပီတိဖြစ်၏။ ပီတိဖြစ်လောက်အောင် ဝမ်းမြောက်သောအခါ ကိုယ်စိတ်နှစ်ပါးငြိမ်းအေးလာ၏။ ချမ်းသာသုခဖြစ်သောအခါ၌ တောင်တောင်ဤဤ မကြံစည်တော့ဘဲ စိတ်တည်ကြည်မှု သမာဓိဖြစ်၏။ ထိုသို့စိတ်တည်နေမှသာ ဗုဒ္ဓမြတ်စွာကို ဉာဏ်ဖြင့် ထင်မြင်နိုင်ပါသည်။

ထိုကြောင့်ငါးပါးသီလစသော မိမိသီလစင်ကြယ်မှုကြောင့်ရနိုင်သော အကျိုးကို သာမည အကျိုးကလေးဟု မယူဆပါနှင့်။

အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံ)

# မဟာဓမ္မပါလဇာတ်တော်

ဤဓမ္မပါလဇာတ်တော်ကြီးကို မြတ်စွာဘုရားရှင် ဝါတော် (၂၀) အရတွင် အသက်အရွယ် ၉၀ ကျော်၍ အလွန်အိုမင်းနေပြီဖြစ်သည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဟောကြားတော်မူကြောင်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ဟောစဉ်တရားတော်များ (ပထမတွဲ)၊ စာမျက်နှာ (၄၈၀)၊ ခမည်းတော်၏နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန်ကြွခြင်း အခန်းမှ စာမျက်နှာ (၅၅၆) တရားတော်နိဂုံး မဟာဓမ္မပါလ ဇာတ်တော်ပြီးဆုံးသည်အထိ ပါဠိဂါထာ မြန်မာပြန်ဖြင့် ဟောကြားထားသည်မှ ပါဠိနှင့်ဂါထာပါဠိတော်များကို မယူဘဲ မြန်မာပြန်အနှစ်ကို အကျဉ်းချုပ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

**ခမည်းတော်၏နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန်ကြွခြင်း**

မြတ်စွာဘုရားရှင်သည် သက်တော် ၉၀ ကျော်နေ

သည့် ခမည်းတော်အိုကြီးကို ချီးမြှောက်သည့်အနေဖြင့် ရာဇဂြိုဟ်ပြည်သို့ ဝါဆိုရန်အလို့ငှာ ပြန်လည်ကြွချီတော်မမူမီ မဟာသက္ကရာဇ် ၁၀၄ ခု ကဆုန်လအတွင်းဝယ် နေ့စဉ်နေ့တိုင်း ရဟန္တာနှစ်သောင်းခြံရံလျက် နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွချီတော်မူသည်။

နံနက် အရုဏ်အချိန်တွင်ယာဂုကိုလည်းကောင်း၊ ခုနစ်နာရီခွဲ ရှစ်နာရီအချိန်ခန့်တွင် ခဲဖွယ်ဘောဇဉ် ချိုချဉ်တို့ကိုလည်းကောင်း ဆက်ကပ်ပြီး ကိုးနာရီခွဲ ဆယ်နာရီအချိန်ခန့်တွင် ဆွမ်းကပ်သည့်အစဉ်အလာရှိသည်။ နံနက်ယာဂုဘုဉ်းပေးပြီးသည့်အချိန်နှင့် ဆွမ်းမကပ်လှူမီအတွင်းကြားကာလတွင် ဘုရားရှင်သည် ခမည်းတော်ကြီးအားတရားစကားများ ဟောကြားပြသလေ့ရှိပါသည်။

နတ်တို့စကားကိုမယုံကြည်ပုံ ခမည်းတော် လျှောက်ထားခြင်း

ထိုကဲ့သို့နေတော်မူလာခိုက် ကဆုန်လပြည့်ကျော်ပြီးနောက် တနေ့သောအခါတွင် ယာဂုနှင့်ဆွမ်းဘုဉ်းပေးချိန်တို့အကြား အလ္လာပ သလ္လာပ စကားပြောကြားနေစဉ် ခမည်းတော်ကြီးသည် ဘုရားရှင်အား ဤသို့လျှောက်ထားလေ၏။

သုဒ္ဓေါဓနမင်းကြီး ဘုရားရှင်အား လျှောက်တင်သော စကား

" သားတော်ဘုရား၊ အရှင်ဘုရားကို ဟို ဒုက္ကရ စရိယာ ခြောက်နှစ်ကြာ ပဓာနအလုပ် အားထုတ်တော် မူနေတဲ့အချိန်က နတ်တို့ဟာ ခမည်းတော်ရဲ့ရွှေနန်းတော် ကိုလာရောက်ပြီး ကောင်းကင်ကရပ်တည်လျက် သုဒ္ဓေါ ဓန မင်းတရားကြီး၊ အသင်မင်းတရားရဲ့ သား သိဒ္ဓတ္ထ မင်းသားဟာဖြင့် အစာအဟာရ လုံးဝ မစားခြင်းကြောင့် စုတေပျက်ကြွေ သေသွားရှာပြီ။ ဤကဲ့သို့တပည့်တော် အား ပြောကြားပါသည်ဘုရား "

မြတ်စွာဘုရားက "မဟာရာဇ၊ မြတ်သောမင်းကြီး၊ သဒ္ဒဟိ၊ ယုံကြည်သလော " ဟုပြန်၍မေး၏။

သုဒ္ဓေါဓနမင်းကြီးက " ငါ့သားတော်ဟာ မဟာ ဗောဓိမဏ္ဍိုင်မှာ ဘုရားမဖြစ်ဘဲ ဘယ်တော့မှမသေဘူးလို့ တပည့်တော် ရဲရဲတောက်စကား နတ်တို့ပြောကြားချက် ကို မယုံကြည်ကြောင်း ပယ်ရှားခဲ့ပါတယ်ဘုရား "ဟု လျှောက်တင်၏။

မြတ်စွာဘုရားက "မြတ်သောမင်းကြီး၊ သင်သည်

အတိတ်ဝေးစွာ ရှေးအခါကလည်း ဟို ဓမ္မပါလရွာအုပ်ကြီးဖြစ်စဉ်က တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး ကိုယ်တိုင်လာရောက်ပြီး ရွာအုပ်ကြီးရဲ့သား ဓမ္မပါလလေး သေသွားပြီ၊ ဟောဒါတွေဟာ ဓမ္မပါလရဲ့အရိုးပဲလို့ အရိုးတွေကိုပြပြီးပြောခဲ့တာကိုတောင် မယုံကြည်ခဲ့ဘဲနဲ့ ယခုလို ပါရမီပြည့်ဝတဲ့ နောက်ဆုံး ပစ္ဆိမဘဝကို ရောက်မှတော့ ဘယ်လိုယုံမှာလဲ။ ခမည်းတော်ကြီးမယုံကြည်သည်ကား ဧကန်မုချလှသည်သာ " ဟု အရိပ်အမြွက်မိန့်ဆိုလိုက်လျှင်ပင်

သုဒ္ဓေါဒနမင်းကြီးက " အရှင်ဘုရား၊ အတိတ်ရှေးက မဟာဓမ္မပါလရွာအုပ်ကြီးရဲ့အကြောင်းဇာတ်ကို ဟောကြားတော်မူပါဘုရား " ဟုလျှောက်ထားတောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် မဟာဓမ္မပါလဇာတ်တော်ကိုပြန်၍ ဟောကြားတော်မူလေ၏။ ဤကား ပစ္စုပ္ပန်ဝတ္ထုအကြောင်းတည်း။

မဟာဓမ္မပါလဇာတ်တော်အတိတ်ဝတ္ထု၊

မြတ်စွာဘုရားရှင်က " မြတ်သော ခမည်းတော်

မင်းတရားကြီး၊ အတိတ်ဝေးစွာ ရှေးအခါက ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ကာသိတိုင်း၌ ဓမ္မပါလ အမည်ရှိသောရွာကြီးသည် ဖြစ်ခဲ့ဘူးပြီ"။

## ဓမ္မပါလရွာကြီး

ဓမ္မပါလရွာကို ရွာအုပ်အနေဖြင့် အုပ်ချုပ်နေသည့် ပုဂ္ဂိုလ်ကြီးမှာ ဘုရားအလောင်း၏ ခမည်းတော်မဟာဓမ္မ ပါလဖြစ်၍ သုဒ္ဓေါဒနမင်းတရားကြီး အလောင်းအလျာ ဖြစ်၏။ ဓမ္မပါလ၏အိမ်ထောင်စုက ထိုရွာကို အုပ်စိုးနေ နေသည်ကိုအကြောင်းပြု၍ ဓမ္မပါလ ဟုအမည်တွင်ခြင်း ဖြစ်၏။

ရွာအုပ်ကြီးသည်သူတော်ကောင်းတရားကိုစောင့် ထိန်းတတ်၏။ ထို့ကြောင့် ဓမ္မပါလမည်၏။ တရား စောင့်ထိန်းတတ်သော ရွာအုပ်ကြီးက တရားကျင့်သည့် အလျောက်ထိုရွာနေလူအပေါင်းသည် ဒါနစသော ကောင်း မှုကိုပြုကြ၏။ ငါးပါးသီလကိုနေ့စဉ်စောင့်ထိန်းကြ၏။ ရှစ်ရက်သီတင်း၊ လပြည့်လကွယ် တို့တွင် အဋ္ဌင်္ဂုပုသ် စောင့်ထိန်းကြ၏။ ထိုရွာတရွာလုံး ငါးပါးသီလစောင့် ထိန်းကြသဖြင့် ထိုစဉ်ကလူတို့၏အသက်သည် အနှစ်

တစ်ထောင်တမ်းရှိ၏။ ထိုဓမ္မပါလ ရွာသူရွာသားတို့သည် အသက်တမ်း နှစ်တစ်ထောင်မပြည့်ဘဲ သေရိုးမရှိပါ။

## ဓမ္မပါလသတို့သား

ထိုအခါ ဘုရားအလောင်းတော်သည် ထိုဓမ္မပါလ ရွာအုပ်ကြီး၏အိမ်၌ဖြစ်ခဲ့လေပြီ။ မဟာဓမ္မပါလ၏သား ဖြစ်သည့်အားလျော်စွာ ဘုရားအလောင်းတော်ကို ဓမ္မပါလ သတို့သား ဟုမှည့်ခေါ်ကြ၏။ ဓမ္မပါလသတို့သားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် ဖခင် ရွာအုပ်ကြီးက သားတော်မျက်နှာမငယ်စေရန် အလို့ငှာ ငွေတစ်ထောင်ကိုပေး၍ တက္ကသိုလ်ပြည်ဒိသာပါမောက္ခ ဆရာကြီးထံပညာသင်ကြားစေ၏။ ဒိသာပါမောက္ခဆရာကြီး၏အထံတွင် တပည့်ကျောင်းသားငါးရာရှိ၏။ (အခကြေးငွေပေး၍ပညာသင်ကြားသည့်တပည့်မျိုးကို ဓနန္တေဝါသိက ဟုခေါ်၏။ အခကြေးငွေပေး၍ သင်ကြားရန် မစွမ်းနိုင်သူများက ဆရာကြီး၏အိမ်တွင်ဝတ်ကြီးဝတ်ငယ် ပြု၍ အားလပ်သည့်အခါပညာသင်ကြားပါရစေဟု တပည့်ခံကြ၏။ ထိုတပည့်များကို ဓမ္မန္တေဝါသိက ဟုခေါ်၏။ ဤသို့လျှင် တပည့်နှစ်မျိုးရှိ၏။)

ဓမ္မပါလသတို့သားသည် များများလည်းသင်အံ့၊ မြန်မြန်လည်းရအောင် ကျက်အံ့၊ ရပြီးသားလည်း မပျောက်မပျက်စေအံ့ ဟူသော အင်္ဂါသုံးရပ်နှင့်အညီ ပြည့်စုံစွာသင်ယူလေ၍ မကြာမီမှာပင် ဆရာကြီး၏လက်ထောက်ဆရာ ဖြစ်လာ၏။

ဒိသာပါမောက္ခဆရာကြီး၏သားသေဆုံးခြင်း

တနေ့သ၌ ဒိသာပါမောက္ခဆရာကြီး၏သားအကြီး၊ အရွယ်အားဖြင့် တစ်ဆယ့်ငါးနှစ်၊ တစ်ဆယ့်ခြောက်နှစ်နနယ်ပျိုမြစ်သည့်လုလင်ပျိုအရွယ်သည် တစ်စုံတစ်ခုသော အနာရောဂါကြောင့်သေဆုံးလေ၏။ ဆရာကြီးနှင့်တကွ ဆွေမျိုးများကမျက်ရည်ကျသည်ကိုတွေ့ပြီး တပည့်အများကလည်းငိုကြွေးကြ၏။ မည်သူမျှမငိုဘဲမနေနိုင်ကြဟူ၏။ သို့ရာတွင် မတွေ့ဖူး အထူးတွေ့နေရသည့် ဘုရားအလောင်း ဓမ္မပါလလုလင်ကမူ ငိုကြွေးရမှန်းမသိ၍ ငိုကြွေးမှုမပြုချေ။

ဆရာကြီး၏သားကြီးချာပန အမှုကိစ္စဆောင်ရွက်ပြီး နေအိမ်သို့ပြန်လာကြသည့်အခါ တပည့်အများစုဝေး၍ သေသူလုလင်ပျို၏ကျေးဇူးစကားကို ပြောဆိုနေကြ၏။

## ငယ်ရွယ်စဉ်မှာ မသေတာ တို့ဆွေမျိုးမွေတာ

လွန်စွာလိမ္မာပြီး ကိုယ်ကျင့်တရားကောင်းမွန်သော နုနယ်ပျိုမြစ်သည့်လုလင်ပျိုလေးသည် မိဘနှစ်ပါးနှင့်ကွဲကွာလျက် သေရရှာပြီ၊ ဖြစ်ရလေခြင်း ဟူ၍ တပည့်များက ဝမ်းနည်းစကား ဆိုကြ၏။ ထိုကဲ့သို့ တပည့်အများက ဝမ်းနည်းစကားဆိုကြသောအခါ ဓမ္မပါလလုလင်က -

" အဆွေတို့၊ သင်တို့စကားထဲတွင် အသက်အရွယ် နုနယ်ပျိုမြစ်တယ်လို့ ဆိုနေကြတယ်။ အဘယ်ကြောင့် ယခုအသက်အရွယ် နုနယ်ပျိုမြစ်ချိန်မှာ သေရတာလဲ။ ယခုလိုအသက်ငယ်တဲ့အချိန်ဆိုတာ မသေသင့်ဘူးမဟုတ်လား သူငယ်ချင်းတို့ " ဟုဆို၏။

ကြွင်းသည့် သူငယ်ချင်းကျောင်းသားများက -

" သူငယ်ချင်းဓမ္မပါလ၊ သတ္တဝါတို့ရဲ့ သေခြင်းသဘော၊ ခပ်သိမ်းသော သက်ရှိသက်မဲ့သတ္တဝါတွေဟာ အနိစ္စတွေချည်းမဟုတ်လော " ဟုမေး၏။

ဓမ္မပါလက - " သင်္ခါရတွေ၊ အနိစ္စတွေဆိုတာ ကျွန်ုပ်သိပါတယ်။ သို့ရာတွင် သတ္တဝါတို့သည် ငယ်စဉ်

မှုမရှိသေးကြဘူး။ အကျွန်ုပ်တို့အိမ်မှာလည်း မသေဖူးဟုတ်၊ အသက်တမ်းပြည့်နေကြရပြီး အသက်ကြီးမှသာသေကြသည်ချည်းဖြစ်၏ " ဟုပြန်၍ဆို၏။

သူငယ်ချင်းအပေါင်းကတဖန် " မမ္ပါလ၊ သင်က စကားအဆန်းကိုချည်း ဆိုနေပါကလား။ အသက်တမ်းပြည့်နေပြီး အသက်ကြီးရင့်မှသေသည် ဆိုသည်မှာ သင်တို့ဆွေစဉ်မျိုးဆက်က ဆင်းသက်လာသည့် ဓမ္မကားလေလော " ဟုမေးကြပြန်၏။

ဓမ္မပါလက " မှန်၏။ ကျွန်ုပ်တို့ ဆွေစဉ်မျိုးဆက် ဆင်းသက်လာသည့်ဓမ္မဟာဖြစ်၏ " ဟုဆို၏။

ထိုကဲ့သို့အပြန်အလှန်ပြောဆိုကြပြီးနောက် သူငယ်ချင်းများက ဓမ္မပါလဆိုသောစကားသည် အလွန်ဆန်း၏ဟုဆိုကာ ဒိသာပါမောက္ခဆရာကြီးထံသို့သွားကြလေ၏။ ထို့နောက် ဆရာကြီးအား ဤသို့ပြောကြားကြ၏။

" ဓမ္မပါလသည် စကားထူးစကားဆန်းများကို ဆိုနေပါသည်။ ထိုသူတို့အမျိုးမှာအသက်အရွယ် ငယ်သူများ မသေကြဘူးဟုဆိုပါသည် "

ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မပါလကိုခေါ်

ပြီးလျှင် " ဓမ္မပါလ၊ သင်တို့အမျိုးမှာ အသက်အရွယ် ငယ်ရွယ်သူတွေ မသေဘူးဆိုသည်မှာ အမှန်ပင်လား " ဟုမေး၏။

ဓမ္မပါလကလည်း " အမှန်ပင်ဖြစ်ပါသည် ဆရာကြီး " ဟုပြန်၍ဖြေ၏။

## ငယ်ရွယ်သူတို့မသေသောတရားကို ဒိသာပါမောက္ခ ဆရာကြီး ကိုယ်တွေ့စုံစမ်းခြင်း

အသက်ငယ်ရွယ်သူ မသေဆိုသော ဓမ္မဆိုသည့် အလွန်အံ့ဖွယ်ကောင်းသောစကားကို ဓမ္မပါလလုလင်က ဆိုနေ၏။ လုလင်၏ဖခင်ဖြစ်သူ ဓမ္မပါလရွာအုပ်ကြီး ကို သွား၍မေးအံ့။ ဓမ္မပါလလုလင် ဆိုသည့်အတိုင်း မှန်ပါက ငါသည်လည်းထိုသူတို့ကျင့်သည့်တရားကို ကျင့် မည်။ ဤသို့လျှင်စဉ်းစားဆုံးဖြတ်ကာ ဒိသာပါမောက္ခ ဆရာကြီးသည် သားကွယ်လွန်ပြီးခုနစ်ရက်ရှစ်ရက်အတွင်း ပြုသင့်သည့်ပျောပနက်စွနှင့်စပ်၍ ထုံးတမ်းစဉ်လာနှင့်အညီ ပြုပြီးနောက် ဓမ္မပါလလုလင်ကိုခေါ်လျက် " ချစ်သား၊ ငါအမြန်ပြန်ခဲ့မည်။ ငါပြန်မလာမီ ကျောင်းသားတို့ကို သင်က အတတ်ပညာများသင်ကြားပို့ချရစ်ပါ " ဟုဆို၏။

မမွှပါလကလည်း " ကောင်းပါပြီဆရာကြီး "ဟုဝန်ခံ၏။

ဆရာကြီးလည်း မမွှပါလရွာရောက်လျှင် စကား ပြောဆိုစဉ် သက်သေအရာ၌တင်နိုင်စေရန် ရည်ရွယ်၍ ဆိတ်တကောင်၏အရိုးများကို စင်ကြယ်စွာဆေးကြောစေ ပြီးလွယ်အိပ်တွင်ထည့်ကာ နောက်ပါတပည့်တစ်ဦးနှင့်အတူ ကာသိတိုင်းသို့ခရီးထွက်ခွာလေ၏။

မမွှပါလရွာ၏အလေ့အကျင့်

ဒိသာပါမောက္ခဆရာကြီးသည် ခရီးအတိုင်းလာ၍ မမွှပါလရွာတံခါးဝသို့ရောက်သည်နှင့် ရွာသားများက ဆရာကြီးကိုကြည့်ပြီးယဉ်ကျေးမှုဖြင့်လက်အုပ်ချီကာ လမ်း ဘေးသို့ဖယ်ပေးကြ၏။ ဆရာကြီးက မမွှပါလရွာအုပ် ကြီး၏အိမ်ကိုစုံစမ်းသောအခါ ရွာသားတို့က ချီထားသော လက်အုပ်များကိုမချဘဲ " ဆရာကြီးကြွပါခင်ဗျာ။ ကျွန် တော်လိုက်ပို့ပါမည် " ဟုဆိုကာ ရွာအုပ်ကြီး၏နေအိမ် တံခါးဝအထိလိုက်၍ပို့ကြ၏။

ရွာအုပ်ကြီး၏အိမ်တံခါးဝသို့ ရောက်လတ်သော် အိမ်ရှိလူငယ်လေးများက ရိုရိုသေသေလက်အုပ်ချီထွက်

လာကြပြီး ဆရာကြီး၏ထီး၊ ဖိနပ်နှင့် တပည့်ထံမှ လွယ် အိပ်ကိုပါ လှမ်း၍သယ်ပေးကြ၏။

ဆရာကြီးက " အမောင်တို့၊ ရွာအုပ်ကြီးရဲ့သား ခမ္မပါလရဲ့ဆရာ ဒိသာပါမောက္ခဆရာကြီး ရောက်လာ ကြောင်းပြောပေးပါ " ဟုဆိုသောအခါ လူငယ်များလည်း ရွာအုပ်ကြီးထံ အကြောင်းကြားကြ၏။ ခမ္မပါလရွာအုပ် ကြီးလည်းလိုက်ပါလာပြီး လက်အုပ်ချီကာ ဆရာကြီးအား ရှိသေစွာအိမ်ထဲသို့ဖိတ်ခေါ်၍ ပလ္လင်ပေါ်တွင်နေရာပေး ၏။ ရွာအုပ်ကြီးကိုယ်တိုင်ပင် ဆရာကြီး၏ခြေကို ရေ ဖြင့် ဆေးကြောပေး၏။ ထိုနောက်ထမင်းကျွေးမွေးပြီး ညည့်ခန်းအတွင်း အလ္လာပ သလ္လာပပြောဆိုကြ၏။

## ခမ္မပါလသာတို့သား သေပြီဟုပြောကြားခြင်း

ဒိသာပါမောက္ခဆရာကြီးက " ရွာအုပ်ကြီးရဲ့သား ခမ္မပါလလုလင်ဟာ ဗေဒင်သုံးရပ် ကမ်းလုံးခတ် အဌာ ရသ သိပ္ပအပြီး အဆုံးရောက်တတ်မြောက်ခဲ့ပါပြီ၊ အလွန် အံ့ချီးဖွယ်ရာ ဉာဏ်ပညာကြီးရင့်သည့်သူငယ် ဖြစ်သည်၊ ကာလမရှည်လျားဘဲ ပြုန်းကနဲ မိုးပေါ်ကကျသည့်နှယ် ရောဂါတစ်ခုကြောင့် ခမ္မပါလလုလင်သည် အသက်သေ

ခုံးမှာပြီး၊ သက်ရှိသက်မဲ့ သင်္ခါရမှန်သမျှတို့သည် အနိစ္စ မမြဲကြပါကုန်၊ သောကမပွားပါလင့် " ဟု ပြောကြား လေ၏။

သားသေပြီဆိုသောစကား ဖခင်မယုံ

ထိုကဲ့သို့ဆရာကြီးက သားသေကြောင်းတရားပြ ပြီး ဝမ်းနည်းစကား ပြောကြားလိုက်သည်နှင့် ဓမ္မပါလ ရွာအုပ်ကြီးသည် မျက်ရည်မကျသည့်အပြင် လက်ခုပ်လက် ဝါးတီးလျက် ဟက်ဟက်ပက်ပက် ရယ်လေ၏။ ဆရာ ကြီးက " ရွာအုပ်ကြီး၊ ကျွန်ုပ်ပြောသည့်သတင်းက ငို ရမည့်သတင်းဖြစ်လျက် အဘယ်ကြောင့် ရယ်မောနေရပါ သလဲ " ဟုမေး၏။

ဓမ္မပါလရွာအုပ်ကြီးက " ကျွန်ုပ်၏သားမသေ ပါဆရာကြီး၊ တစ်စုံတစ်ယောက်သေသည်ဖြစ်ပါလိမ့်မည် ဆရာကြီး " ဟုဏှောင်မပျက် ပြန်၍ပြော၏။

သား၏အရိုးမဟုတ်၊ ဆိတ်ရိုးဟု ဖခင်ကအတတ် ပြောဆိုခြင်း

ဆရာကြီးက " ဓမ္မပါလသေသည်မှာအမှန်ဖြစ် ၏၊ အရေးကြီးသည့်ကိစ္စဖြစ်၍ကျွန်ုပ်ကိုယ်တိုင်လာရောက်

ပြောကြားခြင်းဖြစ်သည်၊ သက်သေအဖြစ် သင့်သား၏ အရိုးများကို ဆောင်ယူခဲ့သည်၊ သင်ယုံကြည်ပါလော့ " ဟုပြောကာ ဆောင်ယူခဲ့သောအရိုးများကို ထုတ်၍ပြ၏။

ရွာအုပ်ကြီးက " ဆရာကြီး၊ ကျွန်ုပ်၏သားသည် မည်သို့သောနည်းနှင့်မျှ မသေပါ၊ ထိုအရိုးတွေမှာ ဆိတ်ရိုး သို့မဟုတ် ခွေးရိုးတွေ ဖြစ်ပါလိမ့်မည်၊ ကျွန်ုပ်တို့ ဓမ္မပါလအမျိုး၌ ခုနစ်ဆက်တိုင်အောင် အသက်အရွယ် နုနယ်ပျိုမြစ်စဉ် သေဖူးသည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်မျှမရှိပါ၊ ဆရာကြီးကို အားတော့နာပါ၏၊ ဆရာကြီးသည် မုသားစကားဆိုနေ၏ " ဟုပြောလိုက်လေ၏။

**ငယ်ရွယ်သူတို့မသေခြင်းအကြောင်း**

ထိုအချိန်ရောက်သောအခါတွင်မှ ဒိသာပါမောက္ခဆရာကြီးက ဓမ္မပါလလုလင်ဆိုသောစကားသည်အမှန်ဖြစ်၏။ အဘယ်အကြောင်းကြောင့် ရွာအုပ်ကြီးတို့၏ ဓမ္မပါလအမျိုးတွင် အရွယ်ငယ်သူတို့ မသေကြပါသနည်း ဟုမေးလေ၏။

သုဒ္ဓေါဓနမင်းတရားအလောင်း မဟာဓမ္မပါလ

မှာအုပ်ကြီးသည် ၄င်းတို့၏အကျင့်များကို ကိုးဂါထာဖြင့် ရှင်းပြလေ၏။

ယယ်ရှယ်သူတို့မသေသောအကျင့်တရားများ (ကိုးဂါထာ)

၁။ သုစရိုက်ဆယ်ပါးကျင့်ခြင်း။ ဓမ္မပါလရွာအုပ်ကြီးက ဒိသာပါမောက္ခဘွဲ့ချီဆရာကြီး အစချီသော ကိုးဂါထာကိုရွတ်ဆိုပါသည်။ " ဆရာကြီး၊ ကျွန်ုပ်တို့ဓမ္မပါလရွာသူရွာသားများသည် ဒုစရိုက်ဆယ်ပါးကို ရှောင်ခြင်း၊ သုစရိုက်ဆယ်ပါးကို လိုက်စား ကျင့်ကြံကြခြင်းကြောင့် အသက်ငယ်ရွယ်စဉ်ကာလ မသေကြဘဲ သက်တမ်းပြည့်နေကြပြီးမှ သေကြပါသည် "။

၂။ သူယုတ်တရားကိုရှောင်၊ သူတော်ကောင်းတရားကိုကျင့်။ " ကျွန်ုပ်တို့ဓမ္မပါလရွာသူရွာသားများသည် သူတော်၊ မသူတော် လူနှစ်ဖော်တို့၏တရားကို ကြားနာသော်လည်း နှလုံးကြမ်းကြုတ် မသူတော်လူယုတ်တို့၏တရားကို မယုံကြည် လက်မခံ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတရားကိုသာ အမြဲတစေ ဆည်းကပ်ကျင့်ကြံလိုက်နာပါ၏။ (အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ ဆိုသည့် မင်္ဂလာနှင့်ညီပါသည်) ထို့ကြောင့်

အသက်ငယ်ရွယ်စဉ်ကာလ၌ မသေကြပါ "။

၃။ အယုတ် အလတ် အမြတ် မရွေးပေးလှူခြင်း။

" ကျွန်ုပ်တို့ မွေ့ပါလ ရွာသူရွာသားများသည် အလှူခံ ပုဂ္ဂိုလ်မှန်သမျှ အယုတ်အလတ်အမြတ်မရွေး ကောင်းမွန် စွာပြင်ဆင်ပြီး ကျွေးမွေး၊ ပေးလှူကြပါ၏။ ထို့ကြောင့် မိမိတို့ထံ ရောက်လာကြကုန်သောပုဂ္ဂိုလ်တို့ကို အယုတ် အလတ်အမြတ်မရွေး ပေးလှူခြင်းသည် အသက်ရှည်ပါ ၏ "။

၄။ စေတနာသုံးတန်ဖြစ်ရန်မလွယ်။ ဆရာကြီး က " ကျွန်ုပ်တို့မြို့တွေမှာလည်း ကျွေးမွေးလှူဒါန်းကြ ပါ၏။ အသင်တို့ရွာသားတွေအဖို့ ထူးပြီးကောင်းကျိုး ပေးသည်မှာအဘယ်ကြောင့်နည်း " ဟုမေးရာ ရွာအုပ်ကြီး ကဤသို့လျှောက်ပြန်၍ဖြေကြား၏။ " ကျွန်ုပ်တို့ မွေ့ပါလ ရွာသူရွာသားများသည် အလှူပေးလှူရန်ဆိုပါက အလှူခံ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ရှေးအဖို့ကပင်လျှင် ပုဗ္ဗစေတနာဖြစ်ပေါ်ပြီး ဝမ်းပန်းတသာ ရှိနေကြပါသည်။ ပေးလှူခိုက်တွင်လည်း မုဉ္စစေတနာ ဝမ်းပန်းတသာသဒ္ဓါ ရဲရဲဖြင့် လှူဒါန်းကြပါ၏။ ပေးလှူပြီးနောက်တွင်လည်း

အပရစေတနာ နှောင်တတတဖန်မပူပန်ကြပါ။ စေတနာ သုံးတန်လုံး အလုံးစုံ အောင်မြင်အောင် စိတ်ထားရန်မှာ ပလွှယ်ကူသော်လည်း ဓမ္မပါလ ရွာသူရွာသားများ၌မူ အခြေအမြဲ တိုစေတနာသုံးတန် ပြည့်စုံနေကြသည့်အတွက် အသက်အရွယ် ငယ်ရွယ်စဉ်မှာ မသေကြပါ"။

၅။ ကာမတရားမလိုက်စားခြင်း။ " ကျွန်ုပ်တို့ရွာ သူရွာသားများတွင် အိမ်ရှင်ယောကျ်ားများကအခြားတပါး သော ဝတ္ထုကာမတို့အပေါ် ကာယကံ၊ ဝစီကံလွန်ကျူးရန် မဆိုထားနှင့်၊ စိတ်ဖြင့်ပင်မပြစ်မှားကြ။ အိမ်ရှင်မများက လည်းအခြားတပါးသောယောကျ်ားအပေါ် ကိုယ်နှုတ်ဖြင့် ထား၊ စိတ်အားဖြင့်ပင် မကွက်ကြပါ။ ဤအကြောင်း ကြောင့် အသက်ငယ်ရွယ်စဉ် မသေကြပါ။ "

၆။ ငါးပါးသီလလုံခြုံခြင်း။ " ကျွန်ုပ်တို့ဓမ္မပါလ ရွာသူရွာသားများသည် သူ့အသက်သတ်ခြင်းအမှုကိုမပြု ကုန်။ အရှင်မပေးသောသူ့ဥစ္စာကို အဆိပ်ထန်သည့် မြွေအလား အဝေးကပင်ရှောင်ကြဉ်၏။ သူတပါး သား မယားအပေါ်စိတ်ဖြင့်မှုမကွက်ပါ။ မမှန်သောစကားကို အခါခပ်သိမ်း မပြောဆိုကြပါ။ သေအရက်ကို တစ်စုံ

တစ်ယောက်မျှ မသောက်သုံးကြပါ။ ချက်သူရောင်းသူ ဟူ၍လည်း မရှိပါ။ ငါးပါးသီလကို အစဉ်အမြဲ လုံခြုံအောင် စောင့်ထိန်းကြသည့်အတွက် ဘယ်သောအခါမျှ ကလေးသူငယ်များ သေရိုးမရှိပါ။ "

ရ။ မမ္ဗပါလရွာမှလူငယ်များ၏ ပင်ကိုယ်အသိဉာဏ်။ ဆရာကြီးက " ရွာအုပ်ကြီး၊ လူကြီးများကို ရှိစေတော့၊ ကလေးသူငယ်ဆိုသည် မပြုသင့်သည်ကိုပြု၊ မပြောသင့်သည့်ကိုပြော၍ မစားသင့်သည်ကိုစားတတ်ကြ၏။ တခါတရံသစ်ပင်ထက်သို့တက်၍ဆော့ကစားသဖြင့် လိမ့်ကျပြီးသေတတ်၏။ ချောင်းကန်ထဲရေကူးသဖြင့် ရေနစ်၍လည်းသေတတ်၏။ မမ္ဗပါလရွာ၌လည်း ဤသို့သော အကြောင်းများ မရှိလေသလော " မေး၏။

မမ္ဗပါလရွာအုပ်ကြီးက " သီလတရားကို စောင့်ထိန်းကြသောမိခင်မြဝ်တို့ကမွေးသော သားသမီးများဖြစ်ကြသည့်အားလျော်စွာ သူငယ်တို့သည် ပင်ကိုယ်ဉာဏ်လည်းထက်မြက်၏။ အကြားအမြင်လည်းရှိ၏။ ဤသို့ပြုလျှင်အပြစ်၊ ဤသို့ပြုလျှင်အကျိုးရှိ၏ ဟုသိ၏။ တရားစကား ပြောဆိုဆွေးနွေးရာ၌ အနားကနေ၍ နားထောင်၏။ မိန်းမမြတ်မိခင်ဟူသောမြေကောင်းမှပေါက်

ပွားလာကြသည့်သားသမီးများဖြစ်၍ အသိဉာဏ်ရင့်သန်ကြပြီးဖြစ်သည့်အားလျော်စွာ ဓမ္မပါလခေါ်ရိုး သူတော်မျိုး၌ အသက်အရွယ် ငယ်သူကလေးများ မသေကြပါ " ဟုဖြေကြားလေ၏။

၅။ ဓမ္မပါလမိသားစုတိုင်း အပါယ်ဘေး ကြောက်သွေးဝင်။ " ကျွန်ုပ်တို့ ဓမ္မပါလရွာ၌ အိမ်တိုင်းအိမ်တိုင်း ဘိုးဘွား မိဘ ညီအကို မောင်နှမ ဇနီး ခင်ပွန်း သားသမီး မိသားစုများ ရှိကြပါ၏။ အားလုံးသော မိသားစုများသည် တမလွန်လောကသို့ရောက်ကြရလျှင်ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ဘုံများသို့ ရောက်ရမှုဆင်းရဲအံ့။ ဤသို့အပါယ်ဘေးကြောက်သွေးဝင်ကြသည့်အတွက် အိမ်တိုင်းအိမ်တိုင်း ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက်သုံးပါး၊ ဤသုစရိုက်ဆယ်ပါးနှင့်တကွပြုထိုက်သောပုညကိရိယာဆယ်ပါးဖြစ်သော–

(၁) တတ်စွမ်းသမျှစွန့်ကြဲပေးကမ်းခြင်း ဒါန။

(၂) နေ့စဉ်ငါးပါးသီလစောင့်ထိန်းခြင်း သီလ။

(၃) သင်္ခါရတရား၊ မမြဲသောအနိစ္စသဘောကို ဘာဝနာပွားများခြင်း ဘာဝနာ။

(၄) လူကြီးသူမကိုအစဉ်ရိုသေခြင်း အပစာယန။

(၅) သူတပါး၏အမှုကိစ္စကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်ပေးခြင်း ဝေယျာဝစ္စ။

(၆) မိမိပြုသည့်ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေခြင်း ပတ္တိဒါန။

(၇) သူတပါးတို့ပြုသည့်ကောင်းမှုကုသိုလ်အမှုကို မြင်လျှင်၊ ကြားလျှင်၊ အမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ဆိုခြင်း ပတ္တာနုမောဒနာ။

(၈) တရားတော်ကို ကောင်းစွာနာယူခြင်း ဓမ္မသဝန။

(၉) မိမိတွမ်းနိုင်သမျှ သူတပါးကို တရားဟောကြားခြင်း ဓမ္မဒေသနာ။

(၁၀) ဖြောင့်မှန်သောအယူဝါဒ (ကံ၏အကျိုးကိုယုံကြည်ခြင်း) ကြောင့် နတ္ထိကဒိဋ္ဌိကြီးမျိုး၊ အဟေတုကဒိဋ္ဌိကြီးမျိုး၊ အကိရိယဒိဋ္ဌိကြီးမျိုးသို့ မည်သည့်အခါမှမသက်ရောက်ခြင်း ဒိဋ္ဌိဇုကမ္မ။

ဤပုညကုသိုလ်ဆယ်ပါးကို အားထုတ်ကြသည်ဖြစ်၍ ကျွန်ုပ်တို့ မွေ့ပါလရွာသူရွာသားများသည် အသက်အရွယ်ငယ်ရွယ်စဉ်အခါ၌ မသေကြဘဲ သက်တမ်းပြည့်အနှစ်တရာလောက်နေပြီးမှ သေမှန်းပင်မသိအောင် အသက်ကုန်ချောက်ကြရ၏။ "

၉။ ဆင်းရဲသူကျေးကျွန်တို့လည်း သုစရိုက်ကိုကျင့်ခြင်း။ " ကျွန်ုပ်တို့ဓမ္မပါလရွာ၌ အိမ်တိုင်းအိမ်တိုင်းရှိကြသော ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့သည်လည်းကောင်း၊ အလုပ်သမားတို့သည်လည်းကောင်း၊ တမလွန်လောကအပါယ်ဘေးကိုကြောက်သည့်လျော်စွာ ကျွန်ုပ်တို့ကိုအတုယူပြီးလျှင် တတ်စွမ်းနိုင်သမျှ သုစရိုက်တရား ပုညကိရိယဆယ်ပါးကို အားထုတ်ခြင်း ဟူသောအကြောင်းကြောင့်ပင် အသက်ငယ်ရွယ်စဉ် မသေကြပါ။

ဤသည်ကား ကျွန်ုပ်တို့ ဓမ္မပါလရွာသူရွာသားတို့ ကျင့်ကြံကြသောအမှုတို့တည်း။ ဤအမှုတို့ကား မည်သို့ခက်ဖွယ်ရှိပါသနည်း " ဟူ၍ ဓမ္မပါလရွာအုပ်ကြီးကရှင်းလင်းပြောကြားလေသည်။

# မစ္စတာရီ ဂုဏဝဏ္ဏနာ နှစ်ဂါထာ

**တရေးကျင့်သူကိုတရားကစောင့်ရှောက်ခြင်း**

" ဒီသာပါမောက္ခဆရာကြီး၊ သုစရိုက်ဆယ်ပါး ကောင်းမြတ်သောတရားကို မိမိကသာ လိုက်နာကျင့်ကြံ ခဲ့ပါမူ တရေးကျင့်သူပုဂ္ဂိုလ်ကို ထိုသူကျင့်သောတရားကပင် ပြန်၍ကာကွယ်စောင့်ရှောက်ပါ၏။ တရံတခါ အမှတ်ရ သည့်အခိုက်တွင်မှ ပြုကျင့်ခြင်းမျိုးမဟုတ်ဘဲ နေ့စဉ်ရက် ဆက် မိမိစွမ်းနိုင်သမျှ မပြတ်ပြုပေးပါ။ လူ့နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရောက်အောင် ပို့ဆောင်တတ် ပါ၏။ "

**ထီးဆောင်းသူအားထီးကစောင့်ရှောက်သည့်ဥပမာ**

ရွာအုပ်ကြီးကဆက်၍ " အပါယ်လေးပါး ကင်း လေးခြင်းသည်နေ့စဉ်ရက်ဆက်လေ့ကျင့်အပ်သော သုစရိုက် ကောင်းမှုကုသိုလ်၏ အကျိုးဆက်ဖြစ်ကြောင်း ပြောလို သေး၏။ "

ဆရာကြီးက ပြောပါရွာအုပ်ကြီး ဟုဆို၏။

မှာအုပ်ကြီးကဤသို့ပြောဏ်။ " မိုးတွင်းအခါ ကြီးမှာသောသီးသည် ထီးဆောင်းသူကို မိုးရေစိုစွတ်စေ သောဘေးမှ ကင်းဝေးအောင် စောင့်ရှောက်သည်မဟုတ် လော။ ထိုဥပမာကဲ့သို့ သုစရိုက်ဆယ်ပါး ကောင်းမှု တရားသည် တရားကျင့်သူကို အပါယ်ဘေးမှ စင်စစ်ကေန် စောင့်ရှောက်ကာကွယ်တတ်ပါ၏။

ထိုနည်းနှင်နှင် ကျွန်ုပ်၏သားဖြစ်သူ ဓမ္မပါလကို လည်း သူကျင့်သောတရားကပင် ဘေးမရောက်အောင် စောင့်ရှောက်၍ လုံခြုံစေအပ်ပါသည်။ ကျွန်ုပ်၏သား သည်ကား သူမိုက်မဟုတ်ချေတကား။

သို့ဖြစ်၍ ဆရာကြီး ဆောင်ယူအပ်သော အရိုးတို့ သည် အကျွန်ုပ်၏သား အရိုးမဟုတ်၊ ဆိတ်ရိုး၊ ခွေးရိုး သို့တည်းမဟုတ်ပါက တစ်စုံတစ်ယောက်သောသူ၏အရိုး သာ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်၏သားသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာ ရှိနေပါ၏။ ဆရာကြီးပြောဆိုသကဲ့သို့ မည်သို့သော အကြောင်းကြောင့်မျှ သေသည်ဆိုသည်မှာ မဖြစ်နိုင်ပါ။ ဆရာကြီး မုသားဆိုခြင်းသာ ဖြစ်ပါလိမ့်မည်။ "

## ဒီသာပါမောက္ခဆရာကြီးက ဝမ်းမြောက်စွာ တရားတောင်းခြင်း

ဆရာကြီးက " အသင်ရွာအုပ်ကြီး၏သားဖြစ်သူ ဓမ္မပါလလုလင်သည် ရွာအုပ်ကြီးဆိုသည့်အတိုင်း အနာရောဂါကင်းစင်လျက် ချမ်းသာစွာရှိပါ၏။ အသင်ရွာအုပ်ကြီးတို့ စောင့်ထိန်းအပ်သောတရားကို အကျွန်ုပ်အား မေတ္တာရှေ့ထား၍ ပေးသနားပါ။ " ဟူ၍ပန်ကြားကာ ဂါထာများကို ပေရွက်တွင်ကူးယူလျက် တက္ကသိုလ်ပြည်သို့ပြန်လေသည်။

## ဓမ္မပါလုလင်ကို အခြံအရံဖြင့် ပြန်၍ပို့ခြင်း

ဒီသာပါမောက္ခဆရာကြီးသည် တက္ကသိုလ်ပြည်သို့ ပြန်၍ရောက်ရှိပြီးနောက် ဓမ္မပါလဘုရားအလောင်းလုလင်ကို လျှို့ဝှက်အပ်သောပညာများကို လျင်စွာသင်ယူစေပြီးနောက် တပည့်ကျောင်းသားများ၊ အခြံအရံများနှင့်တကွ ဓမ္မပါလရွာသို့ပြန်၍ပို့စေ၏။

## ဇာတ်တော်ပေါင်းခြင်း

လူနတ်တို့၏ဆရာ မြတ်စွာဘုရားသခင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ဤဓမ္မပါလဇာတ်

တရားဒေသနာတော်ကို ထုတ်ဆောင်ကာ အကျယ် ပြတော်မူပြီးနောက်

" မဟာရာဇ မြတ်သောမင်းကြီး၊ ထိုစဉ်ကာလ ဓမ္မပါလလုလင်၏ ခမည်းတော်၊ မယ်တော်ဖြစ်ကြသည့် ရွာအုပ်ကြီးဇနီးမောင်နှံတို့သည် နောက်ဆုံးကာလဤဘဝ၌ ခမည်းတော် မဟာရာဇမင်း တရားမင်းနှစ်ပါးတို့ဖြစ်ကြသည်။

ထိုစဉ်ကာလ ဒိသာပါမောက္ခဆရာကြီးသည် ဤဘဝ၌ သာရိပုတ္တရာထေရ် ဖြစ်လေသည်။

ထိုစဉ်ကာလ ပရိသတ်သည် ယခု ငါဘုရား၏ ပရိသတ်ဖြစ်ခဲ့ပေပြီ။

မြတ်သောမင်းကြီး၊ ထိုစဉ်ကာလ ဓမ္မပါလသတို့သားသည်ကား ဤဘဝ၌ လူသုံးပါးတို့၏ဆရာ ငါဘုရားသာလျှင် ဖြစ်ခဲ့လေပြီ။ "

ဤသို့ အတိတ်ဖြစ်ရပ်၊ ပစ္စုပ္ပန်ဖြစ်ရပ် ဇာတ်တော်ကို ပေါင်းကာ ဆက်စပ်ပြလျက် ဟောကြားတော်မူကာ မဟာဓမ္မပါလဇာတ်တော် အပြီးသတ်ပါသည်။

## ဤဇာတ်တော်၌ မှတ်သားလိုက်နာဖွယ်ကောင်းသည့် အချက်များ

၁။ ဓမ္မပါလရွာသူရွာသားများစောင့်ထိန်းပြုကျင့်သည့် သူတော်တရားနှင့် အကျိုးတရား။

၂။ တက္ကသိုလ်ကျောင်းသားများနှင့် ဓမ္မပါလတို့ အပြန်အလှန်ပြောဆိုသည့်စကား။

၃။ ဓမ္မပါလရွာအုပ်ကြီးက တက္ကသိုလ်ပါမောက္ခဆရာကြီးအားဟောကြားချက်။

## စုစည်းပူဇော်သူ၏တင်ပြချက်

ဟောစဉ်တရားတော်၏ ခေါင်းစဉ်များမှာ မူလ ဟောစဉ်အတိုင်းဖြစ်ပါသည်။

ဟောစဉ်တရား ကိုးဂါထာမှာ စာမျက်နှာ ၅၁၆ မှ ၅၄၂ အထိ တို့မှ ပါဠိဂါထာများနှင့် တရားအသေးစိတ်ကို မဖော်ပြတော့ဘဲ အဓိပ္ပါယ်ပေါ်လွင်ပြီး မှတ်သားရလွယ်ကူစေရန် အကျဉ်းချုပ် အနှစ်ထုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

# အရှင်ဇနကာဘိဝံသ (မဟာဂန္ဓာရုံ) ဩဝါဒကောက်နှုတ်ချက်

၁။ တို့တတွေက ဘုရားကိုကျေးဇူးဆပ်ကြရမယ်။ ကျေးဇူးဆပ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ဘုရားစကားအတိုင်း နားထောင်ကြဖို့ပါပဲ။ အဲဒီနည်းနဲ့သာ ဘုရားကကျေနပ်တော်မူတာ။

၂။ လူတစ်ယောက်ဟာ ဒါနမရှိပေမဲ့ သီလရှိနေရင်ပဲ အပါယ်မရောက်နိုင်ပါဘူး။ ဒါနမရှိတာကအကျိုး မရတာပဲရှိမယ်။ သီလမပါခဲ့ရင်တော့ အပါယ် လေးပါးကို စိတ်မချရဘူး။

၃။ လူသားတိုင်းမှာ ပစ္စုပ္ပန်အတွက်ရော၊ တမလွန် ဘဝအတွက်ပါ ရည်မှန်းချက်ဆိုတာရှိထားရမယ်။ ရည်မှန်းချက်မရှိတဲ့လူဟာ ပဲ့ထိန်းမပါတဲ့လှေလို လိုရာခရီးမရောက်ဘူး။

၄။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိမိအပြင်ပန်း

၁၇၁

အသွင်ကိုကြပ်ကြပ်မတ်မတ် မွမ်းမံလွန်းလျှင် ထို
သူ၏အသွင်က ဘာမှမဟုတ်ဟု မှတ်ပါ။ လူ
တစ်ယောက်ရဲ့အပြင်ပန်းအသွင်ကိုကြည့်ပြီး ဆုံး
ဖြတ်တဲ့လူဟာ လူအပေါ့စားပါ။

# ဂရုဓမ္မအမိန့်တော်ပြန်တမ်း ရေးသားခြင်းမှတ်တမ်း

၁၁၄၆ ခုနှစ် ဝါဆိုလဆန်း (၁) ရက်နေ့တွင် ကုန်းဘောင်ခေတ် ဘိုးတော် (ဗဒုံ) မင်းတရားလက်ထက် နာခံတော် ဖေယျနော်ရထာ ပြန်ဆိုရေးသား၍ ၁၁၄၆ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ရွှေလွှတ်တော်ကအတည်ပြု၍ ထုတ်ပြန်တော်မူသည်။

# ဂရုဓမ္မအမိန့်တော်ပြန်တမ်း

ပြည်သူ လူတကာ သတ္တဝါအပေါင်းတို့-
ယခု ဝါဆိုလ ရောက်ပြီ။

- သူ့အသက်သတ်ခြင်း၊
- သူ့ဥစ္စာကိုခိုးခြင်း။
- သူ့အိမ်ရာကိုပြစ်မှားခြင်း။
- မဟုတ်မမှန်သောစကားကိုဆိုခြင်း။
- သေရက်ကိုသောက်ခြင်း။

တရားငါးပါးကို မကြည်မရှောင်ပြုကုန်သော လူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ၌ တလူးလူးတလာလာ နစ်မွန်းကြကုန်ရာသည်။

တရားငါးပါးကို ကြည်ရှောင်၍ အလှူပေးခြင်း၊ သီတင်း သီလဆောက်တည်ခြင်းကို ပြုသောသူတို့သည်

လူမင်း နတ်မင်းစည်းစိမ်ကိုခံစားရလျက် နတ်ရွာနိဗ္ဗာန် ချမ်းသာသို့ရောက်ရာသည်ကို အသင့်နှလုံးသွင်းပြီးလျှင် သရဏဂုံသုံးပါး၊ ပဉ္စသီငါးပါး၊ အဋ္ဌသီရှစ်ပါးတို့ကို မပြတ်ဆောက်တည်ကြကုန်။

ဝါဆိုလပြည့် ထုတ်ပြန်သော အမိန့်တော်ကို သက္ကရာဇ် ၁၁၄၆ ခု ဝါဆိုလပြည့်ကျော် (၅) ရက်နေ့ ရွှေပြည်တော် မြို့တွင်းမြို့ပြင် လှည့်၍ ဖတ်မြဲဖတ်စေ။

ရွှေပြည်တော် မြို့တွင်းမြို့ပြင် အရပ်ခေါင်း သွေးသောက်ကြီး သွေးဆော်တို့ကိုလည်း စီရင်စုအရပ်သား တို့ကို ပဉ္စသီငါးပါး၊ အဋ္ဌသီရှစ်ပါး စသော အလှူပေး ခြင်းများကို တိုး၍ကျင့်ဆောင်လှူဒါန်းရမည့်အကြောင်း နှင့် မှတ်စာအပ်လျက် ကျင့်ဆောင် နှိုးဆော်ကြစေ။

မှတ်ချက်။ နှစ်စဉ် ဝါဆိုလပြည့်ကျော် (၅) ရက်နေ့ ရောက်တိုင်း ဂရုဓမ္မအမိန့်တော်ပြန်တမ်း ကို ဆင်ပေါ်တင်၍ လှည့်လည်ဖတ်ကြား ရသည်။

(ဆရာကြီးဦးဆန်းထွန်းကကျေးဇူးပြုသည်)

ဆင်ပေါ်တင်၍လှည့်

ဂရုဓမ္မအမိန့်တော်ပြန်တမ်းကြီးကို မင်္ဂလာဆင်တော်နှင့်တင်၍ မြို့လေးပြင်လေးရပ် လှည့်လည် ပြန်ကြားရသည်။ ဂရုဓမ္မအမိန့်တော်ပြန်တမ်းကို လွှတ်တော်အရာရှိ ရွှေနားခံတော်ကြီးက ပြန်ကြားရသည်။

ရွှေနားခံတော်ကြီးမှာ မင်းပေး ကတ္တီပါနီဝတ်လုံးကိုဝတ်ဆင်လျက် မင်္ဂလာဆင်ပေါ်တွင် ဆင်ဖောင်းဝန်းအတွက် ရွှေချတပ်သောအပေါ်၌ အဆိုပါ ဂရုဓမ္မအမိန့်ပြန်တမ်းပုရပိုက်ကို ဦးသုံးကြိမ်တိုက်ပြီးလျှင် လမ်းလေးဆုံ ပြကြီးအလယ် ဆင်တော်ပေါ်မှနေ၍ ဖတ်ရလေသည်။

လှုငါးဆယ်ထမ်းရသော တရားစည်ကြီးကိုလည်း တီးရသည်။ လက်ဝဲလက်ျာ တပ်ဝင်းခင်း၍ ရေ့ဖျားစချောင်း၊ သိုင်းကိုင်း၊ မောင်း လက်ဝဲ လက်ျာ သုံးလုံးစီ တီးခတ်ရသည်။ ကြီးစွာသော ရွှေမောင်းကြီးကိုလည်း တီးခတ်ရသည်။ မြို့ဝန် ထောင်မှူး၊ မြို့တာရေး စသော ရာဇဝတ်ရုံးတော်အရာရှိအပေါင်း၊ တရားရုံးတော်အရာရှိအပေါင်းတို့လည်း ခေါင်းပေါင်းဖြူ ပော့လုံး သိုရင်းအင်္ကျီ ရွှေစလွယ်ဆင်၍ အခမ်းအနားနှင့် ဆင်တော်နောက်

က လိုက်ပါကြရသည်။

(မာဂဓီ သာစည်၏ အခါတော်နေ့များမှ)

# ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တနန္ဒိယမဟာထေရ် ရေးသားသော ငါးပါးသီလ ကဗျာများ

## သတိပေး

ဗုဒ္ဓသာသနာ၊ ကြုံရာခေတ်တွင်၊ ရှင်ဖြစ် လူဖြစ် ခက်လှသည်။
ယုံယုံကြည် သဒ္ဓါပွားဖို့၊ နာယူတရား မလွယ်ပြီ။
အခက်ငါးဖြာ ထိုက်သမျှနှင့်၊ ကြိုက်ကြကြုံကြ ဤလူ့ပြည်။
ပေါ့ပေါ့တန် မနေမိအောင်၊ အဆွေသတိရှိသင့်ပြီ။
အဲဒါကြောင့် ပဥ္စသီလ၊ နိစ္စ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှ တော်ပေမည်။

## ပါဏာတိပါတအပြစ်

သူ့အသက်ကို တကယ်သတ်တော့၊ အပါယ်လေးရပ် တလည်လည်။
များလှရောဂါ အရပ်ဆိုးလို့၊ သေချင်းဆိုးနှင့်

သက်မရှည်။

ဇနီးမောင်နှံ အချစ်ကင်းလို့၊ ခြွေရံသင်းပင်း ပျက်တတ်သည်။

အင်္ဂါကြီးငယ် မသန်စွမ်းလို့၊ လူတန်းမစေ့ ချို့တတ်သည်။

အဲဒါကြောင့် ပါဏာတိပါတ သီလ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှတော်ပေမည်။

**အဒိန္နာဒါနာအပြစ်**

သူ့ဥစ္စာကို တကယ်ခိုးတော့၊ အပါယ်စောက်ထိုး ကျတတ်သည်။

ဘဝများစွာ ဥစ္စာနည်းလို့၊ ဆင်းရဲမွဲတေ တတ်ပါသည်။

အမွေဥစ္စာ ပုံကာပေးလည်း၊ ဓားပြမီးဘေး ကြုံလာမည်။

ပေးပါကမ်းပါ မျက်နှာညှိုးနဲ့၊ ရှာရှီးတလျှောက် တောင်းရမည်။

အဲဒါကြောင့် အဒိန္နာဒါနာ သီလ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှ တော်ပေမည်။

## ကာမေသုမိစ္ဆာစာရအပြစ်

ကာမေသုကို ကျူးကျော်ငြားက၊ အပါယ်လေးပါး လားရမည်။

ဘဝများစွာ ကြင်ဖက်ကင်းလို့၊ ဆင်းဆင်းရဲရဲ နေရမည်။

မိန်းမဖြစ်ကာ ဘဝရှုံးလို့၊ နပုံး ပဏ္ဍုတ် ဖြစ်တတ်သည်။

ကုဋ္ဌရောဂါ ကိုယ်မှာစွဲလို့၊ အရည်ယိုရွှဲ ရွဲတတ်သည်။

အဲဒါကြောင့် မိစ္ဆာစာရ သီလ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှ တော်ပေမည်။

## မုသာဝါဒအပြစ်

မုသားပြောလျှင် တကယ်မလွဲဘူး၊ အပါယ်ငရဲ ဝဲသို့လည်း။

ဘဝများစွာ အသံပျက်လို့၊ နှုတ်ထွက်မပီ အတတ်သည်။

ဟုတ်မှန်စေကာ သူ့စကားကို၊ အများလူတို့ မယုံကြည်။

သွားရည်ယိုကာ ပါးစပ်ပြဲနဲ့၊ နှုတ်ခမ်းတိုတွဲ သွားမညီ။

အဲဒါကြောင့် မုသာဝါဒ သီလ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှ တော်ပေမည်။

သုရာမေရယအပြစ်

မူးယစ်သေစာ သောက်စားထားတော့၊ အောက်ရှာတံခါး ပွင့်လိမ့်မည်။

ဘဝများစွာ ပညာကင်းလို့၊ သတိချွတ်ယွင်း မေ့တတ်သည်။

အရှက်ကင်းကွာ နှုတ်ထွက်ကြမ်းလို့၊ အရူးအနှမ်းမတည်ကြည်။

မျက်မာန်ခက်ထန် အပျင်းကျူးလို့၊ သူ့ကျေးဇူးကို ကန်းတတ်သည်။

အဲဒါကြောင့် မဇ္ဇပါန သီလ ဝိရတီ၊ ဆောက်တည်စောင့်ရှောက် မြဲမှ တော်ပေမည်။

# ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တနန္ဒိယမဟာထေရ်ရေးသားချီးမြှင့်သော ကိုယ့်အားကိုယ်ကိုး ဓမ္မကထာများ

၁။ မိမိတွက်တာ၊ ကိုးကွယ်ရာကား၊
ဘယ်မှာတပါး၊ အခြားမရှိ၊
မိမိသည်သာ၊ ကိုးရာစင်စစ်၊
အမှန်ဖြစ်၏။

၂။ ကောင်းစေလိုသူ၊ ခင်မင်သူလည်း၊
ပြင်လူတပါး၊ တခြားမရှိ၊
မိမိသည်ပင်၊ ချစ်ခင်သသူ၊
စင်စစ်ဟူ၏။

၃။ နှိပ်စက်ကလူ၊ ရန်ပြုသူလည်း၊
ပြုသူတပါး၊ တခြားမရှိ၊
မိမိစင်စစ်၊ ရန်သူဖြစ်၏။

၄။ ကိုယ်မှတပါး၊ အခြားချစ်သူ၊
ပြင်ရန်သူတို့၊ ဤလူလောက၊

တဘဝသာ၊ ချမ်းသာဆင်းရဲ၊
ပြုနိုင်မြဲတည့်။

၅။ ထိုထိုကောင်းမှု၊ မကောင်းမှုကား၊
ယခုကာလ၊ အရင်းစ၍၊
ဘဝဆက်တိုက်၊ အရိပ်လိုက်သို့၊
ကိုယ်၌မကွာ၊ ပါ၍ကောင်းကျိုး၊
မကောင်းကျိုးကို၊ အစိုးတရ၊
စီမံကြ၏။

၆။ ကိုယ်၌မှီခို၊ ကိုယ့်ဟာဆိုသည့်၊
ကုသိုလ်မိတ်ကောင်း၊ အမည်ပေါင်းက၊
အကြောင်းလှလှ၊ သုခမြိုင်မြိုင်၊
နိဗ္ဗာန်တိုင်၏။

(ဘဝဖြစ်စဉ်အမြုတေ စာစုမှ)

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စာကြည့်တိုက်မှူး ဦးပညာသာမိ (မာဂဓီ–သာစည်) ၏ အခါတော်နေ့များ စာအုပ်မှ ကောက်နုတ်ဖော်ပြချက်

## ငါးပါးသီလအကြောင်းသိမှတ်ဖွယ်ရာများ

၁။ သတ်, ခိုး, ကာမေ, မုသား, သေ ငါးမျိုးတို့မှရှောင်ကြဉ်ခြင်းကို ငါးပါးသီလ ဟုခေါ်၏။

၂။ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မသီလ ဟုခေါ်၏။

၃။ ကမ္ဘာဦးအခါက စတင်ဖြစ်ပေါ်လာသော တရားဖြစ်၍ ပဝေဏီဓမ္မ ဟုခေါ်၏။

၄။ ငါးပါးသီလကို လူမျိုးမရွေး၊ ဘာသာမရွေး စောင့်သုံးသင့်၏။ ခါးဝတ်လုံချီကဲ့သို့မြဲသင့်၏။

၅။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့၏အခြေခံ

တရားဖြစ်၏၊ ငါးပါးသီလ ပျက်စီးသောသူသည် ခြေကျိုးသောသူနှင့်တူ၏။ (လိုရာခရီးသို့ ရောက်အောင်မသွားနိုင်ချေ)

၆။ ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့၏နား၊ မျက်စိနှင့်တူ၏။ ငါးပါးသီလ ပျက်စီးသောသူသည် နား၊ မျက်စိ ချို့ယွင်းသောသူကဲ့သို့ ဆင်းရဲဒုက္ခ ရောက်တတ်၏။

၇။ ငါးပါးသီလကိုလူတိုင်းကိုယ်စီမြဲကြပါလျှင် မိုးလေ ဝသမှန်ကန်၍ သယံဇာတပစ္စည်း ပေါကြွယ်နိုင်၏။

၈။ ငါးပါးသီလကို လူတိုင်းကိုယ်စီစောင့်ထိန်းကြပါ လျှင် တရားရုံးများ၊ အချုပ်ထောင်များ ဘားစရာ ပင် မလိုပါ။

၉။ ငါးပါးသီလကို လူတိုင်းကိုယ်စီမြဲကြပါလျှင် ကမ္ဘာ ကြီးတခုလုံး ထာဝရငြိမ်းချမ်းနိုင်၏။

၁၀။ ငါးပါးသီလ ပျက်စီးသူသည် အသက်ရှင်လျက် သေသူမည်၏။ အမှိုက်သဖွယ် ဖွန့်ပစ်အပ်သူ မည်၏။ အပုပ်နံ့ထွက်သော အကောင်ပုပ်နှင့် တူ၏။ ခြေပြတ်၊ လက်ပြတ်၊ ဦးခေါင်းပြတ်သော သူနှင့်တူ၏။

၁၁။ ငါးပါးသီလ အကျိုးတရားများကို ဣတိဝုတ် အဋ္ဌကထာ နှင့် ခုဒ္ဒကပါဌ် အဋ္ဌကထာတို့တွင် အကျယ်တဝင့် ဖွင့်ပြထား၏။

၁၂။ မဟာသုဒဿနစကြာမင်းသည် လေးကျွန်း စကြာ ဝဠာ လှည့်လည်ကာဖြင့် ဤငါးပါးသီလတရား ကို စမ္မသတ်သဖွယ် ဟောဆို ညွှန်ပြ ဆုံးမလေ့ ရှိ၏။

၁၃။ တိကနိပါတ် ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံး ရှင်ဘုရင် မှ အနိမ့်ဆုံး ပြည့်တန်ဆာမအထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်၍ ကပ်ကြီးသုံးပါးမှ ကင်းလွတ်ကြ၏။

၁၄။ ဒသကနိပါတ် ဓမ္မပါလဇာတ်တွင် ငါးပါးသီလ မြဲသဖြင့် ဓမ္မပါလ တစ်မျိုးလုံး အသက်အရွယ် ငယ်ရွယ်စဉ် သေရိုးထုံးစံမရှိဘဲ သက်တမ်းစေ့နေ ကြရ၏။

၁၅။ ဧကနိပါတ် ကုလာဝကဇာတ်တွင် အိုးလုပ်သမ လေး သုဇိတာသည် ငါးပါးသီလမြဲသဖြင့် ရွှေ အတိပြီးသော သစ်သီးများကို ရရှိသည့်အပြင်

အသုရာမင်းကြီး၏သမီးပျိုဘဝ၌ သူမတူအောင် ချော‌မောလှပ၏။

၁၆။ မြောက်ကျွန်းသူမြောက်ကျွန်းသားတို့သည် ငါးပါး သီလမြဲသဖြင့် စား၊ ဝတ်၊ နေရေး မပူပင်ရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊ အနှစ် တထောင် သက်တမ်းစေ့ နေရခြင်း၊ သေလွန်ပြီး နောက် နတ်ပြည်သို့ရောက်ရခြင်း စသောအကျိုး များကို ခံစားရ၏။

၁၇။ ငါးပါးသီလကို မစောင့်ထိန်းလျှင် သေသောအခါ အပါယ်ဆင်းရဲကျရောက်တတ်၏။

၁၈။ ငါးပါးသီလကို စောင့်ထိန်းလျှင် သေသောအခါ နတ်ပြည်သို့ ရောက်နိုင်၏။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဂရုမွေ့ အမိန့်တော်ပြန်တမ်းကို ဆင်ပေါ်တင်၍ လေးပြင်လေးရပ် လှည့်လည်ပြီး ငါးပါးသီလ စောင့်ထိန်းကြရန် တိုင်းသူ ပြည်သားတို့အား နှိုးဆော်လေ့ရှိပါသည်။

(အမိန့်တော်ပြန်တမ်းကို သီးခြား ဖော်ပြထားပါသည်)

# ငါးပါးသီလ၏ အမည်ထူးများ

၁။ လူမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာတရား ဖြစ်သောကြောင့် **ဓမ္မတာသီလ**။

၂။ သူတော်ကောင်းတို့ အလေး ဂရုထား၍ ကျင့်သုံး အပ်သောကြောင့် **ဂရုဓမ္မသီလ**။

၃။ စကြာဝတေးမင်းတို့ ဓမ္မသတ်သဖွယ် ကျင့်သုံး အပ်သောကြောင့် **စက္ကဝတိဓမ္မသတ်**။

၄။ ကုရုတိုင်းနေ လူတို့ လိုက်နာကျင့်သုံးအပ်သော တရားဖြစ်၍ **ကုရုဓမ္မသီလ**။

၅။ အရေအတွက် ငါးပါးရှိသောကြောင့် **ပဉ္စသီလ**။

၆။ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် **ဂဟဋ္ဌသီလ**။

၇။ လူတို့ အမြဲနိစ္စ စောင့်သုံးအပ်သောကြောင့် **နိစ္စ သီလ**။

၈။ မြတ်စွာဘုရားကတားမြစ်အပ်သောကြောင့် **ဝါရိတ္တ သီလ**။

၉။ အရိယာ ပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သော

ကြောင့် **အရိယကန္တသီလ**။

၁၀။ ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးတိုက်သော
ကြောင့် **သိက္ခာပဒသီလ**။

မဇ္ဈတ္တာခမ်၊ ဂရုခမ်နှင့်၊
မဇ္ဈသတ်ချက်ချာ၊ စကြာစိုးပြု၊
ကုရုဓမ္မ၊ ဂဟဋ္ဌနှင့်၊
ငါးဝပဋ္ဌသီ၊ ဂုဏ်ရည်နိစ္စ၊
ဝါရိတ္တနှင့်၊ အရိယာကန်၊
ငါးတန်မယုတ်၊ သိက္ခာပုဒ်၊
သမုတ်ဤဆယ်မည်။

# ငါးပါးသီလ ကိုယ်ချင်းစာတရားများ

၁။ ကိုယ့်အသက်တော့၊ အသက်ထင်တာ၊
သူ့အသက်လည်း၊ အသက်ထင်မှာ၊
ကိုယ်ကျိုးသူကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာကြား တသက်တာ။

၂။ ကိုယ့်ပစ္စည်းတော့၊ ပစ္စည်းထင်တာ၊
သူ့ပစ္စည်းလည်း၊ ပစ္စည်းထင်မှာ၊
ကိုယ်ကျိုးသူကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာကြား တသက်တာ။

၃။ ကိုယ့်သမီးတော့၊ သမီးထင်တာ၊
သူ့သမီးလည်း၊ သမီးထင်မှာ၊
ကိုယ်ကျိုးသူကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာကြား တသက်တာ။

၄။ ကိုယ့်လိမ်ပြန်တော့၊ မခံချင်တာ၊
သူ့လိမ်ပြန်လည်း၊ မခံချင်မှာ၊
ကိုယ်ကျိုးသူကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာကြား တသက်တာ။

၅။ သူသောက်လိုက်တော့၊ ကိုယ်မကြိုက်တာ၊
ကိုယ်သောက်လိုက်လည်း၊ သူမကြိုက်မှာ၊
ကိုယ်ကျိုးသူကျိုး၊ နှစ်မျိုးကြည့်ပါ၊
ကိုယ်ချင်းများ၊ စာဩား တသက်တာ။

# ငါးပါးသီလ အပြစ်ပြလင်္ကာများ

၁။ ပါဏာတိပါတ်၊ သက်သတ်ဝဋ်ကြွေး၊
ဆိတ်ငယ်သေးလျက်၊ အမွေးအမျှ၊
ခေါင်းပြတ်ရရှင့်။

၂။ အဒိန္နာကံ၊ အနံငယ်နွမ်း၊
ပုဆိုးကြမ်းကြောင့်၊ ညစ်ညမ်းစင်စစ်၊
နတ်ဖြစ်လျက်ကဲ့၊ အဝတ်မဲ့၏။

၃။ နှုတ်ယွဲ့အလို၊ မုသားဆိုက၊
မြေမျိုခွေးစား၊ ကြီးမားလွန်ကဲ၊
ဥက္ကောင်းကွဲမျှ၊ လိမ့်လဲဟိန်းညည်း၊
လူးလည်းမတည်၊ ချာချာလည်၏။

၄။ သေရည်သောက်ကြူး၊ သည်းခြေဆူးသား
သူရူးအနှန့်၊ မဆုံးဆနှင့်၊
စိုးရလူကြီး၊ မချီးမြှောက်လို၊
ထင်းမီးတိုသို့၊ ထိုထိုဘဝ၊
ဖြစ် မလှဘူး။

၅။ ကာမယုတ်မာ၊ ကျင့်မိစ္ဆာကား၊
အဂ်ါချို့ယုတ်၊ ပဏ္ဍုတ်မိန်းမ၊
ဘသည့်ဖျင်း၊ မိဘရင်းလည်း၊
ချစ်ခြင်းကွာဝေး၊ သူမုန်းဆေးတည်း။

(မဃဒေဝလင်္ကာ ပုဒ်ရေ ၂၃၀)

ကျမ်းညွှန်း။ ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၉၁။
ဇာ၊ ဋ္ဌ၊ ၃၊ နှာ ၅၉။
အံ၊ ၃၊ ဒုစ္စရိတ ဝိပါကသုတ်၊ နှာ
ရ၈။
ပေတဝတ္ထု၊ ဋ္ဌ၊ ဒု၊ ၄၃။
ဇာ၊ ဋ္ဌ၊ ရ၊ နာရဒဇာတ်–၁၀၅။

# အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတ်တော်လာ ငါးပါးသီလ အကျိုးအပြစ် ကောက်နုတ်ချက် အဓိပ္ပါယ်အကျဉ်း

- ငါးပါးသီလ မလုံခြုံ၊ မစောင့်စည်းသောသူသည် ကြောက်ရွံ့သော သဘောသို့သက်ရောက်၏။
- ငါးပါးသီလ လုံခြုံအောင် စောင့်စည်းသောသူသည် ကြောက်ရွံ့မှုမရှိ၊ ရဲရင့်၏။

(သာရဇ္ဇသုတ်)

- ငါးပါးသီလ မလုံခြုံ၊ မစောင့်စည်းသောသူသည် အိမ်၌ ရဲရဲရင့်ရင့် မနေရ။
- ငါးပါးသီလ လုံခြုံအောင် စောင့်စည်းသောသူသည် အိမ်၌ ရဲရဲရင့်ရင့် နေဝံ့၏။ နေရဲ၏။

(ဝိသာရဒသုတ်)

- ငါးပါးသီလ မလုံခြုံ၊ မစောင့်စည်းသောသူသည် အပါယ်ငရဲ၌ ဖြစ်ရ၏။
- ငါးပါးသီလ လုံခြုံအောင် စောင့်စည်းသောသူ သည် နတ်ပြည်၌ ဖြစ်ရ၏။

(နိယရသုတ်)

- ငါးပါးသီလ မလုံခြုံ၊ မစောင့်စည်းသောသူကို ဘေးရန်ထူပြောသူ၊ ဒုဿီလပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ငါးပါးသီလ မလုံခြုံ၊ မစောင့်စည်းသောသူသည် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှု ဟူသော ဘေးရန်တို့နှင့် ကြုံတွေ့ရတတ်၏။ အပါယ်ငရဲသို့လည်း ကျရောက်တတ်၏။
- ငါးပါးသီလ လုံခြုံအောင် စောင့်စည်းသောသူကို ဘေးရန်ငြိမ်းအေးသူ၊ သီလဝန္တပုဂ္ဂိုလ် ဟုဆိုအပ်၏။ ငါးပါးသီလလုံခြုံအောင် စောင့်စည်းသောသူသည် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှု ဘေးရန်တို့မှ

ကင်းဝေးရ၏။ သုဂတိသို့လည်း လားရောက်ရ၏။

(အင်္ဂုတ္တရပါဠိတော်၊ ဒုတိယတွဲ၊ နှာ ၁၅၈/၁၈၀)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၈၃၁
ရက်စွဲ
သာသနာ့စာကြည့်တိုက်

# သိကြားမင်း ဩဝါဒ

၁။ ပါဏော န ဟန္တဗ္ဗော၊

၂။ အဒိန္နံ န အာဒါတဗ္ဗံ၊

၃။ ကာမေသုမိစ္ဆာ န စရိတဗ္ဗံ၊

၄။ မုသာ န ဘဏိတဗ္ဗာ၊

၅။ မဇ္ဇံ န ပါတဗ္ဗံ၊

ယထာ ဘုတ္တဥ္စ ဘုဉ္ဇထ။

(ဒီ၊ ၂၊ နှာ၊ ၁၄၁)

## မြန်မာပြန်

၁။ သူတစ်ပါးအသက်ကို မသတ်ပါနှင့်။

၂။ သူတစ်ပါးဥစ္စာကို မခိုးပါနှင့်။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ပါနှင့်။

၄။ မမှန်သောစကား လိမ်လည်ပြောဆိုမှု မပြုပါနှင့်။

၅။ မူးယစ်သေစာ မသောက်စားပါနှင့်။

တရားသဖြင့် ရအပ်သည်ကိုသာ သုံးဆောင်ပါ။

# သာသနာပြုလိုသော်

- ဗုဒ္ဓါနုဿတိ၊ ဘာဝနာရှိမှ၊ မိမိဘာသာ၊ သာသနာကို၊ ကောင်းစွာသိမြင်၊ စောင့်ရှောက်ချင်၏။
- စောင့်ချင်လာသော်၊ ကြောင်းကျိုးမျှော်က၊ ယခုကာလ၊ ပကာသနနှင့်၊ ဒါနစုစု၊ ကုန်ကျမှုကို၊ အပြဘက်မှာ၊ မရောက်လာဘဲ၊ ဖျက်ရာသို့ပင်၊ အများဝင်၏။
- သို့စင်သာသနာ၊ ပြုလိုပါမူ၊ ပကာသန၊ မပါကြဘဲ၊ ဒါနစုစု၊ ကောင်းအောင်ပြုလော့၊ တခုဒါန၊ ပါရုံမျှဖြင့်၊ သံသရာကြီး၊ လမ်းခရီးကား၊ ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး။
- သီလအကျင့်၊ လုံအောင်ကျင့်လျက်၊ အသင့်မေတ္တာ၊ ကရုဏာနှင့်၊ သစ္စာခန္တီ၊ စိတ်လည်းရှည်၍၊ ကိုယ်စီစိတ်မူ၊ ဖြောင့်အောင်ပြုမှ၊ ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။
- အကောင်းဖုံဖုံ၊ အကုန်စုံလျှင်၊ ပြည်ဘုံအမတ၊ နိဗ္ဗာနကိုရဖို့အကြောင်း၊ ဆုမတောင်းလည်း၊ ခေမာမြို့ကား၊ ငါတို့တွက်တာ၊ အနီးမှာတည်း။
- မှန်စွာလမ်းစဉ်၊ ဤသို့မြင်၍၊ လူရှင်များစု၊ သာသနာပြုဖို့၊ ယခုနောက်နှောင်း၊ အချိန်ကောင်းသဖြင့်၊ စုပေါင်းသေချာ၊ စီရင်ပါသည်။
- ဗုဒ္ဓါနုဿတိ - နုဿတိ။

(အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ)